မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၅)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
# Irkutsk Aviation Plant နှင့် Irkutsk မြို့အတွင်း ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ **Irkutsk** မြို့အတွင်းရှိ အထင်ကရနေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဧပြီ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Irkutsk Aviation Plant ၌ လေယာဉ်များ ထုတ်လုပ်နေမှုအခြေအနေများကို သွား ရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk Aviation Plant သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် Irkutsk Aviation Plant ညွှန်ကြားရေးမှူးချုပ်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ တတိယ (၁) နှစ်တာဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ထူးခြားသည့် နေ့အပူချိန်များ**

၂၂-၄-၂၀၁၉

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

စာ » ၈

## ယူကရိန်းသမ္မတ ရွေးကောက်ပွဲတွင် မစ္စတာဇီလန်စကီး အနိုင်ရ

စာ » ၁၄



# ဂွမြို့၌ ဆင္ဃမအကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**ဂွ မေ ၂၂**

ရခိုင်ပြည်နယ် ဂွမြို့ထာဝရမေတ္တာသံဃဒါန ဆွမ်းလောင်းအသင်းက ဦးဆောင်၍ ဆင္ဃမအကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့၊ ပုဂ္ဂလိကအလှူရှင်များနှင့် အခြားအလှူရှင်များက ဆန်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခြင်းကို မေ ၂၀ ရက်က မြို့ပေါ်သုံးရပ်ကွက်အတွင်း ကျင်းပခဲ့သည်။

နန္ဒရုံသီကင်းရုံးကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးရေဝတနှင့် မြို့မရပ်ကွက် သဒ္ဓမ္မမေဒနီကျောင်းမှ သံဃာ့နာယကဥက္ကဋ္ဌဆရာတော် ဦးသုစိတ္တဓမ္မ ဦးစီးသည့် သံဃနာယကအဖွဲ့ဝင် သံဃာတော်များနှင့် ရပ်ကွက်ကျေးရွာမှ ရဟန်းသံဃာတော် အပါး ၂၂၀ တို့ကို ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဝင်း၊ မြို့နယ်စခန်းမှူး ဒုရဲမှူး သက်စိုးတို့ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုတို့က ကောက်ငယ်ဆန်အိတ်လေးအိတ် တန်ဖိုးငွေကျပ် ၁၁၄၀၀၀၊ အချိုရည်နှင့် သောက်ရေသန့် တန်ဖိုးငွေကျပ် ၁၂၂၄၀၀ တို့ကို လှူဒါန်းခဲ့ကြပြီး ထာဝရမေတ္တာ သံဃဒါနဆွမ်းလောင်းအသင်းနှင့် တစ်သီးပုဂ္ဂလအလှူရှင်များက ကောက်ငယ်ဆန်အိတ် ၁၇၄ အိတ် တန်ဖိုးငွေကျပ် ၄၉၅၉၀၀၀ တို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။



ဆင္ဃမအကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲသို့ သံဃာတော်များ ကြွရောက်အလှူခံစဉ်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ်များထောက်ပံ့



တိုက်ပွဲရှောင်ပြည်သူများထံသို့ ပြည်နယ်အစိုးရက ဆန်အိတ်များ လှူဒါန်းပေးနေစဉ်။

**မိုးညှင်း မေ ၂၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မိုးညှင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က အောင်သပြေရပ်ကွက်ရှိ စိန့်ပက်ထရိတ်ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်း တက်ရောက်ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြမာလာစိုးက ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သည့် ဘုရားကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင်မိသားစု ၁၂ စုအတွက် ဆန်အိတ် ၁၂ အိတ်ကို လည်းကောင်း၊ နန့်မွန်းတိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု၂၁ စု အတွက် ဆန်အိတ်၂၁ အိတ်ကိုလည်းကောင်း ပြည်နယ်လူမှုရေးဝန်ကြီးနှင့် မိုးညှင်းမြို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကပေးအပ်ရာ စခန်းတာဝန်ခံများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက်အတွင်း အုတ်ကျင်းတိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စုတစ်စုလျှင် ဆန်အိတ်တစ်အိတ်နှုန်းဖြင့် အိမ်ထောင်စု ၂၀ အတွက် ဆန်အိတ်၂၀ ကိုလည်း ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက စခန်းအရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ထွေး (ပြန်/ဆက်)**

# ရေဦးတွင် နှမ်းနှင့် မိုးမြေပဲ ပျက်စီးခဲ့မှုအပေါ် သီးနှံထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲ ကျင်းပ

**ရေဦး မေ ၂၂**

၂၀၁၈ ခုနှစ် ဇွန်လအတွင်းက မိုးရွာသွန်းခဲ့မှုကြောင့် နှမ်းနှင့် မိုးမြေပဲများ ပျက်စီးခဲ့မှုအပေါ် သီးနှံထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဉာဏ်ဝင်း၊ ဒုရဲမှူး သိန်းဝင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးလျှန်ရှင်းခုပ်၊ စီမံကိန်းဦးစီးမှူး ဒေါ်မြတ်သူဇာထွန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေနှင့် ဖိတ်ကြားထားသောတောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်တာဝန်ရှိသူများက မကျီးတောကျေးရွာအုပ်စု တောင်သူ ဦးတင်မောင်ဝင်း၏ နှမ်း ၂၅ ကေပျက်စီးခဲ့မှုအတွက် သီးနှံထောက်ပံ့ကြေးငွေ ၁၂၅၀၀၀၀၊ ညောင်လည်ကျေးရွာအုပ်စုမှ မိုးမြေပဲစိုက်တောင်သူ ခုနစ်ဦး ပျက်စီးကေ ၁၁ ကေအတွက် တစ်ကေလျှင် သုံးသောင်းနှုန်းဖြင့် သီးနှံထောက်ပံ့ကြေးငွေကျပ် ၃၃၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**



မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် သီးနှံများအတွက် လျော်ကြေးပေးအပ်နေစဉ်။

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**တောင်ကုတ် မေ ၂၂**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်၏ ကြီးကြပ်မှုဖြင့် ရွာမနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မှန်စီတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရဲအုပ်ကျော်ဇော်လင်းက ကျေးရွာအတွင်း မှုခင်းများမဖြစ်ပေါ်စေရေး၊ မူးယစ်ဆေးဝါးများ မသုံးစွဲရေးနှင့် လူကုန်ကူးခံရမှု မဖြစ်ပေါ်စေရေး ဟောပြောခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေ ပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာ့အလင်း

# စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်အားထုတ်

"ကျွန်တော်တို့ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွင်းလိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေရဲ့စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"

၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲတွင် ပြောကြားခဲ့သော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းမှ အထက်ပါကောက်နုတ်ချက်တွင် ကြိုးနီစနစ်၊ အဂတိလိုက်စားမှုနှင့် စာရိတ္တမဏ္ဍိုင်တို့၏ အဆက်အစပ်ကို ဖော်ညွှန်းလျက်ရှိသည်။ အဂတိလိုက်စားမှုများ လိုက်စားနေသည့် လူ့အဖွဲ့အစည်းသည် စာရိတ္တမဏ္ဍိုင် ယိုင်နဲ့ယိုယွင်းနေသည့် လူ့အဖွဲ့အစည်းပင်ဖြစ်သည့်အလျောက် အဂတိလိုက်စားမှုများကို သုတ်သင်ဖယ်ရှားရှင်းလင်းသွားနိုင်မှသာ မိမိတို့လူ့အဖွဲ့အစည်း၏ စာရိတ္တမဏ္ဍိုင်ကို တည့်မတ်သွားနိုင်မှာဖြစ်သည်။

စာရိတ္တဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်သည့်အလျောက် လူ့အဖွဲ့အစည်းအတွင်းမှ လူတစ်ဦးချင်းစီတို့ ကိုယ်ကျင့်တရားကောင်းမွန် မြင့်မားလာမှသာ အဆိုပါ လူ့အဖွဲ့အစည်းသည်လည်း စာရိတ္တမဏ္ဍိုင် မြင့်မားခိုင်မာသည့် လူ့အဖွဲ့အစည်းဟူ၍ ဆိုနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် မိမိတို့၏ မြန်မာ့လူ့အဖွဲ့အစည်းမှာ သမိုင်းစဉ်တစ်လျှောက်လုံးတွင် စာရိတ္တမဏ္ဍိုင်မြင့်မားခဲ့သော၊ ခိုင်မာမြဲမြံခဲ့သော လူ့အဖွဲ့အစည်းဖြစ်သည်။ မကောင်းမှုဟူသမျှ ရှောင်ကြဉ်ရန်၊ ကောင်းမှုမှန်သမျှ ပြုလုပ်ကြရန်၊ စိတ်နှလုံးကို ဖြူစင်စွာထားရှိရန် ဘာသာရေးကလည်း အဆုံးအမပြုထားသည်။ မတရားရယူပိုင်ဆိုင်လိုသည့် လောဘ၊ မေတ္တာတရားခေါင်းပါးကာ သူတစ်ပါး၏ အကျိုးမဲ့ကိုသာ လိုလားသည့် ဒေါသ၊ ဆင်ခြင်တုံတရားခေါင်းပါးသည့် မောဟတို့ကို ရှောင်ကြဉ်ကာ ဘဝဖြစ်တည်မှုအပေါ်တွင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းဆင်ခြင်ပြီး နေ့စဉ်ဘဝများကို ရှင်သန်ဖြတ်သန်းကြခြင်း ဖြစ်သည့်အလျောက် လူ့အဖွဲ့အစည်းအတွင်း အေးချမ်းငြိမ်သက်မှုများဖြင့် ငြိမ်းချမ်းခဲ့သည့်၊ သာယာဝပြောခဲ့သော ခေတ်ကာလများလည်း ရှိခဲ့သည်သာပင်။ သို့ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ တည်းဟူသော အလိုဆန္ဒ၊ အမျက်ဒေါသ၊ အကြောက်တရားနှင့် မသိခေါင်းပါးခြင်းအကြောင်းများကြောင့် မလိုက်စားသင့်သော အဂတိတရားတို့ကို လိုက်စားမှုများမှာ ခေတ်တိုင်း၊ ကာလတိုင်းတို့တွင် အနည်းနှင့်အများဆိုသလို ရှိခဲ့ကြောင်းကိုလည်း စာပေမှတ်တမ်းများအရ သိရှိရသည်။ မကောင်းမှုပြုရမည်ကိုလည်းကောင်း၊ မမှန်စကားပြောရမည်ကိုလည်းကောင်း မရှက်မကြောက်တော့ဘဲ ဟီရိသြတ္တပ္ပတရားတို့ကိုပြတင်းပေါက်မှ လွှင့်ပစ်ကာ ဌာန၏ အောက်ဆုံးအဆင့်ဝန်ထမ်းမှသည် ဌာနအကြီးအမှူး အဆင့်အထိ တညီတညွတ်တည်း အဂတိလိုက်စားဖောက်ပြားခဲ့ကြရာမှ မကောင်းမှုဟူသည် ကြာရှည်မတည်မြဲလေ့ရှိသည့်အတိုင်း နောင်တစ်ချိန်တွင် အထုပ်နှင့်အထည်နှင့် ပေါ်လာခဲ့သည့်အခါ သက်ဆိုင်သူတို့ ပြစ်ဒဏ်ခံကြရသည့်အပြင် ဌာနသည်လည်း သိက္ခာကျစရာဖြစ်ရသည့် သာဓကတို့လည်း ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသူ နိုင်ငံသားတို့၏ စာရိတ္တမဏ္ဍိုင် ခိုင်မာရေးဆီ ဦးတည်လျက်ရှိနေပြီဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရဝန်ထမ်းများဖြစ်သကဲ့သို့ ပြည်သူ့ဝန်ထမ်းများလည်း ဖြစ်ကြသည်။ ဝန်ထမ်းတိုင်းသည် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိသလို ဝန်ထမ်းကျင့်ဝတ်များကိုလည်း စောင့်ထိန်းကြရမည်ဖြစ်သည်။ ဝန်ထမ်းကျင့်ဝတ် (၁၅) ချက်တွင်ပါရှိသည့် ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရမည်။ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်။ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရမည်။ တရားသဖြင့် ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာခြင်းကို ရှောင်ကြဉ်ရမည်ဟူသော အချက်များကို အလေးအနက်ထား စောင့်ထိန်းခြင်းအားဖြင့် ပြည်သူ့ဝန်ထမ်းကောင်းပီသစွာ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ၅ မှုကို စီရင်ချက်ချမှတ်၊ ၅ မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ၅ မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ၅ မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက လေယာဉ်များ ထုတ်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လေယာဉ်များတပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ သည် Irkutsk မြို့အတွင်းရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၉/၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၉/၂၀၁၉) ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယအထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုတယ်များ အဆင့်အတန်းမြင့်မားစေရေးနှင့် ဝန်ဆောင်မှု အရည်အသွေးတိုးတက်ရေးအတွက် ဆွေးနွေး

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရှိ ဟိုတယ်များ အဆင့်အတန်းမြင့်မားစေရေးနှင့် ဝန်ဆောင်မှုအရည်အသွေး ပိုမိုတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ Novotel Yangon Max ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**




ဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က "ဟိုတယ်များ ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားအောင်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ယခုကဲ့သို့ UNWTO နှင့် နိုင်ငံတကာမှ ပညာရှင်များ ဖိတ်ခေါ်ကာ ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ဟိုတယ်များ အဆင့်အတန်းနှင့် အရည်အသွေးလိုအပ်ချက်များရှိပါက အကြံပြုပေးပါရန် မှာကြားထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေအရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း လုပ်ပိုင်ခွင့်များပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ခရီးသွားလာရေးကိစ္စရပ်များကို လွယ်ကူကောင်းမွန်စေရန် အချိန်တိုတိုအတွင်း လုပ်ငန်းများ ပြီးမြောက်အောင် ဥပဒေအသစ်တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ဝန်ကြီးဌာနသည် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း ဖြစ်စေရေး၊ ဝန်ဆောင်မှု ကောင်းမွန်စေရေး၊ Human Resource Development အတွက် HR သင်တန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနက လိုအပ်သည့်မူဝါဒနှင့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် ဟိုတယ်လုပ်ငန်းများအတွက် လိုအပ်သည့် အရည်အသွေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသွားမည်ဖြစ်သဖြင့် အကျိုးရှိသည့်ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်က ယခုကဲ့သို့ နိုင်ငံတကာမှပညာရှင်များ ဖိတ်ခေါ်ကာ မြန်မာနိုင်ငံရှိ ဟိုတယ်များ ဝန်ဆောင်မှုအရည်အသွေးတိုးတက်စေရေး ဆောင်ရွက်ပေးသည့်အတွက် ဝန်ကြီးဌာနကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးပွဲ ဖြစ်ပေါ်လာခြင်းနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကျွမ်းကျင်ပညာရှင် ဂရိနိုင်ငံသား Dr. Dimitris Koutoulas က ဟိုတယ်များ၏ အရည်အသွေးမြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်-အင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။**

သတင်းစဉ်

# တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှုအခြေအနေ သုတေသနဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှုအခြေအနေ သုတေသနဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

**နေပြည်တော် မေ ၂၂**

တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှုအခြေအနေ သုတေသနဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် မြို့နယ် ပညာရေးမှူးများ၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင်များ၊ ယူနီဆက်မြန်မာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေး ဥပဒေ၌ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကိုတန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်ဟူ၍ အမျိုးသားပညာရေး ရည်မှန်းချက်များကို ပြဋ္ဌာန်းဖော်ပြထားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲလျက်ရှိသော ဒေသသင်ရိုး(Local Curriculum)ဖြင့် တိုင်းရင်းသား ဘာသာစကား ၅၄ မျိုးကို ပထမတန်း(Grade-1)၊ ဒုတိယတန်း (Grade-2)၊ တတိယတန်း(Grade-3)တို့၌ သင်ကြားသင်ယူလျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင်လည်း စတုတ္ထတန်းမှ နဝမတန်းအထိတွင် ဒေသနှင့်လိုက်လျောညီထွေရှိသော ပထဝီ၊ သမိုင်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများကို လည်းကောင်း၊ အထက်တန်းအဆင့်တွင် ICT နှင့် အကြိုသက်မွေးပညာများကို လည်းကောင်း သတ်မှတ်နိုင်ရန် အဆိုပြုထားပါကြောင်း၊ တိုင်းရင်းသား ဘာသာစကား သင်ကြားသင်ယူမှုကို ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုအခွင့်အလမ်းမြင့်မားရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာသင်ခန်းတွင်း တိုင်းရင်းသားပေါင်းစုံပါဝင်သည့်အခါ အားလုံးအတွက် မျှတသောသင်ယူမှုအခွင့်အလမ်းရရှိရေး ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားလုံး ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ရေး၊ ပြောဆိုဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားကို သင်ယူတတ်မြောက် ကျွမ်းကျင်ရန်လည်း အရေးကြီးပါကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်အကဲဖြတ်ပြီး ပိုမိုထိရောက်အောင်မြင်နိုင်ရေး ဆက်လက်အားပေးမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကားသင် အခြေခံပညာကျောင်း ၁၂၂၄၈ ကျောင်း၌ တိုင်းရင်းသား ဘာသာစကား ၅၄ မျိုးကို သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားစာပေသင်ကြားပေးသူ ဆရာ ဆရာမနှင့် ပြင်ပပုဂ္ဂိုလ် ၂၇၈၃ ဦးအား ထောက်ပံ့ကြေးများ ချီးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် နေ့စားလပေး သင်ကြားရေးအထောက်အကူပြု (Teaching Assistants) ဆရာ ဆရာမ ၅၁၆၁ ဦး ခန့်ထားပေးခဲ့ပါကြောင်း၊ ယခုနှစ် ကျောင်းဖွင့်အမီ (Teaching Assistants) ဆရာ ဆရာမများ ထပ်မံခန့်ထားနိုင်ရေး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာစကား သင်ကြားပေးနေသော အခြေခံပညာ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းသော ပြင်ပ ဆရာ ဆရာမများကို ဘာသာစကားသင်ဆရာဆရာမ (Language Teacher) များအဖြစ် လစဉ် တစ်လလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် အခြေခံပညာဦးစီးဌာနက ထောက်ပံ့ချီးမြှင့်လျက်ရှိပါကြောင်း၊ ဘွဲ့ရရှိပြီးသည့် Teaching Assistants အဖြစ် ခန့်ထားခံရသူများအား ပညာရေးကောလိပ်တွင် မူလတန်းပြ စာပေးစာယူသင်တန်း တက်ရောက်ပြီး အောင်မြင်ပါက မူလတန်းပြ ဆရာ ဆရာမ (PTA) များအဖြစ် ခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

**အားပေးမြှင့်တင်ရန် အရေးကြီး**

နိုင်ငံတကာသုံးဘာသာစကားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်း အားပေးမြှင့်တင်ရန် အရေးကြီးပါကြောင်းနှင့် တိုင်းရင်းသားကလေးငယ်များအား အနာဂတ်ကမ္ဘာကြီး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လူသားကောင်းများ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများအနေဖြင့် ပြည်ထောင်စု တစ်ဝန်းရှိ တိုင်းရင်းသား ကျောင်းသားလူငယ်များအားလုံး တိုင်းရင်းသားဘာသာ စကား တတ်မြောက်အောင် သင်ကြားပေးပြီး မိမိတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို တန်ဖိုးထားတတ်သည့်စိတ်ဓာတ်များ ကိန်းအောင်းလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံနှင့် မိမိနေထိုင်သည့် ကမ္ဘာကြီးအကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်ရင့်ကျက်ပြီး မိမိနိုင်ငံသုံး မြန်မာဘာသာစကား၊ ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားနှင့် အိုင်စီတီ နည်းပညာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က သုတေသနဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ဆွေးနွေးပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြကြောင်း သိရသည်။ **သတင်းစဉ်**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်)၌ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၃၂၂/ ၁၈) ဗေယျတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၂ ရက်က ကျင်းပရာ အမှတ်(၂) ရဲလေ့ကျင့်ရေး ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး နေမျိုးက ထူးချွန်ဆုရ သင်တန်းသား တစ်ဦးအား ဆုချီးမြှင့်စဉ်။**

ခရိုင်(ပြန်/ဆက်)



## ပထမအကြိမ် တရားဝင်တင်သွင်း၊ ထုတ်လုပ်သော ဆေးနှင့်ဆေးပစ္စည်း ဈေးပွဲတော်ကျင်းပမည်

**နေပြည်တော် မေ ၂၂**

ပထမအကြိမ် တရားဝင်တင်သွင်း၊ ထုတ်လုပ်သော ဆေးနှင့်ဆေးပစ္စည်း ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးပွဲတော်ကို မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ကြောင်း အသင်းအလုပ်အမှုဆောင်အဖွဲ့မှ သိရသည်။

**မောင်လူမော်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးသံမှူးများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ပြန်လည်မေးမြန်း ဆွေးနွေး**

တွေ့ဆုံစဉ် သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍများ၏ ရေရှည်ရည်မှန်းချက်များတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဥရောပဈေးကွက်အပါအဝင် နိုင်ငံတကာဈေးကွက်၌ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် Forest Law Enforcement, Governance and Trade - FLEGT လုပ်ငန်းစဉ်များ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းများမှ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများက သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် The World Bank Group ၏ Global Director Mr. Alfonso Garcia Mora နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ




**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် The World Bank Group ၏ Finance, Competitiveness and Innovation မှ Global Director Mr. Alfonso Garcia Mora နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် The World Bank Group ၏ Finance, Competitiveness and Innovation မှ Global Director Mr. Alfonso Garcia Mora နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် လက်ရှိ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါကဏ္ဍများ၌ ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာအကူအညီများ ဆက်လက်အကူအညီပေးရေးဆိုင်ရာကိစ္စနှင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion) ဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ရခိုင်ပြည်နယ် စစ်တွေခရိုင် တတိယတန်း(Grade-3) သင်ရိုးသစ် ခရိုင်အဆင့် နည်းပြသင်တန်း အလုပ်ရုံဆွေးနွေး

**စစ်တွေ ဧပြီ ၂၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ရခိုင်ပြည်နယ် စစ်တွေခရိုင် တတိယတန်း (Grade-3) သင်ရိုးသစ် ခရိုင်အဆင့် နည်းပြသင်တန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ မဟာပညာကျော်ခန်းမ၌ ယနေ့ နံနက် ၈နာရီခွဲက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်ဒုတိယ ညွှန်ကြားရေးမှူး ဆရာကြီး ဦးစိန်ထွန်းလှက အမှာစကားပြောကြားပြီး စစ်တွေခရိုင်ပညာရေးမှူး ဆရာကြီး ဦးကြည်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်သန်းအေးတို့က သင်တန်းနှင့်ပတ်သက်၍ အလေးအနက်ထားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အ.ထ.က(၄) စစ်တွေမှ ကျောင်းအုပ်ဆရာကြီးက သင်တန်းတက်ရောက်လာကြသည့် ခရိုင်အတွင်းမှ ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ခရိုင်ပညာရေးမှူး ဆရာကြီး ဦးကြည်လွင်က "ပညာရေးဌာနရဲ့ ပြောင်းလဲမှုတစ်ခုဖြစ်တဲ့ KG+12 စနစ်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ဒီသင်တန်းကို ဖွင့်လှစ်တာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးစနစ် မြင့်မားလာစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ Grade-3 နဲ့ Grade-6 အတန်းတွေကို ဒီနှစ်သင်ရိုးသစ်စနစ်နဲ့ စတင်သင်ကြားမှာ ဖြစ်ပါတယ်။ ထူးခြားတာက သင်ရိုးသစ်တွေမှာ ကလေးတွေကိုယ်တိုင် ဉာဏ်ရည်ဉာဏ်သွေးတွေနဲ့ ပါဝင်ဆောင်ရွက်ရမယ့် သင်ခန်းစာတွေပါပါတယ်။ ဒီသင်တန်းတွေကနေ ပို့ချခဲ့တဲ့ဘာသာရပ်တွေကို ထိရောက်စွာ ပြန်လည်သင်ကြားပေးရမှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်နဲ့ သင်ထောက်ကူပစ္စည်းတွေလည်း အပြည့်အစုံရရှိပြီ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



ယခုဆွေးနွေးပွဲတွင် သင်တန်းနည်းပြ ၃၂ ဦးနှင့် ဆရာ ဆရာမ ၃၃၁ ဦးတို့က သင်ရိုးသစ်ပညာရေးစနစ်ကို ဧပြီ ၂၂ရက်မှ မေ ၈ ရက်အတွင်း နံနက် ၉နာရီမှ ၄နာရီအထိ ဆွေးနွေးကြမည်ဖြစ်ကာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး Grade-6 သင်ရိုးသစ် ခရိုင်အဆင့် နည်းပြသင်တန်းအလုပ်ရုံဆွေးနွေးပွဲကို မေလတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း၊ အောင်ကျော်ဦး**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၂**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်ခန့်သာ ရှိခဲ့သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အပူဒဏ်အန္တရာယ် သိမှတ်ဖွယ်ရာအဖြာဖြာ (အပိုင်း ၂)

**ပါမောက္ခ - ခင်မောင်ဝင်း (အသည်း)**

အပူဒဏ်ကာကွယ်နည်းတွေနဲ့ပတ်သက်လို့ အညာဓလေ့မြန်မာနည်းစနစ်တွေ ဘယ်လိုမှန်တယ်ဆိုတာ ရှင်းမပြခင်မှာ ပထမဆုံးအနေနဲ့ လူတစ်ယောက်ရဲ့ကိုယ်ထဲက အပူတွေကို အပြင်ကိုဘယ်လိုနည်းတွေနဲ့ ထုတ်ပစ်နေတယ်ဆိုတာ သိပ္ပံနည်းကျ ပြောပြချင်ပါတယ်။

လူတွေမှာ နေ့စဉ်လှုပ်ရှားလို့ အစာစားလို့ ဆဲလ်တွေထဲမှာ မက်တာဘော်လစ်ဆင်ဓာတ်ပြုမှုတွေဖြစ်ပြီး အပူတွေထွက်နေပါတယ်။ ကိုယ်ခန္ဓာမလှုပ်ရှားဘဲ ထိုင်နေနေ၊ အိပ်နေနေ၊ လူ့ကိုယ်ထဲမှာရှိတဲ့ ဆဲလ်တွေ လူတစ်ယောက် အသက်ရှင်သန်နေဖို့တာဝန်တွေဆောင်ရွက်နေရပြီး လူတွေမှာအလိုလိုနေရင်း ကိုယ်ထဲကအပူဓာတ်တွေဟာ ထွက်နေပါတယ်။ တအားပြင်းပြင်းထန်ထန်လှုပ်ရှားလေ အပူတွေ ပိုထွက်လေပါပဲ။

ဒါပေမယ့်လို့ လူ့ကိုယ်ထဲက ဆဲလ်တွေအတွက် အသင့်တော်ဆုံး အပူချိန်ကို ရှိနေအောင် ထိန်းဖို့ ထွက်သမျှပိုတဲ့ထဲက အပူတွေကို ကိုယ်ခန္ဓာက အမြဲထုတ်ပစ်နေရပြီး လူတစ်ယောက်အပူချိန်ကို ပုံမှန်ဖြစ်အောင် ထိန်းထားရပါတယ်။ သာမန်လူတစ်ယောက်ရဲ့ပုံမှန် အပူချိန်ကို ပြောရရင် ၉၈ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်သို့မဟုတ် ၃၇ဒီဂရီစင်တီဂရိတ်မှာ ရှိနေအောင် ထိန်းထားရပါတယ်။

ခန္ဓာကိုယ်ထဲမှာ သိပ်ပြီးအပူတွေများသွားရင် ဥပမာ ၁၀၇ ဒီဂရီ ဖာရင်ဟိုက်သို့မဟုတ် ၄၂ ဒီဂရီစင်တီဂရိတ်လောက်အထိ တက်သွားမယ်ဆိုရင် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ၊ လူတစ်ကိုယ်လုံးမှာရှိတဲ့ ဆဲလ်တွေဟာ အလုပ်မလုပ်နိုင်တော့ပဲ အဲဒီလူဟာ သေသွားပါလိမ့်မယ်။ အဲဒီလိုဆိုရင် ပုံမှန်အပူချိန်ကိုထိန်းထားဖို့ ကိုယ်ထဲက




တောက်လျှောက်ထွက်နေတဲ့ အပူတွေကို ဘယ်လိုထုတ်ပစ်နေသလဲဆိုတာ ပြောပြပါမယ်။

**အပူတွေကိုယ်ထဲက အပြင်ထုတ်တဲ့နည်းက အဓိကသုံးမျိုးရှိပါတယ်။**

တိုက်ရိုက်အထိအတွေ့က နေအပူထုတ်တဲ့နည်း (Conduction)၊ ဥပမာ ရေခဲတုံးနဲ့ထိလို့ အရေပြားထဲကအပူဟာ ရေခဲတုံးထဲကို စီးဝင်သွားတာလိုဟာ မျိုးပေါ့။ သိပ်ထိရောက်တဲ့ အပူထုတ်နည်းမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ထိတဲ့နေရာကွက်ကွက်လေးထဲကပဲ အပူထွက်သွားတာက နည်းနည်းလေးပဲ။

နောက်တစ်နည်းကတော့ လေကနေတစ်ဆင့် အပူအသွင်းအထုတ်လုပ်တာ (Convection) လို့ခေါ်ပါတယ်။ ပန်ကာဖွင့်ထားရင် ပန်ကာလေကတစ်ဆင့် ကိုယ်ထဲက အပူထွက်သွားတာမျိုးပေါ့။ ဒီနည်းကလည်း နည်းနည်းပါးပါးပဲ ကိုယ်ထဲက အပူထုတ်ပေးနိုင်တယ်။ ဒါပေမယ့် ကြောက်စရာကောင်းတာကတော့ ပြင်ပအပူချိန်က ကိုယ်ခန္ဓာထက် မြင့်နေရင် ဥပမာပြင်ပအပူချိန်က ၄၂ဒီဂရီစင်တီဂရိတ်၊ ခန္ဓာကိုယ်က ၃၇ ဒီဂရီစင်တီဂရိတ် ဆိုရင် ပန်ကာလေက ပြင်ပကအပူတွေကို ခန္ဓာကိုယ်ထဲကို Convection နည်းနဲ့ ဝင်အောင်လုပ်မှာပါ။ အဲဒီတော့ လူ့ခန္ဓာကိုယ်အပူချိန်တွေ ပိုတက်ကုန်မှာပေါ့။ အဲဒါဟာ နွေရာသီတအားပူနေတဲ့ အချိန်မှာ ပန်ကာလေရဲ့ ကြောက်စရာအန္တရာယ်ပါ။

အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံး ကိုယ်ထဲကအပူထုတ်နည်းကတော့ အရေပြားပေါ်မှာရှိတဲ့ ချွေးစက်ကလေးတွေ အငွေ့ပျံပြီး ငွေ့ပျံအောင်းပူလို့ခေါ်တဲ့ (Latent heat of evaporation) ပါ။ ကိုယ်ထဲမှာအောင်းနေတဲ့ အပူတွေကို ချွေးတွေ အငွေ့ပျံပြီး စွန့်ထုတ်ပစ်တဲ့နည်းပဲ။ ချွေးအငွေ့ပျံကနေ အပူထုတ်တဲ့နည်းဟာ ကိုယ်ခန္ဓာထဲကပိုနေတဲ့ အပူဓာတ်တွေ စွန့်ထုတ်ရာမှာ အသုံးအကျဆုံးနဲ့ မရှိမဖြစ်နည်းတစ်ခုဖြစ်တယ်လို့ သိပ္ပံနည်းကျဆေးပညာကဆိုတယ်။ ဒါကြောင့် လူတွေမှာ ချွေးဆိုတာရှိနေပြီး ချွေးစက်ကလေးတွေ သူ့ဘာသာအငွေ့ပျံပြီးခြောက်သွားရမယ်။ အပူထုတ်ဖို့ အဓိကသော့ချက်ကတော့ ချွေးထွက်ဖို့၊ ချွေးအငွေ့ပျံသွားဖို့ပါ။ အဲဒီတော့မှသာ ချွေးငုပ်မသွားဘဲ ချွေးအငွေ့ပျံသွားဖို့လို့ ဆိုလိုတာဖြစ်တယ်။

အဲဒီလိုနည်းစနစ်တွေနဲ့ ကိုယ်ထဲမှာထွက်နေတဲ့ အပူတွေကို ထုတ်ပစ်ပြီးလူ့ခန္ဓာကိုယ်ရဲ့ ပုံမှန်အပူချိန်ကို ထိန်းထားမှသာ ခန္ဓာကိုယ်အစိတ် အပိုင်းတွေ၊ ဆဲလ်တွေ ပုံမှန်လည်ပတ်နိုင်ပြီး လူတစ်ယောက်ဟာ အသက်ရှင်နေနိုင်ပါမယ်။

အထက်ကဆွေးနွေးခဲ့တာတွေကို ပြန်စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့မြန်မာအညာဓလေ့ရိုးရာ အပူဒဏ်ကာကွယ်တဲ့နည်းတွေမှာ အဓိကယူဆချက်၊ ခံယူချက်ဖြစ်တဲ့ ချွေးဟာအရေးကြီးဆုံးပဲဆိုတာဟာ သိပ္ပံနည်းကျအယူအဆနဲ့ကိုက်နေ၊ မှန်နေတာပေါ့။ မြန်မာအယူအဆ ချွေးစိုစိုလေးထွက်နေဖို့၊ ချွေးမတိတ်ဖို့၊ ချွေးမငုပ်ဖို့ဆိုတာဟာ အပူလျှပ် (Heat Stroke) အန္တရာယ်က ကာကွယ်ဖို့အထူးအရေးကြီးပါတယ်ဆိုတာ သိပ်ကိုမှန်နေတာပေါ့။

ရေခဲနဲ့ ရေချိုးတာနဲ့ပတ်သက်တဲ့ မြန်မာအယူအဆတွေမှန် မမှန်ဆိုတာကို တစ်ဆက်တည်း စဉ်းစားကြည့်ရအောင်။ အညာအယူက နေပူပူထဲကပြန်လာရင် ဘယ်တော့မှ ရုတ်တရက်ရေမချိုးရ၊ ရေခဲရေ မသောက်ရဆိုတာတွေ မှန်သလား။ မှန်တာပေါ့။ အအေးဓာတ်နဲ့ ရုတ်တရက်တွေ့လိုက်ရင် အရေပြားမှာရှိတဲ့ သွေးကြောတွေချက်ချင်း Vasoconstriction လို့ခေါ်တဲ့ သွေးကြောကျုံ့သွားတတ်ပါတယ်။ အဲဒီလိုသွေးကြောတွေ ကျုံ့တာက ရေခဲနဲ့ထိတဲ့ နေရာကသွေးကြောတွေတင်မဟုတ်ဘဲ တစ်ကိုယ်လုံးက သွေးကြောတွေပါ ကျုံ့သွားတာပါ။ (Vasoconstriction) လို့ခေါ်တဲ့ အရေပြားထဲမှာ သွေးကြောတွေ ကျုံ့သွားရင် ချွေးမထွက်တော့ဘူးပေါ့၊ ချွေးငုပ်တာပေါ့။ ဒီလိုဖြစ်တတ်တာကို သိပ္ပံနည်းကျစမ်းသပ်မှုတွေလုပ်ပြီး သက်သေပြထားတဲ့ စမ်းသပ်မှုတွေ ရှိပါတယ်။ လက်ညှိုးတစ်ချောင်းကို ရေခဲရေထဲမှာ နှစ်လိုက်ရင် ကျန်တဲ့ လက်တစ်ဖက်မှာ ချက်ချင်းသွေးကြောတွေကျုံ့သွားပြီး သွေးလျှောက်နှုန်းကျသွားတာကို တွေ့ရတယ်။ ရေခဲရေ မနှစ်တဲ့လက်မှာလည်း အလိုလိုသွေးကြောကျုံ့သွားတာကို ပြောတာနော်။

ဒီလိုပဲ ရေခဲရေသောက်ခိုင်းပြီး လက်ချောင်းလေးတွေမှာ သွေးလျှောက်နှုန်းတိုင်းရင်လည်း ချက်ချင်းသွေးလျှောက်နှုန်းကျသွားတာကို တွေ့ရတယ်။ ဆိုလိုချင်တာက အအေးဓာတ်နဲ့ ခန္ဓာကိုယ်ရဲ့တစ်နေရာရာနဲ့ တွေ့လိုက်ရင် reactive vasconstriction လို့ခေါ်တဲ့ အလိုအလျောက်တုံ့ပြန်မှုအရ အဲဒီလိုအအေးဓာတ်နဲ့ ထိတဲ့နေရာတင်မဟုတ်ဘဲ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေဟာ ကျုံ့ကုန်ပါတယ်။ ဒီလိုဖြစ်တာဟာ ရုတ်တရက် အအေးဓာတ်နဲ့တွေ့လိုက်ရင် ခန္ဓာကိုယ်အနှံ့အပြားမှာရှိတဲ့ သွေးကြောတွေ ကျုံ့သွား (Reactive vasoconstriction) လို့ ခေါ်တယ်။ အဲဒီလိုအရေပြားမှာရှိတဲ့ သွေးကြောတွေ ကျုံ့သွားတော့ ချွေးရပ်သွားမယ်၊ ချွေးငုပ်သွားမယ်။ ဒီသဘောတရားနဲ့ စဉ်းစားကြည့်ရင် အပူထဲမှာအကြာကြီး နေပြီး၊ အားကစားတွေ လှုပ်ရှားပြီး ရုတ်တရက်ရေချိုးလိုက်ရင်၊ ရေခဲရေသောက်လိုက်ရင် ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ အရေပြားသွေးကြောတွေ ကျုံ့သွားပြီး ချွေးထွက်ရပ်သွားမှာပေါ့။ ချွေးမရှိတော့ရင် ကိုယ်ထဲမှာ ထွက်နေတဲ့ အပူတွေ မထွက်နိုင်တော့ဘူး။ ဒါဆိုရင် ခန္ဓာကိုယ်အပူချိန်တွေ မတန်တဆမြင့်တက်သွားပြီး အညာအခေါ် အပူလျှပ်ဖြစ်တော့မှာပေါ့။ မြန်မာအညာအယူတွေ မှန်နေပြန်ပြီ။

ကိုယ်အပူချိန် တက်နေတုန်းမှာ အပူချိန်ကျအောင်လို့ ဆိုပြီး ရေခဲရေနဲ့တိုက်လိုက်ရင် သွေးကြောတွေကျုံ့ (Vasoconstriction) သွားပြီး၊ ချွေးလုံးဝရပ်သွားမယ်။ အပူငုပ်သွားတော့မှာပေါ့။ အပူငုပ်ရင် အပူလျှပ်ပြီး အသက်အန္တရာယ် ရှိနိုင်ပါတယ်။ ဒီလိုဆို နွေရာသီ ပူပူလောင်လောင်မှာ အညာကလူကြီးတွေ ရေခဲရေကို ကြောက်ကြတာ အခုခေတ်သိပ္ပံနည်းနဲ့ တွေးကြည့်ရင် မှန်နေတာပေါ့။

အားလုံးကို ခြုံပြီးပြောရရင် နှစ်စဉ်အပူလှိုင်းကျရာ အညာဒေသမှာနေကြတဲ့ မြန်မာတွေ ဘိုးစဉ်ဘောင်ဆက်မိရိုးဖလာ အပူဒဏ်အန္တရာယ်ကာကွယ်ဖို့ တွေးခေါ်ယူဆကျင့်ကြံလာကြတဲ့ အနေအထိုင်နည်းစနစ်တွေဟာ မျက်မှောက်ခေတ် ဆေးပညာအယူအဆတွေနဲ့ ကိုက်ညီတယ်ဆိုတာပြောပါရစေ။ ဒီဆောင်းပါးကို ဖတ်ပြီးနောက်ဆုံးခေါင်းထဲမှာ စွဲကျန်နေခဲ့ရမယ့် အချက်အလက်တွေ အင်္ဂလိပ်လို ပြောရရင်တော့ (Take-home message) လို့ခေါ်တဲ့ မြန်မာဓလေ့နွေရာသီအပူရှောင်နည်းတွေ အနှစ်ချုပ်တွေကတော့-

ပူပြင်းလှတဲ့ နွေရာသီမှာ ဂရုတစိုက်မနေထိုင်ဘူးဆိုရင် ချွေးငုပ်၊ အပူလျှပ်ဖြစ်ပြီး သေနိုင်ပါတယ်။ သိပ်ပူနေတဲ့အချိန်မှာ မတတ်သာမှသာ အပြင်ကို ထွက်ပါ။ အရိပ်ရတဲ့



နေရာမှာနားနေပါ။

အထူးသဖြင့် သတိပြုရမှာကတော့ အပူလျှပ်အဆင့်ကို ရောက်သွားရင် ကုရတာခက်ခဲပြီး အသက်အန္တရာယ်များလှတဲ့အတွက် မဖြစ်ခင်ကကာကွယ်တာဟာ အကောင်းဆုံးပါ။ ကာကွယ်ဖို့ နည်းလမ်းတွေ ပြောပါရစေ။

နေပူထဲကို သွားမယ်ဆိုရင် ပေါ့ပေါ့ပါးပါး၊ ခပ်ပွပွ၊ ချည်ထည်အင်္ကျီတွေကို ဝတ်ပါ။ အဖြူရောင်သို့မဟုတ် အရောင်ဖျော့တဲ့ အဝတ်တွေကို ပဲဝတ်ပါ။ အမည်းရောင်အဝတ်တွေကို မဝတ်ပါနဲ့။

နေ့လယ်နေသိပ်ပူတဲ့အချိန်မှာ ဖြစ်နိုင်ရင်နေပူထဲမှာ ပြင်းပြင်းထန်ထန် လှုပ်ရှားရမယ့် အလုပ်တွေ၊ အားကစားတွေ မလုပ်ပါနဲ့။ ဒီလိုအနေအထားမျိုးနဲ့ လှုပ်ရှားနေရမယ်ဆိုရင် ဓာတ်ဆားရည်တွေ သောက်လေ့ရှိပါတယ်။ ဒီနေရာမှာ ဓာတ်ဆားရည်နဲ့ပတ်သက်လို့ နည်းနည်းပြောချင်ပါတယ်။ UNICEF, MPF တို့က ထုတ်ထားတဲ့ ဓာတ်ဆားရည်ဆိုတာ ဝမ်းလျှောဝမ်းပျက်သမားတွေအတွက် အဓိကအားဖြင့် ထုတ်ထားတာပါ။ ပိုက်ဆံလည်းပေးရပါသေးတယ်။ ချွေးထွက်တဲ့အခါမှာ ဝမ်းလျှောတာလို ဆားဓာတ်တွေ အားလုံးဆုံးရှုံးသွားတာ မဟုတ်ပါဘူး။

ချွေးထွက်ရင် ချွေးထဲမှာ အဓိကအားဖြင့် ဆိုဒီယမ်ဓာတ်တွေသာ အများစုပါသွားထွက်သွားမှာပါ။ အဲဒီတော့ နွေရာသီအပူဒဏ်က အပူလျှပ်ကာကွယ်ဖို့ရာ အလွယ်ဆုံးနည်းဈေးအသက်သာဆုံးနဲ့ တစ်နေ့လုပ်တစ်နေ့စား အခြေခံလူတန်းစားတွေအတွက် လွယ်လွယ်ကူကူ ချွေးထဲမှာပါတဲ့ ဆားဓာတ်ပြန်ဖြည့်နည်းကတော့ ရေတစ်လီတာကို ဆားလက်ဖက်စားဇွန်းမောက်မောက်နဲ့ ဖျော်ပါ၊ ပြီးတော့ များများသောက်ပေးပါ။ ရေငတ်အောင် မစောင့်ပါနဲ့၊ ရေငတ်မှသောက်တယ်ဆိုရင် နောက်ကျနေပြီ။ ဂေါက်သမားတွေအတွက် ပြောရမယ်ဆိုရင် အမေရိကန်ဂေါက်သီးအဖွဲ့က ဒီလိုရေထဲကို ဆားထည့်ပြီး ဂေါက်သီးနှစ်ကျင်းရိုက်ပြီးတိုင်း တစ်ခါအဝသောက်ပါတဲ့။

နေပူထဲသွားလှုပ်ရှား၊ ကစား၊ ပြန်လာရင် ရုတ်တရက်ချက်ချင်း ဘယ်တော့မှ ရေမချိုးလိုက်ပါနဲ့၊ သိပ်အေးတဲ့ ရေခဲရေတွေ၊ ရေအေးတွေနဲ့ ရေပတ်မတိုက်လိုက်ပါနဲ့၊ ချွေးငုပ်သွားတတ်တယ်။ လှုပ်ရှားထားလို့ ကိုယ်ထဲကတရှိန်ရှိန်ထွက်နေတဲ့ အပူတွေ အပြင်ကို မထွက်နိုင်တော့ဘူးပေါ့။ အဲဒီလို ချွေးငုပ်ပြီး ကိုယ်ထဲကအပူတွေ မထွက်နိုင်ဘဲ ကိုယ်တအားပူလာပြီး သတိလစ်၊ ကယောင်ချောက်ချား ဖြစ်တာကို အပူလျှပ်တယ်လို့ ခေါ်တယ်။ ဖြစ်နိုင်ရင် နံနက် ၁၀ နာရီနဲ့ ညနေ ၅ နာရီအတွင်း ရေမချိုးပါနဲ့။

မြန်မာပြည်သူ ပြည်သားအပေါင်း အခုလိုပူပြင်းတဲ့နွေရာသီမှာ မြန်မာ့ဓလေ့အပူရှောင်နည်းတွေနဲ့ အပူလျှပ်ရောဂါမဖြစ်အောင် ကာကွယ်ထားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

- ပူပြင်းလှတဲ့ နွေရာသီမှာ ဂရုတစိုက်မနေထိုင်ဘူးဆိုရင် ချွေးငုပ်၊ အပူလျှပ်ဖြစ်ပြီး သေနိုင်ပါတယ်။ သိပ်ပူနေတဲ့အချိန်မှာ မတတ်သာမှသာ အပြင်ကို ထွက်ပါ။ အရိပ်ရတဲ့နေရာမှာ နားနေပါ။
- အထူးသဖြင့် သတိပြုရမှာကတော့ အပူလျှပ်အဆင့်ကို ရောက်သွားရင် ကုရတာခက်ခဲပြီး အသက်အန္တရာယ်များလှတဲ့အတွက် မဖြစ်ခင်က ကာကွယ်တာဟာ အကောင်းဆုံးပါ။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၄ / ၂၀၁၉)**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/ ၂၀၁၆) နှင့် ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/ ၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၉၅၄၆<br>ဗိုလ်မှူးကြီး မြင့်ချို | အစား | ကြည်း ၂၀၉၇၉<br>ဗိုလ်မှူးကြီး အေးကျော်လင်း |
| (၂) | ကြည်း ၃၇၈၈၅<br>ဗိုလ်မှူး မြတ်သူရ | အစား | ကြည်း ၄၁၆၂၈<br>ဗိုလ်မှူး အောင်ပြည့်ဖြိုး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၅ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၇. ၅. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/ ၂၀၁၆)၊ ၁၆. ၅. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/ ၂၀၁၇)၊ ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၅/ ၂၀၁၇) နှင့် ၁၅. ၁. ၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/ ၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၃၄၀<br>ဗိုလ်မှူး ကျော်မိုးနိုင် | အစား | ကြည်း ၃၀၉၆၆<br>ဗိုလ်မှူး ရဲတင့်အောင် |
| (၂) | ကြည်း ၁၇၀၇၃<br>ဗိုလ်မှူးချုပ် သက်နိုင် | အစား | ကြည်း ၁၈၂၉၅<br>ဗိုလ်မှူးချုပ် ညွန့်ဆွေ |
| (၃) | ကြည်း ၂၉၄၈၆<br>ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင် | အစား | ကြည်း ၃၂၇၆၃<br>ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး |
| (၄) | ရေ ၃၇၇၉<br>ဒုတိယဗိုလ်မှူးကြီး စိုးနိုင် | အစား | ရေ ၄၀၈၄<br>ဗိုလ်မှူး တင်ထွဋ် |

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၆ / ၂၀၁၉ )**
**၁၃၈၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် )**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/ ၂၀၁၆)၊ ၂. ၂ .၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/ ၂၀၁၇) နှင့် ၁၆ .၅. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/ ၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၇၃၈၄<br>ဗိုလ်ကြီးအောင်မြင့်ထွန်း | အစား | ကြည်း ၅၃၇၈၉<br>ဗိုလ်ကြီးနေဇော်စိုး |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၃၄၀၄<br>ဗိုလ်မှူးအောင်သူရ | အစား | ကြည်း ၂၉၆၇၀<br>ဗိုလ်မှူးကျော်စိုး |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၂၉၆၈၂<br>ဒုတိယဗိုလ်မှူးကြီး မြတ်လှိုင် | အစား | ကြည်း ၃၂၃၉၃<br>ဗိုလ်မှူးရဲဝင်းထွန်း |
| (၄) | ကြည်း ၂၄၉၃၅<br>ဗိုလ်မှူးမျိုးဟိန်း | အစား | ကြည်း ၄၀၄၇၄<br>ဗိုလ်မှူးဝင်းအောင်သန်း |
| (၅) | ကြည်း ၃၆၀၂၃<br>ဗိုလ်မှူးကျော်ဝင်းထွန်း | အစား | ကြည်း ၃၁၀၀၃<br>ဗိုလ်မှူးလင်းမင်းလတ် |

**မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၈၀၃၄<br>ဗိုလ်မှူးဇော်လင်းအောင် | အစား | ကြည်း ၃၁၀၆၈<br>ဗိုလ်မှူးသက်ခိုင် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၃၆၄၇၄<br>ဗိုလ်မှူးကိုကိုလတ် | အစား | ကြည်း ၃၆၄၇၉<br>ဗိုလ်မှူးသူအောင်ဇော် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၃၆၄၄၃<br>ဗိုလ်မှူးမျိုးသန့် | အစား | ကြည်း ၃၄၇၁၇<br>ဗိုလ်မှူးနေဝင်းနောင် |
| (၉) | ကြည်း ၃၃၉၀၀<br>ဗိုလ်ကြီးတင်ဝင်းနိုင် | အစား | ကြည်း ၅၄၅၂၆<br>ဗိုလ်ကြီးအောင်ညီထွေး |

( လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း လုပ်ငန်းအကောင်အထည်ဖော်ရေး ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၂**
ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း လုပ်ငန်းအကောင်အထည်ဖော်ရေး ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Kanchana Patarachoke တို့က အစည်းအဝေးကို ဦးဆောင်၍ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကိုယ်စားလှယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ထိုင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနများနှင့် ရန်ကုန်မြို့ရှိ ထိုင်းသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ ဦးဆောင်သည့် ပူးတွဲလုပ်ငန်းကော်မတီက ချမှတ်ခဲ့သည့် အစီအမံများ၊ ဆွေးနွေးခဲ့မှုများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကျွမ်းကျင်သူအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အပြင် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ရေး၊ တရားဝင် ပြန်လည်အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မေလကုန်တွင် စတုတ္ထအကြိမ်မြောက် မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံနိုင်ရေးကိစ္စရပ်များအား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၅ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မြေမွန်ကျေးရွာအုပ်စု၊ လက်ညှိုးထိုးတောတိုက်နေ ဌေးမောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၄-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ မြေမွန်ကျေးရွာအုပ်စု၊ လက်ညှိုးထိုးတောတိုက်နေ ဌေးမောင်(၄၄)နှစ်၊ (ဘ)ဦးမှန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကဘွတ်အုံတောတိုက်နေ မမြင့်သီ(ခ)မသီ(ခ) ဆံနီမ (၄၀)နှစ်၊ (ဘ)ဦးတင်မောင်တို့(၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မလယ်)မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တောင်ဘုံကျေးရွာနေ ကိုစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် ရေးမြို့နယ်၊ တောင်ဘုံကျေးရွာ၊ အမှတ်(၁/၂၆၂)နေ ကိုစိုး(ခ)သိန်းစိုး(၄၅)နှစ်၊ (ဘ)ဦးတင်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ) ၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ တောင်ဘုံကျေးရွာနေ စိုးဝင်းသည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၄-၂၀၁၉ ရက်နေ့တွင် ရေးမြို့နယ်၊ တောင်ဘုံကျေးရွာ၊ ရပ်ကွက်(၄)နေ စိုးဝင်း(၄၀)နှစ်၊ (ဘ)ဦးကွန်လှေးနှင့် စိန်လွင်(၂၇)နှစ်၊ (ဘ)ဦးသိန်းဟန်တို့(၂)ဦးအား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ)၁၁/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂/၆)ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်းနေ ဒေါ်နေသွေးဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၂/၆) ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်းနေ ဒေါ်နေသွေးဝင်း (၄၄)နှစ်၊ (ဘ)ဦးကြည်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သား ဟိန်းထက်ဇင်(၁၉)နှစ်၊ (ဘ) ဦးအောင်ငွေ၊ အမှတ်(၇)ရပ်ကွက်နေ ရန်နောင်ထွန်း(၁၇)နှစ်၊ (ဘ) ဦးတင်ထွန်းအောင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ) ၁၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၇)လမ်းနေ စည်သူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၇)လမ်းနေ စည်သူ(ခ)စည်သူဇော်(၂၆)နှစ်၊ (ဘ) ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ (၈)ရပ်ကွက်၊ ဇေယျာရွှေမြေလမ်းနေ ရှိုင်းလင်းဦး (၃၅) နှစ်၊ (ဘ)ဦးဝင်းနိုင်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ (သာကေတ)မယ(ပ) ၂၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ညောင်ကိုးပင်ကျေးရွာနေ စိုင်းအိုက်ညွန့်၊ စိုင်းအောင်ချမ်းသာတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ညောင်ကိုးပင်ကျေးရွာနေ စိုင်းအောင်ချမ်းသာ(၂၈)နှစ်၊ (ဘ)ဦးဇော်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ စိုင်းအိုက်ညွန့်(၄၅)နှစ်၊ (ဘ)ဦးအိုက်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သီပေါ) မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ အမှတ် (၄)ရပ်ကွက်၊ အုပ်စု (၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့် အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၇)ဦး၊ မ(၄)ဦး၊ ပေါင်း(၅၁)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၆-၄-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၇)ရပ်ကွက်၊ ကွတ်ခိုင်- တာမိုးညဲသွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် နန့်ဟူးရွာဟောင်းနေ အိုက်ရီ(၃၀)နှစ်၊ (ဘ) ဦးအိုက်အုံး မောင်းနှင်လာသည့် ဆိုင်ကယ်အားစိစစ် ရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ)၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၀-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၀၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၉၃)ဦး၊ မ(၁၅၄)ဦး၊ ပေါင်း(၉၄၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၂.၄၂) ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၀၉၁၂)ပြား၊ ဆေးခြောက် (၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၃.၄၅) ဂရမ်၊ Ecstasyအကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်း နှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တီယန်ဇွပ်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၆၃)ပြား၊ ဘိန်းဖြူ(၅၁.၂)ဂရမ်၊ ရွှေကူမြို့နယ်၊ ရွှေကူလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၃၀)ပြား၊ မံစီမြို့နယ်၊ စီခမ်းကြီးကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ မံရကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာလမ်းခွဲ၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၄)ပြား၊ အမှတ်(၃)ရပ်ကွက်၊ ဗညားနွဲ့လမ်းဆုံ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၆)ပြား၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၃)ပြား၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ရှာထော်ဇံ(ခ)ကျောက်ချပ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈)ပြား၊ ဘိန်းဖြူ(၁၅.၁)ဂရမ်၊ ဘိန်း(၁၆.၃၃)ဂရမ်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၁၀၅၉)ဂရမ်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၉)ပြား၊ ခေါဇာမြို့နယ်၊ ကဗျာဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၃၂၀၀)ဂရမ်၊ သထုံမြို့ သိမ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် မင်္ဂလာကြီးကျေးရွာ၊ ကူးတို့ဆိပ်တာပေါင်ဘေး ချုံတောထဲ၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ဝှက်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၅၈၅၀၀)ပြား၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၉)ပြား၊ စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၃၂)ပြား၊ ရွှေပြားရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ပြည်တော်သာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၂)ပြားနှင့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၃၈၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁)ဂရမ်၊ မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဆိုင်ကယ် (၁)စီး၊ မင်းပြားမြို့ ကင်းဆိပ်အဝေးပြေး ကားဂိတ်အနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီး-ဇလဲသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၈၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈)ပြား၊ အေးသာယာမြို့ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၈)ပြား၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းမပေါ်၌ သတင်းအရ Probox အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည်တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂၇၀၀)ဂရမ်၊ မြို့ဦးကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဘိန်းဆီခဲ(၀.၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၅)ဂရမ်၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၉၆၀၀)ပြား၊ ပင်လောင်းမြို့နယ်၊ ပင်ထုံ-ရေခေါက် ကျေးရွာသွားကားလမ်းပေါ်၌ စိစစ်နေစဉ် ဆိုင်ကယ်(၂)စီးမှာ စိစစ်ရေးအဖွဲ့အနီးမရောက်မီ ရပ်တန့်ပြီး အမျိုးသား(၂)ဦးမှာ ဆိုင်ကယ်အားထားကာ ထွက်ပြေးသွားပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်း(၃၅၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ခေါ်ပူကျေးရွာ၌ တရားခံအမျိုးသား( ၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆၀)ပြား၊ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပူချယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ လဲချားမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၄၅၄)ပြား၊ သိန္နီမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Surf ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၆၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ Hydrochloric Acid(၃၂၀၀)လီတာ၊ Ethyl Ether(၇၂၀၀)လီတာ၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဖိုင်ကျောင်းကျေးရွာအနီး၌ Canter (၁၀)ဘီးယာဉ်နှင့် Fuso (၆)ဘီးယာဉ်တို့အား စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် သံမွှေအိုးအကြီး(၃)လုံး၊ မော်တော်ယာဉ် (၂)စီး၊ ထပ်မံဖော်ထုတ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မေယဂီရိရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၈၀၀)ပြား၊ Sulphuric Acid (၀.၀၈)လီတာ၊ Hydrochloric Acid (၀.၀၆)လီတာ၊ Acetic Anhydride (၀.၁၁)လီတာ၊ Acetic Acid (၀.၀၅)လီတာ၊ Acetone (၀.၀၁၅)လီတာ၊ 1-Phenyl -2-Propannone(၀.၀၁)လီတာ၊ Ephedrine (၂၀)ဂရမ်၊ Hilux Pickup ယာဉ်(၁)စီး၊ Mini Van ယာဉ် (၁)စီး၊ နမ့်ခမ်းမြို့နယ်၊ မန့်နောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ကျန်ကြာကျိုင်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ဘိန်း(၄၈၈၉)ဂရမ်၊ နောင်ချိုမြို့အဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၅)ပြား၊ ဘိန်းဖြူ(၁၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ကွတ်ခိုင်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀၀)ပြား၊ မိုးမိတ်မြို့နယ်၊ ပါဒန်းကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပန်မြို့ မန်ခွန်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ တုံကွမ်ကျေးရွာထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ နမ့်လွတ်(အာခါ)ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသည့် လူနာကုသရေးဌာနများ ဖွင့်လှစ်တော့မည်

နေပြည်တော် မေ ၂၂

**“ခွေးကိုက်ခံရသည့် လူနာကုသရေးဌာန (Dog Bite Center) များ”ဖွင့်လှစ်နိုင်ရေး ရှင်းလင်းတင်ပြမှုအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။**



“ခွေးကိုက်ခံရသည့် လူနာကုသရေးဌာန(Dog Bite Center) များ” ဖွင့်လှစ်နိုင်ရေး ရှင်းလင်းတင်ပြမှု အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေး၌ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသူ အရေအတွက်မှာ တစ်စထက်တစ်စ များပြားလျက်ရှိရာ ရရှိထားသော စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်တွင် ၁၉၀၀၀၀ ကျော် ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ နှစ်အလိုက် ခွေးရူးပြန်ရောဂါကာကွယ်ဆေး (anti rabies vaccine) နှင့် ခွေးရူးပြန်ရောဂါကုသမှုပဋိပစ္စည်း (rabies immunoglobulin) များကို ဝယ်ယူလျက်ရှိရာ (၂၀၁၈-၂၀၁၉) ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၄ ဘီလီယံခန့် သုံးစွဲဝယ်ယူခဲ့ပါကြောင်း။

**အရေပြားထဲသို့ ထိုးနှံခြင်း**

ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ကြွက်သားထဲသို့ ထိုးနှံခြင်း (intramuscular) အစား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် အကျိုးထိရောက်မှု တန်းတူဖြစ်ပြီး ဆေးဝါးကုန်ကျမှု ထက်ဝက်သက်သာသော အရေပြားထဲသို့ ထိုးနှံခြင်း (intradermal)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ခွေးရူးပြန်ရောဂါဆိုင်ရာ ဘက်စုံချုပ်ငြိမ်း သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခွေးရူးပြန်ရောဂါဆိုင်ရာ အကြံပေးအဖွဲ့ထံမှ အကြံဉာဏ်များကိုလည်း ရယူသွားမည် ဖြစ်ပါကြောင်း။

**မွမ်းမံသင်ကြားမှုများ ဆောင်ရွက်မည်**

Dog Bite Center များ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာ၊ ဝန်ထမ်းအင်အား၊ ဆေးနှင့် ဆေးပစ္စည်း ကိရိယာများနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ထိန်းသိမ်းထားရန် ရေခဲသေတ္တာတို့ကို အသင့်ပြင်ဆင်ပြီး ဝန်ထမ်းများအား မွမ်းမံသင်ကြားမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေး လမ်းညွှန်စာအုပ်များနှင့် ပညာပေးစာစောင်များ၊ ခွေးရူးပြန်ရောဂါကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက ဘက်စုံဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

**ဆေးအလေအလွင့်ဖြစ်မှုလျှော့ချနိုင်**

ထို့နောက် ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးအကြံပြုချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ခွေးကိုက်ခံရသည့်လူနာများအား ပြုစုကုသရေးဌာန (Dog Bite Center) များ ဖွင့်လှစ်ခြင်းဖြင့် လူနာများအား ပိုမိုစနစ်ကျထိရောက်စွာ ကုသမှုပေးနိုင်မည်ဖြစ်ပြီး ဆေးအလေအလွင့်ဖြစ်မှုကိုလည်း များစွာလျှော့ချနိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ ဘဏ္ဍာငွေများကိုလည်း ပိုမိုအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ Dog Bite Center များကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမက မန္တလေးတိုင်းဒေသကြီးတွင်ပါ အမြန်ဆုံးစတင်ဖွင့်လှစ်ရမည်ဖြစ်ပြီး အခြားလိုအပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ထပ်မံ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ Dog Bite Center များတွင် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဆန်းစစ်မှုများ စဉ်ဆက်မပြတ် ပြုလုပ်ကာ အားနည်းချက်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ Dog Bite Center များ ဖွင့်လှစ်သည့်အခါ ပြည်သူအများ သိရှိ၍ ကျန်းမာရေးစောင့်ရှောက်မှု လာရောက် ခံယူနိုင်ရန်အတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများ စသည်တို့မှ အသိပေးကြေညာရမည် ဖြစ်ပါကြောင်း။

**ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ဝေထားသော ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေး လမ်းညွှန်စာအုပ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၁၈) ခုနှစ်တွင် ထုတ်ဝေခဲ့သော WHO technical report series မှ WHO expert consultation on Rabiesနှင့် ကိုက်ညီပြီး ခေတ်နှင့်အညီ ဖြစ်စေရန်အတွက် အမြန်ဆုံးမွမ်းမံ ထုတ်ဝေသွားရမည် ဖြစ်ပါကြောင်း၊ မှတ်တမ်းများ၊ စာရင်းဇယားများကိုလည်း ခေတ်မီကွန်ပျူတာစနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ Dog Bite Center များ အမြန်ဆုံးဖွင့်လှစ် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၈၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စံဖူးကျေးရွာအနီး မဲခေါင်မြစ်ကမ်းဘေးတောအုပ်အတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၀၈၀၀၀)ပြား၊ ဘိန်းဖြူ(၇၀၀၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ရုံးကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၃၀)ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာတရားခံ အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၆၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ နဘားပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၁၉၅၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မန္တလေး-မြစ်ကြီးနားသွားကားလမ်း နဘားလမ်းခွဲ၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀၀၀)ပြား၊ ဘိန်းဖြူ(၆၆၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဗန်းမောက်မြို့နယ်၊ လယ်ပဒုံးကျေးရွာအနီးရှိ လယ်တဲအား သတင်းအရ ဝင်ရောက်ရှာဖွေရာ အမျိုးသား (၂)ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး တဲအတွင်းမှ ဘိန်း(၂၄၄၉)ဂရမ်၊ ပင်လည်ဘူးမြို့နယ်၊ စေတီဦးကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၁၆၃၃)ဂရမ်၊ ငါချယ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၃၀)ပြား၊ ဘိန်းဖြူ(၄၆၀) ရမ်၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ Buprenorphine Tablet (၂၈)ပြား၊ Buprenorphine ဆေးမှုန့်(၂)ဂရမ်၊ ဖောင်းပြင်မြို့နယ်၊ထောမကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ ဘိန်းဖြူ(၇၃) ဂရမ်၊ ခန္တီးမြို့ (၃)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၂၇၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အင်းလေးမြိုင် (၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၂၂၀)ဂရမ်၊ တနင်္သာရီမြို့နယ်၊ ကျွဲထိန်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၅၀၀၀)ဂရမ်၊ ဆေးခြောက်(၃၂၆၀)ဂရမ်၊ မောတောင်စစ်ဆေးရေးဂိတ်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ ဘိန်းစာရွက် (၁၃၁၀) ဂရမ်၊ ဇဝဲကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၅၆၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ နဝင်းရပ်ကွက်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၆၁၀)ပြား၊ ထီးလင်းမြို့ အမှတ်(၂)စည်ပင်သာယာ ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅.၆၈) ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကသာမှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည်တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဘိန်းဖြူ(၄.၁)ဂရမ်၊ ဇီးအုပ်ကွက်သစ်၊ ရတနာလမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၀၀)ပြား၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ဘုရားကြီးလမ်းဆုံ၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၉၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄၉၅)ပြား၊ ညောင်ဦးမြို့နယ်၊ ငါးမင်းမေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၄၄.၉၅)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၅)ပြား၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန် ရပ်ကွက်၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၅)ပြား၊ ICE(၁၅)ဂရမ်၊ ဘိန်းဖြူ(၇၇)ဂရမ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းနှင့် စည်ပင်လမ်းထောင့်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၂၄)ရပ်ကွက်၊ သီဂီ(၂)လမ်း၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ထပ်မံဖော်ထုတ်ချက်အရ(၂၂) ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၃၈)ပြား၊ ဆေးခြောက်(၄၇၄.၄၄)ဂရမ်၊ လှိုင်မြို့နယ်၊ ပြည်လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ Ecstasy ဆေးပြား(၆)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy ဆေးပြား (၅)ပြား၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ သမိုင်းလမ်းဆုံ၌ သတင်းအရ Passo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၂)ပြား၊ ICE(၁၁၅၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်၊ သစ်တောပျိုးဥယျာဉ်ရှေ့၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက်(၄၃.၀၉)ဂရမ်၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မန်ပင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဘိန်းဆီခဲ(၀.၂)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၇)လုံး၊ ယမ်းမှုန့်(၂)ဘူး၊ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ မြစ်ဆုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄.၁)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ တူမီးသေနတ်အတို(၁)လက်၊ လေသေနတ်(၁)လက်၊ ၉မမ ကျည်(၇)တောင့်၊ လေသေနတ်ခဲ ကျည်(၅၅)တောင့်၊ Pajero ယာဉ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ တာလေ-ကျိုင်းလပ်သွားကားလမ်း နန်ဟတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ၉ မမ ကျည်(၁၃)တောင့်၊ ဆိုင်ကယ် (၁)စီးအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဝိန်းခမ်းကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေးဂိတ်၌ အိန္ဒိယနိုင်ငံသားတရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၃)ဂရမ်၊ ကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ ရိဒ်မြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းဖြူ(၀.၆)ဂရမ်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ တာလေ့ရပ်ကွက်၊ တရုတ်ဘုံကျောင်းလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့်ထိုင်းနိုင်ငံသား တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြားတို့အား လည်းကောင်း၊ ပစ်ခတ်တားဆီးဖမ်းဆီးရသည့်ဖြစ်စဉ် (၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ ညောင်နီ(အထက်)ကျေးရွာအနီး မိုးမိတ်-မန်တုံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားစိစစ်ရန် တားဆီးစဉ် ဆိုင်ကယ်အားလှဲချ ထွက်ပြေးခဲ့၍ လိုက်လံဖမ်းဆီးရာ အသင့်ပါလာသော ဓားရှည်ဖြင့်ပြန်လည်ခုခံသဖြင့် သတိပေးပစ်ခတ် ထိန်းသိမ်းဖမ်းဆီးခဲ့ရပြီး တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ်(၇-၄-၂၀၁၉ရက်နေ့မှ ၂၀-၄-၂၀၁၉ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၄၀၈)မှုတွင် တရားခံကျား(၄၈၄)ဦး၊ မ(၆၁)ဦး၊ ပေါင်း(၅၄၅)ဦးကို ဘိန်းဖြူ(၁၅၉၄၂.၂၁၁)ဂရမ်၊ ICE (၁၁၉၃.၃)ဂရမ်၊ Ecstasy ဆေးပြား(၁၁)ပြား၊ စိတ်ကြွဆေးပြား(၄၃၃၉၄၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁)ဂရမ်၊ ဆေးခြောက် (၄၇၃၄.၅၃၃)ဂရမ်၊ ဘိန်း(၁၅၉၃၂.၂၃)ဂရမ်၊ ဘိန်းဆီခဲ (၁၉၆၇၂.၇၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၇၆၆.၃)ဂရမ်၊ ဘိန်းစာမှုန့် (၂၁၉၇၉.၅)ဂရမ်၊ ဘိန်းစာရွက်(၅၆၈၃.၃၁)ဂရမ်၊ Buprenorphine Tablet(၂၈)ပြား၊ Buprenorphine ဆေးမှုန့်(၂)ဂရမ်၊ Hydrochloric Acid (၃၂၀၀.၀၆)လီတာ၊ Ethyl Ether (၇၂၀၀)လီတာ၊ Sulphuric Acid (၀.၀၈)လီတာ၊ Acetic Anhydride (၀.၁၁)လီတာ၊ Acetic Acid (၀.၀၅)လီတာ၊ Acetone (၀.၀၁၅)လီတာ၊ 1-Phenyl–2-Propannone (၀.၀၁)လီတာ၊ Ephedrine (၂၀)ဂရမ်၊ သေနတ်မျိုးစုံ(၅)လက်၊ ကျည်မျိုးစုံ (၇၅)တောင့်၊ ခဲသီး(၇)လုံး၊ ယမ်းမှုန့်(၂)ဘူးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ဘားအံမြို့ သေဠမာန်အောင်ဘုရားကြီးရင်ပြင်တွင် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကျင်းပ

ဘားအံ မေ ၂၂

**ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ ည ၇ နာရီ ၄၅ မိနစ်က ကရင်ပြည်နယ် ဘားအံမြို့ရှိ သေဠမာန်အောင်ဘုရားကြီး ရင်ပြင်တွင် ကျင်းပရာ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်ကို ဟောကြားချီးမြှင့်သည်။**



ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်သို့ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ နှင့် ဘားအံမြို့နယ်ရှိ တရားချစ်ခင်သူတော်စင်များတက်ရောက်၍ ငြိမ်းချမ်းရေးတရားတော်ကို နာယူကြည်ညိုကြသည်။

ယနေ့နံနက် ၅ နာရီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဓမ္မာရုံ၌ ဆရာတော်သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက လောကမာရဇိန်ဘုရားကြီးမှ ထားဝယ်မြို့အား လှည့်လည်၍ မြို့အထွက် တိုးဂိတ်သို့ ပင့်ဆောင်ပူဇော်သည်။

ထိုမှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိရာ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ကြိုဆိုပင့်ဆောင်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ထေရဝါဒ ဗုဒ္ဓသာသနာ အဓွန့်ရှည်ထွန်းကား ပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်နိုင်ရန် ရည်မှန်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အား တည်ထားကိုးကွယ်လျက်ရှိပြီး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ ဒေသစာရီလှည့်လည်အပူဇော်ခံလျက်ရှိသည်။ **ဟန်လင်းနိုင်**

# ရေခန်းခြောက်သွားသော ငါ့သရောက်မြို့ မြန္နာသောက်ရေကန်ကြီးအား အလှူရှင်များ လှူဒါန်းငွေဖြင့် ပြန်လည်ဆယ်ယူ

**ငါ့သရောက် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့အမှတ်(၂)ဈေးကုန်းရပ်ရှိ မြန္နာသောက်ရေကန်ကြီး ယမန်နှစ်က ရေဝင်ရောက်မှုမရှိခဲ့ခြင်းကြောင့် ယခုနှစ် နွေဦးအစမှာပင် ကန်ထဲရှိရေများ ခန်းခြောက်သွားခဲ့ကာ ရေကန်ကြီးအောက်ဘက်ရှိလက်ငင်ရေတွင်း၊ ဘုံဘိုင်တွင်းနှင့် မြေအောက်အဝီစိရေတွင်းများပါ ခန်းခြောက်သွားခဲ့ကြောင်း ငါ့သရောက်မြို့ မြို့မိမြို့ဖ ဦးသိန်းဆွေက ပြောပြသည်။



အဆိုပါ မြန္နာသောက်ရေကန်ကြီးသည် ငါ့သရောက်မြို့ ရပ်ကွက်လေးရပ်ကွက်သာမက ကျေးလက်တောရွာများကပါ မှီခိုအားထားနေရသောကန်ကြီးဖြစ်သည်။ ရေလုံးဝခန်းခြောက်သွားချိန် ရေဝင်နေရာများနှင့် အနည်အနှစ်ပို့ချသောနေရာများ ပြန်လည်ဆယ်ယူရန် မြန္နာသောက်ရေကန်ကြီး ပြန်လည်တူးဖော်ရေးကော်မတီတစ်ရပ် ဖွဲ့ပြီး ငါ့သရောက် နယ်သူနယ်သားများနှင့် အဝေးရောက် နယ်သူနယ်သားများ လှူဒါန်းငွေဖြင့် ပြန်လည်ဆယ်ယူခြင်းဖြစ်သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သိန်းတစ်ရာ ရွှေဆိုင်မိသားစုမှ လှူဒါန်းငွေဖြင့် တာကျင်းပေါင်း ၂၅၀၀ ဆယ်ယူခဲ့ရာ ယခုပြီးမြောက်သွားပြီဖြစ်သည်။

အဆိုပါကန်ဆယ်ယူရာသို့ ဘတ်ဟိုးတစ်စီး၊ ဖောကားငါးစီးနှင့်ကန်ပေါင်ပေါ်သို့ ကန်မြေသားများပုံချိန် မြေညှိထွန်စက်တစ်စီးဖြင့် ဆောင်ရွက်ခဲ့သည်။ မြန္နာကန်တော်ကြီးသည် ကန်ပေါင်အနံ ပေ ၂၀၀ ရှိပြီး အရှေ့အနောက်အလျားပေ ၁၃၀၀ နှင့် တောင်မြောက်ပေ ၈၂၀ ရှိသည်။

ယခုနှစ်မိုးရာသီတွင် ကန်ပေါင်ပတ်ဝန်းကျင်နှင့် ကန်ပေါင်ပေါ်သို့ အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ချစ်သည့် မည်သည့်အဖွဲ့အစည်းမဆို မြန္နာကန်တော်ကြီး ပြန်လည်ဆယ်ယူရေး ကော်မတီနှင့် ဆက်သွယ်ကာ ကန်တော်ကြီးဘက်စုံဖွံ့ဖြိုးရေးနှင့် အရိပ်ရသစ်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးနိုင်အောင် စီစဉ်ပေးသွားမည် ဖြစ်ကြောင်းနှင့် နောက်ထပ်ကန်ဆယ်ယူရေး လှူဒါန်းငွေများဖြင့်လည်း မိုးမကျမီဆယ်ယူပေးသွားမည်ဖြစ်ကြောင်း ကန်တော်ကြီး ပြန်လည်ဆယ်ယူရေး အတွင်းရေးမှူး ဦးလှဌေးက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

✻ *ကျောဖုံးမှ*

သင်္ဘောပေါ်ဆန်တင်နေချိန်တွင် မိုးရွာသွန်းသည့်အတွက် မိုးမိသည့်အနေအထားဖြစ်ကြောင်း၊ ပင်လယ်ပြင်သင်္ဘောထဲ၌ ၉ လကျော် ၁၀ လနီးပါးထားရှိသည့် ဆန်များဖြစ်ခြင်းကြောင့် အရည်အသွေးကောင်းမွန်ဖို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

### ကန်ဒေါ်လာသန်းတစ်ထောင်ကျော်ရှာဖွေပေးနိုင်

မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်း၌ စားသုံးပြီး ၂၀ ရာခိုင်နှုန်းခန့်သာ ပြည်ပသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။ ။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆန်တန်ချိန်သုံးသန်းကျော် ပြည်ပတင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်းတစ်ထောင်ကျော် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထူးခြားဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးလေ့လာတွေ့ရှိချက်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဆက်လက်ရှင်းလင်းပြောကြားရာ Ocean Princess သင်္ဘောဖြင့် အာဖရိကနိုင်ငံအိုင်ဗရီကို့စ်သို့ တင်ပို့လိုက်သောဆန်များသည် ရန်ကုန်အခြေစိုက်အိုလန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်(စင်ကာပူအခြေစိုက်)မှ ဝယ်ယူသွားခြင်းဖြစ်ကြောင်း။

### ဆန်တန်ချိန်နှစ်သောင်း စာချုပ်ချုပ်

အဆိုပါ ကုမ္ပဏီထံသို့ ရွှေဝါရောင်ကုမ္ပဏီ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ရောဟသ်ာကုမ္ပဏီတို့က ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေဝါရောင်ကုမ္ပဏီသည် အိုလန်အင်တာနေရှယ်နယ် ကုမ္ပဏီလီမိတက်ထံ ဆန်တန်ချိန်နှစ်သောင်း စာချုပ်ချုပ်ဆိုပြီး သင်္ဘောဖြင့် ဆန်တန် ချိန် ၁၃၅၀၀ ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် ဆန်တန်ချိန် ၈၀၀၀ ကိုလည်းကောင်း၊ ရောဟသ်ာကုမ္ပဏီအနေဖြင့် ဆန်တန်ချိန် ၅၀၀ ကို လည်းကောင်း Ocean Princess ဖြင့် တင်ပို့ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆန်များဝယ်ယူခဲ့သည့် အိုလန်ကုမ္ပဏီအနေဖြင့် အာဖရိကတိုက်ဂီနီနိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး Ocean Princess သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ရောက်ရှိလာကာ မိုးရွာသွန်းနေသည့်အတွက် ဆန်တင်ကာလ တစ်လခွဲနီးပါးကြာမြင့်ခဲ့ကြောင်း သိရသည်။ သင်္ဘောသည်ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားပြီး အိန္ဒိယနိုင်ငံတွင် ဆန်တန်ချိန် ၁၄၀၀၀ ထပ်မံ တင်ဆောင်ခဲ့ကြောင်း သိရသည်။

### ဆန်အလေးချိန်မပြည့်သည့် ပြဿနာပေါ်

ထို့နောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဂီနီနိုင်ငံ ကွန်နရီဆိပ်ကမ်းကို ရောက်ရှိကာ သင်္ဘောပေါ်မှ ဆန်တန်ချိန် ၄၀၀၀ ချပြီးနောက် ဆန်အလေးချိန်မပြည့်သည့် ပြဿနာပေါ်ခဲ့ပြီး အရည်အသွေးစစ်သည့် ကုမ္ပဏီကလက်မခံခဲ့ကြောင်း၊ ကျန်အာဖရိကနိုင်ငံဖြစ်သော တိုဂိုနှင့်ဂီနီတို့သို့ သင်္ဘောဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အိုလန်ကုမ္ပဏီအနေဖြင့် မြန်မာ့ဆန်ကို ကမ္ဘာတွင်ရှိသော စားသောက်ကုန်စစ်ဆေးရာ အမြင့်ဆုံးအဖွဲ့အစည်းများသို့ ပို့ဆောင်စစ်ဆေးခဲ့ပြီးဖြစ်၍ စားသုံးရန်သင့်ကြောင်း မှတ်ချက်များ၊ အထောက်အထားများရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### သွင်းကုန်ပါမစ်ညှိနှိုင်း ဆောင်ရွက်

ထိုသို့ဖြစ်နေစဉ်အတွင်း မြန်မာ့ဆန်စားသုံးရန် မသင့်ဟု အိုင်ဗရီကို့စ်နိုင်ငံမီဒီယာမှ သတင်းထုတ်ပြန်ခဲ့ကာ အဆိုပါသတင်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်ခန့်မှစ၍ ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အိုလန်ကုမ္ပဏီအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံလာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် သွင်းကုန်ပါမစ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည့်အတွက် သွင်းကုန် ပါမစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။ သို့သော် သင်္ဘောသည် ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ မြန်မာနှစ်ဆန်းနှစ်ရက်နေ့တွင် စားသုံးရန်မသင့်၍ ဖျက်ဆီးလိုက်သည်ဟုသတင်းသိရသည့်အတွက် ဆန်များသင်္ဘောပေါ်မှချပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဘက်မှ သိရှိရကြောင်း ကနဦးတွေ့ရှိချက်များအဖြစ် သိရသည်။

အဆိုပါ မြန်မာ့ဆန်များဖျက်ဆီးခံရမှုကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်၊ ဆန်တင်ပို့သူ၊ အရည်အသွေးစစ်ဆေးသည့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပါဝင်သည့် အစည်းအဝေးကို မကြာခင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

### စားသုံးရန်မသင့် စကားလုံးအားချေဖျက်ရန်

ထို့ပြင် အာဖရိကတိုက်ရှိ အိုင်ဗရီကို့စ်နိုင်ငံတွင် မြန်မာ့ဆန်များစားသုံးရန် မသင့်ဟုဆိုကာ ဖျက်ဆီးခဲ့ခြင်းသည် မြန်မာ့ဆန်ကို နာမည်ပျက်စေသည့်အတွက် အဆိုပါ "စားသုံးရန်မသင့်" ဆိုသည့် စကားလုံးအားချေဖျက်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လုပ်ဆောင်နေကြောင်း ယနေ့သတင်းမီဒီယာရှင်းလင်းပွဲမှ သိရသည်။

"ဒီဆန်ကို ဖျက်ဆီးဖို့လိုလာပြီဆိုရင် ဝယ်သူတစ်ယောက်တည်းနဲ့ ဖျက်ဆီးလို့မရဘူး။ သက်ဆိုင်ရာဝယ်လာတဲ့ ကုမ္ပဏီကို အကြောင်းကြားရမယ်။ သက်ဆိုင်ရာနိုင်ငံ၊ သံရုံးကို အကြောင်းကြားရမယ်။ ဒီလိုအကြောင်းကြားမှုမရှိဘဲ ဖျက်ဆီးလိုက်တာဟာ ဖျက်ဆီးသူမှာ တာဝန်ရှိတယ်။ ဒီအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို တင်ပြပြီးတော့ မြန်မာ့ဆန်ကို စားသုံးရန်မသင့်ဆိုတဲ့ စကားလုံးကို ဖြေရှင်းပေးဖို့ တောင်းဆိုသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# မုန်တိုင်ချောင်းအားဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတားအား အလှူရှင်က ငွေကျပ်သိန်းနှစ်ရာကျော်အကုန်အကျခံ၍ ပြန်လည်ပြုပြင်

**မိတ္ထီလာ မေ ၂၂**
မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂဠုန်ကုန်းကျေးရွာအုပ်စုသို့ ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မုန်တိုင်ချောင်းအား ဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတားအား အလှူရှင်က ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံကာ မေ ၂၁ ရက်မှ စတင်ကာ ပြန်လည်ပြုပြင်တည်ဆောက် ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားသည် ကျောက်ဖြူကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ အင်းပက်လက်ကျေးရွာများနှင့် ဂဠုန်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ရှင်မြို့ လက်ပံ့ခါးကော့၊ ရွာမ၊ ဂဠုန်ကုန်း၊ အုတ်မြေကန်ကျေးရွာများမှ ဒေသခံများ နေ့စဉ်နေ့ညမပြတ် ဖြတ်သန်းသွားလာနေရသော တံတားတစ်စင်းဖြစ်သည်။

အဆိုပါ နတ်စင်တံတားမှာ နှစ်ကာလကြာမြင့်သဖြင့် တံတား ကြမ်းခင်းသစ်သားများ ကျိုးပဲ့ပျက်စီးခြင်း၊ တံတား၏ဘေး ဘယ်ညာအကာအရံများ မရှိခြင်းတို့ကြောင့် အများပြည်သူသွားလာရာ၌ အန္တရာယ်ရှိလာနိုင်သဖြင့် ယင်း တံတားအား ကျောက်ဖြူကုန်းကျေးရွာမှ ဗိုလ်ကြီး သောင်းမြင့် (ငြိမ်း) မိသားစုက အလျားပေ ၈၀၊ အနံ ၁၅ ပေရှိ သစ်သား တံတားကို ပြန်လည်ပြုပြင်သွားမည်ဖြစ်သည်။

ထိုသို့ တံတားကို ပြန်လည်ပြုပြင်ရာတွင် တံတားကြမ်းခင်းများ၊ သစ်သားအစား သံမဏိများဖြင့် အစားထိုး၍ ကျောင်းမဖွင့်မီ မေလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ တံတားပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးပါက ကျေးရွာရှစ်ရွာမှ ဒေသခံများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း တံတားအလှူရှင်ဖြစ်သူ ဗိုလ်ကြီးသောင်းမြင့်(ငြိမ်း)က ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မုန်တိုင်ချောင်းဖြတ် နတ်စင်တံတား ပြန်လည်တည်ဆောက်နေမှုကို တွေ့ရစဉ်။

# နတ်မောက်၊ ပွင့်ဖြူနှင့် နတ်တလင်းမြို့နယ်တို့ရှိ လေဘေးနှင့် မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**နတ်မောက်**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မေ ၁၇ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် နတ်မောက်မြို့နယ် လေဘေးသင့်ကျေးရွာ ကိုးရွာရှိ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက အိုင်ဇောက်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ အနန္တသုခကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် နတ်မောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်လင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးတို့က ပျက်စီးဆုံးရှုံးသွားသော အိုင်ဇောက်ကျေးရွာ၊ ဝွေးချောင်းကျေးရွာ၊ ကြူချောင်းကျေးရွာ၊ ကံကြီးကုန်းကျေးရွာ၊ သမ္မုန်းကုန်းကြီးကျေးရွာ၊ ရွာကောက်ကျေးရွာ၊ ဉယျာဉ်(မ)ကျေးရွာ၊ လျှော်တောင်ကျေးရွာနှင့် အင်တောရွာသစ်ကျေးရွာများအား လေဘေးသင့်၍ အမိုးလန်အိမ်ထောင်စု (၈၀)နှင့် ပြိုကျအိမ်ထောင်စု (၁၀) စုအတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ် ၃၃၆၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ပြိုကျပျက်စီးနေအိမ် ကိုးလုံးနှင့် အခြားအမိုးလန်အိမ်ထောင်စုများအား နတ်မောက်မြို့နယ် ကြက်ခြေနီအသင်းမှ တာပေါ်လင်၊ စောင်၊ မိသားစုသုံးပစ္စည်းများနှင့် ဆေးစိမ်ခြင်ထောင်များကို အိမ်ထောင်စုချင်းအလိုက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



ပွင့်ဖြူမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

**ပွင့်ဖြူ**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မေ ၁၉ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းအရှိန်ကြောင့် လူနေအိမ်ခြောက်လုံး ထိခိုက်ပျက်စီးမှုအတွက် လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အချိန်အခါမရွေး ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် လူနှင့် တိရစ္ဆာန်၊ လူနေအိမ် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု လျော့နည်းကျဆင်းရေးအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ် ဉယျာဉ်ကျစ်ကျေးရွာနှင့် မကြီးရုံကျေးရွာတွင် လူနေအိမ်ခြောက်လုံး ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စု ခြောက်စုမှ လေဘေးသင့် ပြည်သူများထံ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးတို့အား ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**နတ်တလင်း**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကံတွင်းရွာရှိ မီးဘေးသင့်ပြည်သူများအား မေ ၂၂ ရက် မွန်းတည့် ၁၂နာရီက ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ကေသီမြင့်နှင့် တာဝန်ရှိသူများက မီးဘေးသင့်နေအိမ် ရှစ်လုံးအတွက် မိသားစုအသုံးအဆောင် ကယ်ဆယ်ရေးပစ္စည်း (၁၉)မျိုး၊ တစ်ဦးလျှင် ဆန်ဖိုး ခုနစ်ရက်စာ ငွေကျပ် ၂၁၀၀ နှုန်း၊ ပျက်စီးသွားသည့် သွပ်မိုးပျဉ်ကာအိမ်တစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀၀နှုန်း၊ သွပ်မိုးထရံကာ အိမ်တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၄၅၄၆၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# မန္တလေးမြို့တွင် နှစ်ရက်အတွင်း မီးလေးကြိမ်လောင်ခဲ့သဖြင့် ထပ်မံမဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မည်

**မန္တလေး မေ ၂၂**
အပူရှိန်မြင့်တက်လာမှုကြောင့် မန္တလေးမြို့တွင် နှစ်ရက်အတွင်း မီးလောင်မှု လေးကြိမ် ဖြစ်ပွားခဲ့သဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် အသိပေးလှုံ့ဆော်မှုများကို မီးသတ်ဦးစီးဌာနနှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် မေ ၂၀ ၊ ၂၁ ရက်တို့တွင် မီးလောင်မှု လေးကြိမ်ဖြစ်ပွားခဲ့ရာ နေအိမ် ခုနစ်လုံး ဆုံးရှုံးခဲ့ပြီး မိသားစု ၂၂ စု လူဦးရေ ၉၇ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားခဲ့ရသည်။

“ မီးလောင်ရတဲ့ အဓိကအကြောင်းရင်းက ပူပြင်းတာကြောင့် လျှပ်စစ်မီးကို သုံးစွဲမှုပိုများလာပြီး ဝိုင်ယာရှော့ ဖြစ်တာတွေကြောင့် လောင်တာတွေများတယ်။ အဲဒီအတွက် ပြည်သူတွေ သတိရှိစေဖို့ အသိပေးလှုံ့ဆော်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို အကြိုဂုဏ်ပြုသောအားဖြင့် အထူးစီမံချက်အနေနဲ့ အလုပြယာဉ်နဲ့အတူ မြို့နယ် ခုနစ်မြို့နယ်အတွင်း အသိပေးလှုံ့ဆော်မှုများကို လိုက်လံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု မန္တလေးတိုင်းဒေသကြီး ဇဟိုမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသိပေးလှုံ့ဆော်မှုများအနေဖြင့် နှစ်စဉ်ပြုလုပ်နေကျပုံစံဖြစ်သော အသံချဲ့စက်များဖြင့် လိုက်လံသတိပေးခြင်း၊ မီးသုံးစွဲမှုများအား စစ်ဆေးခြင်းတို့ကို ပြုလုပ်သွားမည့်အပြင် မီးလောင်လျှင် လုပ်ဆောင်ရမည့် နည်းစနစ်များကိုလည်း အသိပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် လုပ်ငန်းများတွင် မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ထားရှိခြင်း မရှိပါက အသိပေးမှုများ လုပ်ဆောင်သွားမည့်အပြင် ပြည်သူများ ပိုမိုသိရှိစေရန်အတွက် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

“မီးလောင်တာနဲ့ ချက်ချင်း အကြောင်းမကြားဘဲ ကိုယ့်သဘောနဲ့ကိုယ် ငြိမ်းသတ်တာတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်။ အဲဒါကြောင့် မီးလောင်မှုဖြစ်တာနဲ့ မီးသတ်ကို အကြောင်းကြားစေချင်ပါတယ်။ ပေါ့ဆမှုမဖြစ်အောင်လည်း သတိပြုကြဖို့ လိုပါတယ် ” ဟု ၎င်းက ဆက်လက်ပြောဆိုသည်။ မီးလောင်မှုဖြစ်ပွားလျှင် ကူညီမှုများ လုပ်ဆောင်ပေးရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မီးသတ်တပ်ဖွဲ့ဝင် တစ်ထောင်ကျော်နှင့် အရန်တပ်ဖွဲ့ဝင် သုံးသောင်းကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကျောက်တံခါးမြို့နယ်၌ လေပြင်းတိုက်ခတ်၍ အိမ်ခြေ ၅၀ ခန့်အမိုးလန်ပျက်စီး

**ကျောက်တံခါး မေ ၂၂**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မေ ၂၁ ရက် ညနေ ၃ နာရီက မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်တံခါးမြို့နယ်အတွင်း မကျီးပင်ကျေးရွာ၊ ခင်ကြီးကျေးရွာ၊ ကြာအင်းကုန်းကျေးရွာ၊ ရွာမအုပ်စု၊ သံမဏိရပ်ကွက်၊ အောင်မြေရပ်ကွက်၊ ခင်အင်းကြီးကျေးရွာနှင့် ကမ္ဘောဇရပ်ကွက်များ၌ အိမ်ခြေပေါင်း ၅၀ ခန့် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ပျက်စီးစာရင်းများအား ကောက်ယူခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဒဂုံနှင့် စစ်ကိုင်းအသင်း အနိုင်ရပြီး ရောဝတီအသင်း ပထမဆုံးရှုံးပွဲကြောင့် ထိပ်ဆုံးနေရာရယူခွင့် ဆုံးရှုံး

**ရန်ကုန် မေ ၂၂**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ဒဂုံနှင့် စစ်ကိုင်းအသင်း နိုင်ပွဲရယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံအသင်းက Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံအသင်းသည် ယခုရာသီ ဒုတိယမြောက် နိုင်ပွဲရယူပြီး တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခဲ့သည်။ ဒဂုံနှင့် Southern အသင်းတို့သည် ခြေစွမ်းအရ ကွာခြားမှု မရှိသောကြောင့် အပြန်အလှန်ရှိခဲ့သော်လည်း အဝေးကွင်း ရလဒ်ဆိုးနေသည့် Southern အသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

ဒဂုံအသင်းသည် နိုင်ငံခြားသား ကစားသမား သုံးဦး အပါအဝင် လူစုံ အသုံးပြုခဲ့ပြီး Southern အသင်းမှာလည်း ကောင်းစည်သူ၊ ထူးထူးအောင်၊ ရှိုင်းသူရတို့ဖြင့် အမာခံ ကစားသမား အစုံအလင် အသုံးပြုခဲ့သည်။ ပွဲအစတွင် ဒဂုံအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၃ မိနစ်တွင် ဖွဲခန့်က ဒဂုံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ Southern အသင်း တိုက်စစ်အားမြှင့်သော်လည်း တိုက်စစ်ကစားပုံ မကောင်းသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။

၄၈ မိနစ်တွင် Southern အသင်း ချေပဂိုးပြန်ရခဲ့ပြီး အောင်ဝဏ္ဏစိုးက ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး



ဒဂုံအသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern ဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်နေစဉ်။

၅၈ မိနစ်တွင် ဘမ်ဘာက ဒဂုံအသင်းအတွက် ဒုတိယဂိုး သွင်းယူသော်လည်း ၇၈ မိနစ်တွင် ကောင်းစည်သူက Southern အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့် ဒဂုံအသင်းသည် နှစ်ဂိုးစီ သရေကျပြီး နောက်ပိုင်းတွင်လည်း သုံးမှတ်အပြည့်ရစေမည့် အနိုင်ဂိုးရခဲ့ပြီး ၈၉ မိနစ်တွင် ဖွဲခန့်က သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ရောဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲအနိုင်ရလျှင် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အခွင့်အရေးလက်လွှတ်ခဲ့ရသလို ယခုရာသီ ပထမဆုံးရှုံးပွဲနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ယခုရာသီတွင် ပုံစံကောင်းပြသနေသည့် စစ်ကိုင်းအသင်းသည် နည်းပြချုပ် ဦးဇော်လင်းထွန်း လက်ထက်တွင် ရလဒ်ကောင်းများရနေပြီး နာမည်ကြီး ရောဝတီအသင်းကို အနိုင်ကစားနိုင်ခဲ့သည်။ သုံးမိနစ်တွင် ဖရိုင်းဒေးက စစ်ကိုင်းအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ခြောက်မိနစ်တွင် သီဟဇော်က ရောဝတီအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ စစ်ကိုင်းအသင်းသည် အိမ်ကွင်း၌ အသာစီးမှ ကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ဖရိုင်းဒေးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ပွဲစဉ် (၈) အပြီးတွင် ရတနာပုံအသင်းက ၁၇ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာပြီး ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းက ၁၆ မှတ်စီ၊ စစ်ကိုင်းနှင့် ရောဝတီအသင်းက ၁၅ မှတ်စီ၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ ဒဂုံနှင့် ဇွဲကပင်အသင်းက ခြောက်မှတ်စီ၊ မကွေးအသင်းက လေးမှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

# ကိုရီးယားလိဂ်တွင် မြန်မာနှင့် အာဆီယံကစားသမားများ ကစားခွင့်ရရန် အခွင့်အရေးရှိလာ

**ရန်ကုန် မေ ၂၂**

တောင်ကိုရီးယား K-League ပြိုင်ပွဲ၏ စည်းမျဉ်းသစ်ကြောင့် မြန်မာနှင့် အာဆီယံကစားသမားများသည် K-League ကလပ်အသင်းများတွင် ကစားခွင့်ရရန် အခွင့်အရေးရှိလာပြီဖြစ်သည်။

K-League ကလပ်အသင်းများတွင် ယခင်က သတ်မှတ်ထားသည့် နိုင်ငံခြားသားကစားသမား ခေါ်ယူမှုစည်းမျဉ်းကို ၃+၁ အစား ၃+၁+၁ စည်းမျဉ်းဖြင့် ပြောင်းလဲခဲ့ပြီး အာဆီယံကစားသမားများကို လာမည့် ၂၀၂၀ ရာသီတွင် စတင်အသုံးပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ K-League ကလပ်အသင်းတစ်သင်းဖြစ်သော အင်ချွန်းယူနိုက်တက်အသင်းသည် ဗီယက်နမ် လက်ရွေးစင်တိုက်စစ်မှူး ငုယင်ကောင်ဖောင်ကို အငှားဖြင့် ခေါ်ယူအသုံးပြုခဲ့ပြီး ဗီယက်နမ်ပရိသတ်များ၏ စိတ်ဝင်စားမှုနှင့် ရုပ်သံကြည့်ရှုမှုနှုန်းမြင့်တက်လာသောကြောင့် K-League အနေဖြင့် အာဆီယံဘောလုံးလောကနှင့် ပေါင်းစပ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



မြောင်တောင်ယူနိုက်တက်အသင်းတွင် သွားရောက်ကစားနေသည့် အောင်သူ
ဓာတ်ပုံ- စိုးညွန့်

အရှေ့အာရှအသင်းများသည် အာဆီယံဘောလုံးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိလာသလို တောင်ကိုရီးယား ဘောလုံးအဖွဲ့ချုပ်မှာလည်း အာဆီယံဘောလုံးလောကနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာကစားသမားများသည် ယခုရာသီတွင် ထိုင်းလိဂ်ကလပ်အသင်းများ၌ သွားရောက်ကစားနေပြီး အာရှထိပ်သီး K-League တွင် သွားရောက်ကစားနိုင်ရန် ခြေစွမ်းပိုင်း၊ ကြံ့ခိုင်မှုအပြင် ပရော်ဖက်ရှင်နယ်ပီသစွာ ကျင့်ကြံနေထိုင်နိုင်ရန် လိုအပ်နေရာ ပိုမိုကြိုးစားရမည်ဖြစ်သည်။ မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်းတွင် မြန်မာကစားသမားများသည် ထိုင်း၊ မလေးရှား၊ စင်ကာပူ ကလပ်အသင်းများသို့ သွားရောက်ကစားခဲ့ပြီး ၂၀၁၉ ရာသီတွင် မြန်မာကစားသမားအချို့မှာ ထိုင်းလိဂ်-၁ ကလပ်အသင်းများ၌ သွားရောက်ကစားလျက်ရှိသည်။ မြန်မာကစားသမားများအနက် အောင်သူမှာ မြောင်တောင်ယူနိုက်တက်အသင်း၊ ဇော်မင်းထွန်းနှင့် စည်သူအောင်မှာ ချောင်ဘူရီအသင်း၊ သိန်းသန်းဝင်းမှာ ရစ်ချာဘူရီအသင်း၊ ကျော်ကိုကိုမှာ ဆာမတ်ပရာခန်အသင်း၊ သန်းထက်အောင်မှာ ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားလျက်ရှိသည်။

ယခုနောက်ပိုင်းနှစ်များတွင် မြန်မာဘောလုံးသမားများအတွက် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားခွင့်ရရှိမှု အခွင့်အလမ်းများမှာ ပိုမိုများပြားလာပြီး အကောင်းဆုံးခြေစွမ်းကို ထိန်းထားနိုင်ရန်နှင့် သွားရောက်ကစားသည့် ကလပ်အသင်းများတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် စဉ်ဆက်မပြတ်ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဂေါက်သီးအားကစားဖွံ့ဖြိုးရေးအတွက် ဂေါက်သီးစည်းမျဉ်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုး တိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019 ) ကို ယနေ့နံနက်ပိုင်းက ကိုးမိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဇာနည်ဝင်း (ငြိမ်း)နှင့် ဗဟိုကော်မတီဝင်များ၊ သင်တန်းပို့ချမည့် နည်းပြများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က သင်တန်းအဖွင့် အမှာစကားပြောကြားပြီး မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးမြင့်ဝေ (၁)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ အဆိုပါ သင်တန်းသို့ ဂေါက်သီးအားကစား စိတ်ပါဝင်စားသူ သင်တန်းသူ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် မြန်မာ့ဂေါက်သီးအားကစားနည်း တိုးတက်လာစေရန်အတွက် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းပြိုင်ပွဲများ ကျင်းပခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ ပြုလုပ်လျက်ရှိသည်။ **ဖိုးသော်ဇင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ချယ်လ်ဆီး ဟာဇက်နေရာအား ကော်တင်ဟိုဖြင့် အစားထိုးရန် ချိန်ရွယ်နေ**

ချယ်လ်ဆီးအသင်းသည် အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဟာဇက် (၂၈နှစ်) အနေဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားနိုင်သည့်အတွက် အဆိုပါကစားသမား၏ နေရာကို ဘာစီလိုနာအသင်းမှ ဘရာဇီးကစားသမား ကော်တင်ဟို (၂၆နှစ်) ဖြင့် အစားထိုးရန် ရည်ရွယ်နေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

**လီဗာပူးနှင့် အာဆင်နယ် သော်ဂန်ဟာဇက်အား ကမ်းလှမ်းရန် အဆင်သင့်ရှိ**

လီဗာပူးနှင့် အာဆင်နယ်အသင်းတို့သည် မိုချန်ဂလာဘတ်အသင်းမှ အသက် (၂၆ နှစ်) အရွယ် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား သော်ဂန် ဟာဇက်အတွက် ကမ်းလှမ်းမှုပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**လီဗာပူး နီကိုလပ်စ် ပီပီအား ခေါ်ယူနိုင်ရန်အတွက် လိုင်လီအသင်းအား ဆက်သွယ်**

လီဗာပူးအသင်းသည် အိုင်ဗရီကို့စ်တိုက်စစ်ကစားသမား နီကိုလပ်စ် ပီပီ (၂၃နှစ်) အား ခေါ်ယူနိုင်ရန်အတွက် လိုင်လီအသင်းအား ဆက်သွယ်လိုက်ကြောင်း မေရာတွင် ဖော်ပြထားသည်။

**နယူးကာဆယ် အရိုဇီ ပီရက်ဇ်အား နွေရာသီတွင် အသင်းမှထွက်ခွာသွားနိုင်**

နယူးကာဆယ်အသင်းမှ စပိန်တိုက်စစ်ကစားသမား အရိုဇီ ပီရက်ဇ် (၂၅နှစ်) အနေဖြင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာသွားနိုင်သည်ဟု အရိပ်အမြွက်ပြောကြားလိုက်ကြောင်း မေရာတွင် ဖော်ပြထားသည်။

**ဘင်နီတက်ဇ် နယူးကာဆယ်အသင်း၌ ဆက်ရှိရန် မသေချာ**

နယူးကာဆယ်အသင်းသည် နည်းပြဖြစ်သူ ဘင်နီတက်ဇ်အား ကစားသမားဝယ်ယူမှုအတွက် ပေါင်သန်း ၁၀၀ သုံးစွဲခွင့်ပြုပေးထားသော်လည်း နယူးကာဆယ်အသင်း၌ အဆိုပါ နည်းပြ၏ အနာဂတ်သည် သံသယဖြစ်စရာအနေအထားတွင် ရှိနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အမ်ဘတ်ပီ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ကို ငြင်းဆို**

ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘတ်ပီ (၂၀နှစ်) သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဟု ထင်ကြေးပေး ပြောဆိုနေမှုများကို ငြင်းဆိုလိုက်ကြောင်း မေ ၂၂ ရက် နံနက်ပိုင်းတွင် ပီအက်စ်ဂျီအသင်းက မိုနာကိုအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ပီအက်စ်ဂျီ အသင်းအတွက် ဟက်ထရစ် သွင်းယူပြီးနောက်ထိုကဲ့သို့ ပြောကြားလိုက်ကြောင်း ဂိုးဒေါ့ကွန်းတွင် ဖော်ပြထားသည်။

**မာဆယ်လို ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိ**

ဘရာဇီးခံစစ်ကစားသမား မာဆယ်လိုသည် ၎င်း၏ အသင်းဖော်ဟောင်း စီရိုနယ်ဒို ရှိရာ စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးရဲမက်ဒရစ် အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိကြောင်း မေရာတွင် ဖော်ပြထားသည်။

**ဒေါ့မွန် ဒုတိယနေရာမှ လိုက်လံဖိအားပေးလျက်ရှိ**

မေ ၂၀ ရက်ညပိုင်းက ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၃၀ အဖြစ် ဖရိုင်းဘတ်နှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဒေါ့မွန်အသင်းသည် ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၃၀ကစားပြီးချိန်တွင် ရမှတ် ၆၉ မှတ်ရရှိကာ ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းအောက် တစ်မှတ်လျော့ အနေအထားဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ လိုက်လံဖိအားပေးလျက်ရှိနေသည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

အမှတ်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် စင်ကာပူပွဲတွင် ပထမပိုင်း၌ တစ်ဂိုးစီသရေကျနေသော်လည်း ၆၂ မိနစ်တွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းအတွက် ဂိုးများကို မိနစ် ၄၀ တွင် ဝေယံစိုးနှင့် ၆၂ မိနစ်တွင် ပြည့်ဖြိုးအောင်တို့က သွင်းယူခဲ့သည်။ အုပ်စုပတ်လည်ပွဲစဉ်များ အပြီးတွင် မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ဗီယက်နမ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် ဒုတိယ၊ ဟောင်ကောင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် တတိယရရှိခဲ့သည်။ စင်ကာပူအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပပြီး မြန်မာကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းမှာ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

ဟောင်ကောင် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲအစား ခြေစမ်းပွဲအဖြစ် ပြောင်းလဲကျင်းပသည့် နောက်ဆုံးနေ့တွင် မြန်မာ ယူ-၁၅ အသင်းသည် စင်ကာပူ ယူ-၁၅ အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **ရဲရင့်ရှိုင်း**

# မိုးအနည်းငယ် ထစ်ချုန်းရွာမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် AA အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်

**နေပြည်တော် မေ ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်လုံခြုံရေးစစ်ကြောင်းများနှင့် AA အဖွဲ့ မေ ၂၁ ရက် ညနေပိုင်းက ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး AA အဖွဲ့ထံမှ မိုင်းများနှင့် မိုင်းထောင်ရာတွင် အသုံးပြုသည့် ဓာတ်မြေသြဇာအိတ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် နယုန်တောင်ကျေးရွာ အနီးဝန်းကျင် တစ်ဝိုက် တပ်မတော်လုံခြုံရေး စစ်ကြောင်းများက နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ညနေ ၄ နာရီခန့်တွင် နယုန်တောင် ကျေးရွာ၏ အရှေ့မြောက်ဘက်၌ AA အဖွဲ့က လက်နက်ကြီး/လက်နက်ငယ် များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိတို့ဘက်မှ ပြန်လည်တိုက်ခိုက်ခဲ့ရာ ညနေ ၄ နာရီ ခွဲခန့်တွင် AA အဖွဲ့များသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားကြောင်း၊ ဖြစ်စဉ်တွင် ၎င်းတို့ထံမှ ဒေသန္တရလုပ် နင်းမိုင်း ငါးလုံး၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် ဓာတ် မြေသြဇာ ၁၀ အိတ်နှင့် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။



AA အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် ဒေသန္တရလက်လုပ်မိုင်းများအား တွေ့ရစဉ်။

ထို့ပြင် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာအနီး မောင်တော-အင္ဂူမော် ကားလမ်းဘေး၌ မေ ၂၁ ရက် ညပိုင်း တွင် AA အဖွဲ့ထောင်ထားသည့် မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း။

ယင်းပေါက်ကွဲမှုနှင့်ဆက်စပ်သူများ မောင်တောမြို့နယ် မောရဝတီကျေးရွာ၌ ခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ညပိုင်းတွင် ကျေးရွာအတွင်း ရှာဖွေစစ်ဆေးခဲ့ရာ မောရဝတီကျေးရွာနေ AA အဖွဲ့မှ ကျော်သိန်းကို ဖမ်းဆီးရမိခဲ့ပြီး လိုအပ်သည်များ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်ထိ ရခိုင်ပြည်နယ်အတွင်း အများ



AA အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် မိုင်းထောင်ရာတွင် အသုံးပြုသော ဓာတ်မြေသြဇာများအား တွေ့ရစဉ်။

ပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် AA အဖွဲ့က မိုင်းထောင်ခဲ့သည့်အကြိမ် ၁၃ ကြိမ်၊ မိုင်း ၄၁ လုံးရှိပြီး ခရီးသွားပြည်သူများ အန္တရာယ် မဖြစ်စေရေးအတွက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများက လုံခြုံရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရ သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာလာသည့် မော်တော်ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရ

**မောင်တော မေ ၂၂**

မောင်တောမြို့နယ် တောင်ပြို(ယာ) နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ လုံခြုံရေး လိုက်ပါဆောင်ရွက်သည့် ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်တစ်စီး ယနေ့နံနက်ပိုင်းက မိုင်းဆွဲ တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် တောင်ပြို၊ ငါးခူရ၊ ကြိမ်ချောင်း နယ်မြေရုံးတို့မှ တပ်ဖွဲ့ဝင်အချို့အား မော်တော်ယာဉ်ဖြင့် တောင်ပြို(ယာ) နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ ပို့ဆောင်စဉ် မောင်တောမြို့နယ် နယ်မြေ(၄) ဇီးပင်ချောင်းလမ်းဆုံနှင့် လိပ်ရလမ်းဆုံအရောက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့် တွင် ARSA အဖွဲ့နှစ်ဖွဲ့က လမ်း၏ ဝဲ/ယာ တောင်ကုန်းပေါ်မှ ဆွဲမိုင်းဆွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မိမိတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် ယာဉ်မောင်း ဒုတပ်ကြပ် ရှိုင်းထက်အောင်၏ ယာမျက်လုံး ယမ်းငွေ့ ရိုက်သည့်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး မော်တော်ယာဉ်မှာ ဦးခေါင်းကြေမွပျက်စီးသွားခဲ့ ကြောင်း၊ အဆိုပါနေရာအား တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းရှင်းလင်းလျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**



မောင်တောမြို့နယ်၌ ARSA အဖွဲ့က လုံခြုံရေးယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက် ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ပင်လည်ဘူးမြို့နယ်တွင် လူတစ်ဦးသေနတ်မှန်သေဆုံး

**ပင်လည်ဘူး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဝဲလာကျေးရွာ သဲချောင်း တံတားအနီးတွင် လူတစ်ဦးသေနတ်မှန်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၁ နာရီ ၁၀ မိနစ်ခန့်က ပင်လည်ဘူးမြို့နယ် မြေလင်းရဲကင်းစခန်းမှူး ဒုရဲအုပ်မင်းထိုက် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည် ဘူး-ကောလင်းသွားကားလမ်း ဝဲလာကျေးရွာသဲချောင်းတံတားအနီးတွင် ဖိုးမဲ မောင်းနှင်ပြီး ဇော်သန်းဦး လိုက်ပါလာသော ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့် စစ်ဆေးရာ အဆိုပါဆိုင်ကယ်မှာ ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးမောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးရာ ဆိုင်ကယ်နှစ်စီး လက်ကိုင်ချင်းချိတ်လဲသွားပြီး တစ်ဦးနဲ့တစ်ဦး လုံးထွေးသတ်ပုတ်နေစဉ် ဖိုးမဲက တပ်ကြပ်ထွန်းသိန်းထံမှ MA-13P-37055 နံပါတ်ပါ သေနတ်၏ မောင်းခလုပ်ကို လက်ဖြင့် ဆွဲညှစ်မိစဉ် ဖိုးမဲအား ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးထံမှလည်း ဘိန်းဖြူ ၀ ဒသမ ၆၂ ဂရမ်နှင့် ဆေးထိုးပိုက် တစ်ချောင်းတို့ကိုဖမ်းမိခဲ့သဖြင့် ပင်လည်ဘူးမြို့နယ် သဲချောင်းကျေးရွာနေ ဖိုးမဲနှင့် ဇော်သန်းဦးတို့ကို ပင်လည်ဘူးမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန” “မြန်မာနိုင်ငံတော်ဗဟိုဘဏ်”
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ “ဥပဒေရေးရာသိကောင်းစရာအဖြာဖြာ”(၂) ဦးဟန်ညွန့်(ဥပဒေ)တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဦးစံပေါ၊ဒေါ်အိအိစိုး ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၅း၃၅ - “မြင့်မိုရ်ထက်က မဟာမေမေ”

**ညပိုင်း**

- ၁၇း၀၅ - ဒေသတစ်ခုထုတ်ကုန်တစ်မျိုး “သဘာဝနှင့်မွေ့လျော်ကြသူများ မျှင်ငါးပိလုပ်ငန်း”
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၃၀ - “မြတ်နိုးကြည်မွေ့ သံရွာဓလေ့”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၉၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန” “ရန်ကုန်တိုင်းဒေသကြီး”
- \- နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်”(အပိုင်း-၂၆)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ဟိုပုံးမြို့နယ် လွိုင်လင်-တောင်ကြီးသွား ကားလမ်း မိုင်တိုင်အမှတ် (၁၄၄/၃)၊ လွယ်ဝိုးတုတ်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးသို့ မောင်းနှင်လာသည့် ဟွန်ဒါဖစ်အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် ဟိုပုံးမြို့မရဲစခန်း၊ ဆိုက်ခေါင်နယ်မြေရဲစခန်းတို့နှင့် ပူးပေါင်းတားဆီးသော်လည်း အဆိုပါယာဉ်မှာ လုံခြုံရေးအတားအဆီးများကိုတိုက်၍ ဆီဆိုင်မြို့ဘက်သို့ မောင်းနှင်သွားခဲ့ကြောင်း သိရှိရကာ ဆက်လက်ရှာဖွေရာ ညနေ ၆ နာရီတွင် ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ထီဟန်တုံးကျေးရွာ ရွာလယ်လမ်းရှိ ပိန္နဲပင်အောက်၌ မော်တော်ယာဉ်အား ရှေ့/နောက် လေကာမှန်ကွဲလျက် လူမရှိဘဲ ရပ်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၆၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းနှင့် နဘားကျေးရွာသွား ကားလမ်းဆုံ၌ မဇူးမောင်းနှင်ပြီး မနုနုမော် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဝင်းလွင် မောင်းနှင်လာသော ဆိုင်ကယ် နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ မဇူးမောင်းနှင်လာသည့် ဆိုင်ကယ်မှ ဆပ်ပြာခွက် ၂၃ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၀၇ ဂရမ်နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ကွက်နေ ဒေါ်ကိုင်(ခ) ဒေါ်ဇင်ခန့်ကိုင်ရာအား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒေါ်ကိုင်(ခ) ဒေါ်ဇင်ခန့်ကိုင်ရာ၊ ဝင်းလွင်၊ မဇူး၊ မနုနုမော်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ယူကရိန်းသမ္မတ ရွေးကောက်ပွဲတွင် မစ္စတာဇီလန်စကီးအနိုင်ရ

**ကိယက်ဗ် မေ ၂၂**

ရုရှားနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးရန် လိုလားသည့် ယူကရိန်းနိုင်ငံ၏ နိုင်ငံရေးသမားအသစ်တစ်ဦးဖြစ်သူမစ္စတာဇီလန်စကီးသည် ယူကရိန်းနိုင်ငံ၏ လာမည့်သမ္မတသစ်အဖြစ် ရွေးကောက်ခံရကြောင်းသိရသည်။ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သော သမ္မတရွေးကောက်ပွဲတွင် မဲအရေအတွက် ၇၅ ရာခိုင်နှုန်းကို ရေတွက်ပြီးချိန်တွင် မစ္စတာဗိုလိုဒီမာဇီလန်စကီးက မဲအရေအတွက် ၇၃ ဒသမ ၁ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း ရွေးကောက်ပွဲဘုတ်အဖွဲ့က ပြောသည်။

လက်ရှိသမ္မတပိုရိုရှန်ကိုက ၂၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် နောက်တွင်ကျန်ရစ်ခဲ့ကြောင်း သိရသည်။ မစ္စတာဇီလန်စကီးက ၎င်းကို ထောက်ခံခဲ့ကြသူများအားကျေးဇူးတင်ကြောင်းနှင့် ၎င်းတို့၏ မျှော်လင့်ချက် မပျက်စီးစေရဟုလည်းကတိပေးခဲ့သည်။ ပြင်သစ်သမ္မတမက်ခရွန်၊ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်တို့အပါအဝင် ဥရောပခေါင်းဆောင်များက ၎င်း၏ အနိုင်ရရှိမှုအတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ကြသည်။

မစ္စတာဇီလန်စကီးသည် နိုင်ငံရေးအတွေ့အကြုံ လုံးဝမရှိသူဖြစ်ပြီး တီဗွီစီးရီးတွင် ရိုးသားသည့် ကျောင်းဆရာတစ်ဦးက သမ္မတဖြစ်လာခဲ့ပြီး အကျင့်ပျက်ခြစားမှုများကို နှိမ်နင်းသည့်ဇာတ်ရုပ်တွင် ပါဝင်ရင်းနာမည်ကြီးလာသူလည်းဖြစ်သည်။ ၎င်း၏ပုံရိပ်ကြောင့်လည်း မဲပေးပွဲတွင် အထောက်အပံ့ဖြစ်ခဲ့သည်။ လက်ရှိသမ္မတပိုရိုရှန်ကိုသည် ရုရှားနှင့်ဆက်ဆံရာတွင် သဘောထားတင်းမာသူဖြစ်သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် နိုင်ငံအရှေ့ပိုင်းရှိခွဲထွက်ရေးသမားများကြား ပဋိပက္ခ ဖြေရှင်းနိုင်ရေးမှာ ဆွေးနွေးညှိနှိုင်းမှုသာလျှင်ဖြစ်ကြောင်း မစ္စတာဇီလန်စကီးကပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဗိုလိုဒီမာဇီလန်စကီးအောင်ပွဲခံနေသည်ကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံတွင် ပေါက်ကွဲမှုများအပြီး သံသယရှိသူများကို ဖမ်းဆီး

ကိုလံဘို မေ ၂၂

**သီရိလင်္ကာနိုင်ငံရှိ ဘုရားရှိခိုးကျောင်းနှင့် ဇိမ်ခံဟိုတယ်များတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တနင်္လာနေ့တွင် သေဆုံးသူဦးရေမှာ နိုင်ငံခြားသားများအပါအဝင် လူပေါင်း ၂၉၀ အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးဖြစ်သည့် ဗုံးပေါက်ကွဲမှုတွင် ယခုအခါ သီရိလင်္ကာရဲများက နောက်ထပ်သံသယရှိသူများကို ထပ်မံဖမ်းဆီးခဲ့ကြောင်း သိရသည်။ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ပေါင်း ၅၀၀ ကျော်ရှိလာခဲ့သည်။**

အသေခံဗုံးခွဲသူများသည် နိုင်ငံခြားသားများ အများဆုံးလာရောက်သည့် ဟိုတယ်များနှင့် ဘုရားရှိခိုးကျောင်းသုံးခုတို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယရှိသူများကို စီးနင်းရှာဖွေနေစဉ်အတွင်း နောက်ထပ်ပေါက်ကွဲမှု နှစ်ခုဖြစ်ပွားခဲ့သည်။ ယခုအချိန်အထိပေါက်ကွဲမှုမှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို မသိရသေးပေ။ သို့သော် ဖမ်းဆီးထားသူအရေအတွက်မှာ ၂၄ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးထားသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်အနည်းငယ်ကိုသာ ရဲများက ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပထမအကျော့ဖမ်းဆီးမှုတွင် လူပေါင်း ၁၃ ဦးခန့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဖမ်းဆီးခံထားရသူများအားလုံးမှာ အကြမ်းဖက်အဖွဲ့အစည်းများမှဖြစ်ကြောင်း ပြောသည်။ နောက်ထပ်ပေါက်ကွဲမှုများ ဖြစ်ပေါ်လာနိုင်သေးကြောင်း သတိပေးမှုများ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ယင်းတိုက်ခိုက်မှုမှာ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို သီရိလင်္ကာနိုင်ငံသားများက သိရှိလိုကြသည်။ ဝန်ကြီးချုပ် ရန်နေ့ဝှစ်ခရမန်ဆင်းဂ်ကမူ အဘယ်ကြောင့်လုံလောက်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်မထားကြောင်းဟု မေးမြန်းခဲ့သည်။ ပေါက်ကွဲမှုများဖြစ်ပွားနေချိန်တွင် သမ္မတ မိုင်သရီပါလာဆီရီဆီနာသည် နိုင်ငံခြားသို့ သွားရောက်နေပြီး တနင်္လာနေ့က သီရိလင်္ကာနိုင်ငံသို့ ပြန်လာခဲ့သည်။ ထို့နောက် ၎င်း၏ရုံးတွင် လုံခြုံရေးကောင်စီ အစည်းအဝေး ပြုလုပ်ခဲ့သည်။ ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် တနင်္လာနေ့ နံနက်အစောပိုင်းတွင် တိုင်းပြည်အနှံ့ သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပေါက်ကွဲမှုအပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ဆေးနေကြသည်ကို တွေ့ရစဉ်။

## ဥရောပ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ကို ဂျပန်ဝန်ကြီးချုပ်သွားရောက်

**တိုကျို မေ ၂၂**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည်ဥရောပနှင့် မြောက်အမေရိကသို့ သွားရောက်ရန် မေ ၂၂ ရက်တွင်ဂျပန်နိုင်ငံမှထွက်ခွာသွားကြောင်းသိရသည်။ ဇွန်လအတွင်း အိုဆာကာ၌ ဂျီ - ၂၀ထိပ်သီးအစည်းအဝေး ပြုလုပ်မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်ရန်အတွက် သွားရောက်ခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်သည် ပြင်သစ်၊ အီတလီ၊ စလိုဗက်ကီးယား၊ ဘယ်ဂျီယံ၊ အမေရိကန်၊ ကနေဒါတို့သို့ သွားရောက်မည်ဖြစ်ပြီး ၎င်းနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင်လည်း သမ္မတမက်ခရွန်နှင့် တွေ့ဆုံစဉ်အတွင်း နိုထရီဒိန်းဘုရားရှိခိုးကျောင်း ပြန်လည်တည်ဆောက်ရေးတွင် အကူအညီများပေးသွားရန်လည်း မျှော်လင့်ထားသည်။

ထို့ပြင် သမ္မတမက်ခရွန်နှင့်တွေ့ဆုံစဉ်အတွင်း လာမည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးအတွင်း ပလတ်စတစ်အမှိုက်များ၊ ပင်လယ်ရေပြင်ညစ်ညမ်းမှုနှင့် စပ်လျဉ်းသည့် ကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။ အမေရိကန်သမ္မတနှင့် တွေ့ဆုံစဉ်အတွင်း မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးအတွက် အတူအကွ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားရန် ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့် သီတင်းပတ်ကစတင်ခဲ့သည့် အမေရိကန်-ဂျပန် ကုန်သွယ်ရေးညှိနှိုင်းမှုတွင် ဆက်လက်လုပ်ဆောင်သွားမည့်အရာများကို ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ သမ္မတထရမ့်သည် မေလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဂျပန်ဧကရာဇ်အသစ်နှင့် တွေ့ဆုံမည့် ပထမဦးဆုံး နိုင်ငံခြားခေါင်းဆောင်တစ်ဦးဖြစ်လာမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဆူဒန်ဆန္ဒပြခေါင်းဆောင်များ ဆူဒန်တပ်ဖွဲ့နှင့် ညှိနှိုင်းမှုကို ရပ်ဆိုင်း

**ခါတွန် မေ ၂၂**

ဆူဒန်နိုင်ငံမှ ဆန္ဒပြသူများ၏ ခေါင်းဆောင်သည် ဆူဒန်တပ်ဖွဲ့အုပ်ချုပ်သူများနှင့် ဆွေးနွေးမှုကို မေ ၂၀ ရက်တွင် ရပ်တန့်ထားကြောင်း သိရသည်။ အုပ်ချုပ်ရေးအာဏာကို အရပ်သားများထံ လွှဲပြောင်းပေးရေးတောင်းဆိုမှုကို ဆူဒန်တပ်ဖွဲ့က လိုက်နာရန်ပျက်ကွက်ခဲ့ပြီးနောက် ဆွေးနွေးမှုကို ယခုလို ရပ်တန့်လိုက်ခြင်းဖြစ်သည်။

မေ ၁၁ ရက်က ဆူဒန်သမ္မတ အိုမာ အယ်ဘတ်ရှာကို ဖြုတ်ချခဲ့ပြီးနောက် ဆန္ဒပြခေါင်းဆောင်များသည် အရပ်သားခေါင်းဆောင်များကို အာဏာလွှဲပြောင်းပေးနိုင်ရေး အရပ်သားအဖွဲ့ဝင်များ၏ အမည်ကိုစီစဉ်ခဲ့သည်။

ဆူဒန်တပ်ဖွဲ့ကောင်စီ နှင့် ဆွေးနွေးမှုများကို ရပ်ဆိုင်းထားကြောင်း အပြင်တွင် စောင့်ဆိုင်းနေကြသည့် ဆန္ဒပြသူများကို ဆန္ဒပြလှုပ်ရှားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အယ်အမင်က ပြောကြားခဲ့သည်။

ဆန္ဒပြမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆူဒန်တပ်ဖွဲ့ကောင်စီသည် ဖြုတ်ချခံခဲ့ရသည့် ဘတ်ရှာ၏ အစိုးရအဖွဲ့နှင့် ထူးမခြားနားပင် ဖြစ်သည်ဟုစွပ်စွဲခဲ့ကြသည်။

၎င်းတို့၏တောင်းဆိုမှုများ မပြည့်မချင်း ဆန္ဒပြမှုများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမင်က ဆက်ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်၏ ငြိမ်းချမ်းရေးအစီအစဉ်သစ်တစ်ရပ် ပါလက်စတိုင်းသမ္မတ အယုံအကြည်မရှိ

**ရာမလာ မေ ၂၂**

အကယ်၍ အမေရိကန်ပြည်ထောင်စုသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အဆိုပြုချက်အသစ်များ ပြုလုပ်လာမည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသအတွင်း ဖြစ်ပွားနေသည့် အခြေအနေများ ပိုမိုဆိုးရွားလာလိမ့်မည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က ပြောကြားလိုက်သည်။

သမ္မတထရမ့်အစိုးရအဖွဲ့က အစ္စရေး- ပါလက်စတိုင်း အရေးကိစ္စအတွက် ငြိမ်းချမ်းရေးအစီအစဉ်သစ်တစ်ရပ်ကို လာမည့် ဇွန်လတွင် တင်ပြသွားမည်ဟု ထင်မြင်ချက်များ ပေးနေကြချိန်တွင် အီဂျစ်နိုင်ငံ၌ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည့် အာရပ်လိဂ်အဖွဲ့ အစည်းအဝေး၌ သမ္မတမာမွတ်အာဘတ်စ်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန် ထိပ်တန်းအာဏာပိုင်များက ယင်းငြိမ်းချမ်းရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းသည် နှစ်ဖက်အဖွဲ့အစည်းအတွက် ခိုင်မာမှုရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယင်းအစီအစဉ်ကို လက်ခံရန် နှစ်ဖက်စလုံးကို တိုက်တွန်းလျက်ရှိသည်။

ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် အမေရိကန်၏ သတ်မှတ်မှုနှင့် ပတ်သက်၍လည်း အာဘတ်စ်က ပြောဆိုခဲ့ပြီး ပါလက်စတိုင်းပြည်သူများ ကျေနပ်နှစ်သိမ့်စေမည့်အရာကို ကမ်းလှမ်းခြင်းဖြင့် အမေရိကန်အတွက် မည်သည့်အကျိုးရလဒ်ရှိကြောင်းကိုလည်း မေးခွန်းထုတ်လိုက်သည်။ ထို့ပြင် ဝါရှင်တန်သည် ပါလက်စတိုင်းပြည်သူများကို လှည့်ဖြားရန် ကြံစည်နေခြင်းမျှသာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အာရပ်နိုင်ငံများသည် ထရမ့်အစိုးရအဖွဲ့နှင့် ဆက်ဆံရေးခိုင်မာလျက်ရှိပြီး ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံတို့က ထရမ့်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးအစီအစဉ်သစ်ကို လက်ခံရန် ပါလက်စတိုင်းကို တွန်းအားပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်

# အီဂျစ်ပြည်သူတို့အတွက် သေချာဆုံးဖြတ်ရမည့်အချိန်

ခြူးစန္ဒီနွေး

**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တစ်လွှားကို ကြည့်လိုက်မယ်ဆိုရင် အီဂျစ်နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ထောက်ခံကြဖို့ လှုပ်ရှားနေမှုတွေကို တွေ့ရမှာပဲဖြစ်ပါတယ်။ တကယ်လို့များ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခွင့်ရခဲ့မယ်ဆိုရင် လက်ရှိသမ္မတ အဗ္ဗဒူဖာတာအယ်စီစီဟာ ၂၀၃၀ မတိုင်ခင် အချိန်အထိ အာဏာကို ဆက်လက်ထိန်းသိမ်းခွင့်ရတော့မှာပါ။ အဲဒီအတွက် လူထုဆန္ဒခံယူပွဲကို မေ ၂၀ ရက်ကနေ ၂၂ ရက်နေ့အထိ သုံးရက်ကြာ ပြုလုပ်ခဲ့ပါတယ်။**




လူထုဆန္ဒခံယူပွဲအတွက် မဲဆွယ်ထားသည့် ပိုစတာတစ်ခုကို တွေ့ရစဉ်။

**သမ္မတစီစီအတွက် အထူးအခွင့်အရေး**

အီဂျစ်နိုင်ငံရဲ့တည်ငြိမ်ရေးနဲ့လုံခြုံရေးအတွက် ဖွဲ့စည်းပုံပြင်ဆင်ရေးကို ထောက်ခံသင့်တယ်ဆိုပြီး စည်းရုံးထားတဲ့ ဆိုင်းဘုတ်တွေကိုလည်း နေရာအနှံ့တွေ့နေရပါတယ်။ အခုအသစ်ပြင်ဆင်မယ့်အချက်အရ သမ္မတသက်တမ်းဟာ လေးနှစ်ကနေ ခြောက်နှစ်အထိ ဖြစ်သွားမှာဖြစ်ပြီး သမ္မတဟာလည်းတစ်ကြိမ်သာ ရွေးကောက်ခံခွင့်ရှိမှာပါ။ ဒါပေမယ့် မစ္စတာစီစီအတွက်ကတော့ အထူးအခွင့်အရေးရှိပါတယ်။ သူဟာလက်ရှိသမ္မတသက်တမ်းကို ခြောက်နှစ်အထိ တိုးချဲ့နိုင်မှာဖြစ်သလို သူဟာ တတိယအကြိမ်အဖြစ်လည်း သမ္မတရွေးကောက်ပွဲကို ခြွင်းချက်တစ်ခုအနေနဲ့ ဝင်ရောက်ခွင့်ရှိမှာပါ။

**အာဏာရှင်စနစ်ပြန်သွားနေတာလား**

သမ္မတစီစီဟာ အီဂျစ်တပ်ဖွဲ့ရဲ့ကျောထောက်နောက်ခံရှိပြီး ၂၀၁၄ ခုနှစ်မှာသမ္မတ ဖြစ်လာခဲ့ပါတယ်။ သူဟာ ၂၀၂၂ ခုနှစ်ဆိုရင် သူ့ရဲ့ ဒုတိယအကြိမ် သမ္မတသက်တမ်းဟာ ကုန်ဆုံးတော့မှာပါ။ တိုင်းပြည်ကို လူတစ်ဦးတည်းကသာ အုပ်ချုပ်တဲ့ အခြေအနေမျိုးဖြစ်လာအောင် ပြန်သွားနေတာနဲ့အတူတူပဲလို့ အတိုက်အခံလစ်ဘရယ်တစ်ဦးဖြစ်တဲ့ ခါလက်ဒါဝူးက ပြောပါတယ်။ ၂၀၁၁ခုနှစ် တော်လှန်ရေးကာလမတိုင်ခင် အာဏာရှင် စနစ်အုပ်ချုပ်တဲ့ပုံစံကိုပြန်သွားနေတာပဲလို့ သူက ယုံကြည်နေပါတယ်။ ဒီပြောင်းလဲမှုသာ အတည်ဖြစ်သွားရင် သမ္မတစီစီဟာ တရားရေးကိုထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သမ္မတဟာ ရှေ့နေချုပ်ကို ခန့်အပ်နိုင်မှာဖြစ်သလို အဆင့်မြင့်ရာထူးဖြစ်တဲ့ တရားသူကြီးတွေကိုလည်းသမ္မတက ခန့်အပ်ခွင့်ရမှာပါ။

**မျှော်လင့်ချက်ရေစုန်မျောနိုင်**

ဒီလိုသာဆိုရင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတုန်းက ပြည်သူတွေအားလုံး လမ်းမပေါ်ထွက်ပြီး အာဏာရှင်စနစ်အဆုံးသတ်ရေးတောင်းဆိုခဲ့မှုဟာ အလဟဿ ဖြစ်သွားတော့မှာပါ။ နောက်ပြီးတော့ အလှည့်ကျအာဏာရယူပြီး တာဝန်ခံမှုရှိတဲ့ သမ္မတဖြစ်လာစေရေးဆိုတဲ့ ပြည်သူသန်းပေါင်းများစွာရဲ့ မျှော်လင့်ချက်ဟာ ရေစုန်မျောသွားလိမ့်မယ်လို့ ပြောပါတယ်။ ဖွဲ့စည်းပုံပြင်ဆင်ရေး သို့မဟုတ် လူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီး မစ္စတာစီစီဟာ ဘာမှထုတ်ပြန်ပြောကြားတာမျိုး မရှိပါဘူး။

**နိုင်ငံရေး တက်ကြွလှုပ်ရှားလာ**

ပါလီမန်ဥက္ကဋ္ဌက အများစုရဲ့ သဘောထားနဲ့အတူ ဒီအဆိုပြုချက်ကို ရှေ့ဆက်ဖို့ကြိုးစားနေတယ်ဆိုတာကို ရှင်းလင်းအောင် လုပ်ဆောင်နေပါတယ်။ ဒါပေမယ့်လည်း ပါလီမန်မှာက သမ္မတရဲ့သစ္စာတော်ခံတွေနဲ့ပဲ ပြည့်နေတာပါ။ သမ္မတကို ထောက်ခံသူတွေကတော့ သမ္မတရဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်နိုင်ဖို့ အာဏာဆက်လက် ဆုပ်ကိုင်ထားသင့်တယ်လို့ ငြင်းခုံနေကြပါတယ်။ လွှတ်တော်အမတ်တစ်ဦးဖြစ်တဲ့ မိုဟာမက်အဘူဟာမက်ကတော့ ပြင်ဆင်ခွင့်သာရသွားရင် အနာဂတ်မှာရွေးကောက်ပွဲဆိုတာ ရှိတော့မှာမဟုတ်ဘူး။ တကယ်လို့များ သမ္မတ စီစီဟာ နောက်တစ်ကြိမ် သမ္မတလုပ်ဖို့ ဝင်ပြိုင်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့ရင် မဲဆန္ဒရှင်တွေကို ပိုမိုဆွဲဆောင်နိုင်တဲ့ နောက်ထပ်ပြိုင်ဘက်တစ်ဦးနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်နေရဦးမှာလို့ ပြောပါတယ်။ ၂၀၁၁ ခုနှစ် အုံကြွမှုအပြီးမှာတော့ အီဂျစ်နိုင်ငံရဲ့နိုင်ငံရေးဟာ ပိုပြီးတက်ကြွလှုပ်ရှားလာခဲ့ပါတယ်။

**စိတ်အားထက်သန်မှု ပျောက်ဆုံး**

၂၀၁၁ ခုနှစ် တော်လှန်ရေးအပြီး တစ်နှစ်အကြာ ပထမအကြိမ် သမ္မတရွေးကောက်ပွဲပြုလုပ်စဉ်အခါက လူတန်းကြီးဟာမဲပေးဖို့အတွက် နာရီနဲ့ချီပြီးမဲရုံတွေမှာ စောင့်ဆိုင်းခဲ့ကြပါတယ်။ အဲဒီရွေးကောက်ပွဲမှာ မိုဟာမက်မော်စီ အနိုင်ရခဲ့ပါတယ်။ သူဟာ ပထမဦးဆုံးအရပ်သားသမ္မတ ဖြစ်လာခဲ့ပါတယ်။ နောက်တစ်နှစ်လောက်ကြာတဲ့အခါမှာတော့ မစ္စတာစီစီဟာ သူ့နေရာမှာ ဝင်ယူခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ အီဂျစ်တွေရဲ့ စိတ်အားထက်သန်မှုဟာ ပျောက်ဆုံးနေတာကို တွေ့ရမှာပါ။ "ကျွန်တော်ရဲ့မဲနဲ့ ဘယ်လိုမျိုးပြောင်းလဲမှုကို လုပ်လို့ရမှာလဲ၊ ဒီလူထုဆန္ဒခံယူပွဲမှာ ကျွန်တော်ပါဝင်ပြီး မဲပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ ဒီပြင်ဆင်ရေးကတော့ သူ့ဘာသာပြီးသွားမှာပါပဲ" လို့ အီဂျစ်လူငယ်တစ်ဦးက ပြောပါတယ်။ လူအချို့ကတော့ အခြားသောအရာတွေထက် လူတို့ရဲ့ အသက်မွေးဝမ်းကြောင်း ကိစ္စကိုသာ စိတ်ဝင်စားကြတာပါ။ "ကျွန်မကတော့ ဒီပြောင်းလဲမှုတွေကို မကြားဖူးပါဘူး။ သေချာတာကတော့ ဒီလိုလုပ်နေတာဟာ လူထုအတွက် မဟုတ်ဘူး။ သူတို့ပိုပြီး အာဏာရလာဖို့ပါ"လို့ လူလတ်ပိုင်းအမျိုးသမီးတစ်ဦးက ပြောပါတယ်။ "အရာအားလုံးက မှားယွင်းနေတယ်၊ ဈေးတွေကလည်း တက်နေတယ်။ နေထိုင်မှု အခြေအနေဟာလည်း အန္တရာယ်ကြီးမှာ၊ ဒါကြောင့်မဲမပေးတော့ဘူး"လို့ သူက ဆက်ပြောပါတယ်။

**တည်ငြိမ်ရေးကအဓိက**

မဲပေးဖို့ဆုံးဖြတ်ထားကြသူတွေကတော့ နိုင်ငံရဲ့တည်ငြိမ်ရေးဆိုတာ အဓိက ဦးစားပေးအကြောင်းအရာပါပဲ။ "ဒေသတွင်းမှာဘာတွေဖြစ်ပျက်နေသလဲဆိုတာကြည့်လိုက် အနည်းဆုံးတော့ တို့တွေငြိမ်းချမ်းမှုကိုခံစားရနိုင်တယ်"လို့ အသက် ၅၀ ဝန်းကျင်အရွယ် မိုဟာမက်က ပြောပါတယ်။ သူကတော့ သမ္မတဟာ လမ်းတံတားနဲ့ အခြေခံအဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံထားတယ်လို့ ယုံကြည်ပါတယ်။ တကယ်လို့ သူသာထွက်သွားရင် နောက်လူတွေဟာအစက ပြန်စနိုင်မှာ မဟုတ်ဘူးလို့ သူကဆက်ပြောပါတယ်။

သမ္မတစီစီရဲ့ အစိုးရအဖွဲ့ဟာ ကာလရှည်ကြာမရခဲ့တဲ့ တည်ငြိမ်မှုကို ပြန်ရအောင်လုပ်နိုင်ခဲ့လို့ ဂုဏ်သိက္ခာရရှိခဲ့ပါတယ်။ တိုင်းပြည်စီးပွားရေးရဲ့ အသက်သွေးကြောလို့ဆိုရမယ့် ခရီးသွားလုပ်ငန်းဆိုတာကလည်း တိုင်းပြည်အတွင်း တည်ငြိမ်မှုရှိမှ လုပ်ကိုင်လို့ရတာပါ။ တရားဝင်စာရင်းအချက်အလက်တွေအရ ခရီးသွားတွေဟာ အီဂျစ်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းမှာ တိုးတက်မှုတွေ ရှိလာတာကို တွေ့ရပါတယ်။

**အမျိုးသမီးတွေအတွက် အခွင့်အရေး**

အခုပြင်ဆင်မယ့်ဖွဲ့စည်းပုံအရ အမျိုးသမီးပါလီမန်အမတ်လောင်းအရေအတွက်ဟာလည်း များလာမှာပါ။ ၂၅ ရာခိုင်နှုန်းကို အမျိုးသမီးတွေအတွက် ခွဲတမ်းချထားပေးပါတယ်။ ဆယ်စုနှစ်များစွာအတွင်း အီဂျစ်တပ်ဖွဲ့ဟာ အီဂျစ်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးမှာ အရေးပါခဲ့ပါတယ်။ အခု ဖွဲ့စည်းပုံပြောင်းလိုက်ရင်လည်း အီဂျစ်တပ်ဖွဲ့မှာ အရင်ကထက်လုပ်ပိုင်ခွင့်တွေ ပိုရလာတော့မှာပါ။ ၂၀၁၁ခုနှစ် တိုင်းပြည်မငြိမ်မသက် ဖြစ်နေစဉ်ကာလအတွင်း ဟိုစနီမူဘာရက်ကို ဖြုတ်ချခဲ့စဉ်ကလည်း အီဂျစ်တပ်ဖွဲ့ဟာ ပြည်သူတွေနဲ့အတူ ရှိနေခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၃ ခုနှစ် မစ္စတာမော်စီကို ဖြုတ်ချစဉ်မှာလည်း အီဂျစ်တပ်ဖွဲ့ရဲ့ အကူအညီပါခဲ့ပြန်ပါတယ်လို့ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အဘူဟာမက်က ပြောပါတယ်။

**မီဒီယာတွေမှာ ဖော်ပြခွင့်မရ**

အတိုက်အခံတွေဘက်ကတော့ ဖွဲ့စည်းပုံကိုပြင်မယ့်ကိစ္စကို လူထုဆန့်ကျင်မှုတွေ ပြုလုပ်နိုင်ခြင်းမရှိအောင် အာဏာပိုင်တွေက ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒေသတွင်းမီဒီယာတွေမှာလည်း ဖော်ပြခွင့်မရခဲ့ဘူးလို့ပြောပါတယ်။ အီဂျစ်မှာ သတင်းဝက်ဘ်ဆိုက် ရာနဲ့ချီပြီးတော့ အကြမ်းဖက်သမားတွေကို ထောက်ခံတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ လွန်ခဲ့တဲ့နှစ်တွေ အတွင်းမှာ အပိတ်ခံထားရပါတယ်။

လူ့အခွင့်အရေးရှေ့နေ တစ်ဦးဖြစ်တဲ့ မော့ခ်တာမိုနီယာကတော့ "အီဂျစ်မှာ နိုင်ငံရေးအကျဉ်းသားတွေ အများကြီးပါပဲ။ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေမရလို့ သေသွားရတဲ့ လူတွေလည်း ရှိပါတယ်။ အမျိုးသမီးတွေဟာလည်း အရေးမပါတဲ့ စွပ်စွဲချက်တွေနဲ့ တရားစွဲဆိုတာခံနေရပါတယ်"လို့ ပြောပါတယ်။ သမ္မတကတော့ အီဂျစ်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့ အကျဉ်းသား မရှိဘူးလို့ ထပ်ခါထပ်ခါ ပြောခဲ့ပါတယ်။ အခုအချိန်မှာတော့ အခြေအနေတွေအားလုံးဟာလည်း ငြိမ်သက်နေပါပြီ။ အီဂျစ်မဲဆန္ဒရှင်တွေအတွက်ကတော့ သေချာစဉ်းစားဆုံးဖြတ်ရမယ့်အချိန်ပါပဲ။ ။

ကိုးကား - ဘီဘီစီ

# နိုင်ငံတကာသတင်းတိုများ

## ဒူတာတေးအစိုးရအဖွဲ့ကို ဖျက်ဆီးရန် ကြံစည်နေသည့် သတင်းစာကို သတိပေး

**မနီလာ မေ ၂၂**

သမ္မတ ဒူတာတေး၏ အစိုးရအဖွဲ့ကို ဖျက်ဆီးရန် လျှို့ဝှက်ကြံစည်နေသည့် သတင်းစာကို ဖိလစ်ပိုင်အစိုးရက သတိပေးခဲ့ကြောင်း သိရသည်။ သမ္မတဒူတာတေးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ယင်းသတင်းစာမှ သတင်းသမားများကို မဟုတ်မမှန်သတင်းများ ဖြန့်ဝေနေသည်ဟု စွပ်စွဲထားသည်။ မကြာသေးမီက ပေါ်ထွက်လာသည့် ဒေသမီဒီယာတစ်ခု၌ ဒူတာတေးမိသားစုက တရားမဝင်မူးယစ်ဆေးဝါးကိစ္စများတွင် ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲထားပြီး သမ္မတ၏ ပိုင်ဆိုင်မှုများအကြီးအကျယ် တိုးပွားလာမှုနှင့် ပတ်သက်၍ မေးခွန်းများပေါ်ထွက်လာစေခဲ့ပြီးနောက်တွင် အစိုးရအဖွဲ့ထံမှ ထိုသို့သတိပေးချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

မဟုတ်မမှန်လုပ်ကြံသတင်းများကို ဖြန့်ဝေလျက် ဒူတာတေးအစိုးရအဖွဲ့ကို ပျက်ပြားအောင် ကြိုးစားနေပြီး အစိုးရကို လျှို့ဝှက်ကြံစည်မှုများလုပ်ဆောင်ရန် စီစဉ်နေကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆယ်လ်ဗာဒေါ်ပါနီလိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

## နျူကလီးယားဓာတ်ပေါင်းဖိုအရေအတွက် တတိယအများဆုံး တရုတ်နိုင်ငံဖြစ်

**ပေကျင်း မေ ၂၂**

တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ လည်ပတ်လျက်ရှိသည့် နျူကလီးယားဓာတ်ပေါင်းဖိုအရေအတွက် တတိယအများဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်း ဂျပန်နျူကလီးယား စက်မှုလုပ်ငန်းအသင်း၏ အစီရင်ခံစာက ဖော်ပြသည်။

ကမ္ဘာ့နျူကလီးယားစွမ်းအင်နှင့်ပတ်သက်သည့် အလှည့်အပြောင်းတစ်ခုလည်းဖြစ်ကြောင်း ယင်းအစီရင်ခံစာက ဖော်ပြသည်။ တရုတ်နိုင်ငံ၌ လည်ပတ်လျက်ရှိသည့် ဓာတ်ပေါင်းဖိုအရေအတွက် ၄၄ ခုရှိပြီး ယခင်နှစ်ကထက် ခုနစ်ခုပိုများလာကြောင်း ဂျပန်အဏုမြူ စက်မှုလုပ်ငန်းဖိုရမ်ကထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ဓာတ်ပေါင်းဖို ၉၈ ခုလည်ပတ်မှုရှိပြီး ပြင်သစ်နိုင်ငံတွင် လည်ပတ်နေသည့် ဓာတ်ပေါင်းဖို အရေအတွက်မှာ ၅၈ ခုဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များလာသည်နှင့်အမျှ နျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုပမာဏကို မြှင့်တင်ရန်အတွက် ဓာတ်ပေါင်းဖို ၃၈ ခုကို တည်ဆောက်ရန် စီစဉ်ထားကြောင်းကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# မိမိမြို့ပြ သာယာရေး စုပေါင်းအင်အားဖြင့် အလှဆင်ပေး

မြို့တစ်မြို့ သန့်ရှင်းသာယာလှပမှုသည် သက်ဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်ကျေပွန်မှုအပေါ် မူတည်သကဲ့သို့ ယင်းမြို့တွင် နေထိုင်သူများ၏ ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် သန့်ရှင်းလှပမှုအပေါ် တန်ဖိုးထားမှုတို့အပေါ်တွင်လည်း မူတည်သည်။ မြို့တစ်မြို့၊ ခရိုင်တစ်ခု၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခု၏ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပလာသည်နှင့်အမျှ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် သာယာလှပလာမည်ပင်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ၂၀၁၅ ခုနှစ် နောက်ပိုင်းကာလကစတင်ပြီး မိတ္ထီလာကန်ချစ်သူများအဖွဲ့ဟူ၍ လူတန်းစားပေါင်းစုံ၊ အသက်အရွယ်မျိုးစုံ၊ အမျိုးသမီး အမျိုးသားမခွဲခြားဘဲ ပါဝင်သည့်အဖွဲ့ပေါ်ပေါက်လာခဲ့ပြီး မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ရက်တာ စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်လာခဲ့ရာ ယနေ့တိုင် မိတ္ထီလာကန်ချစ်သူများအဖွဲ့မှာ စုပေါင်းအမှိုက်ကောက်ခြင်း ဆောင်ရွက်နေဆဲဖြစ်သည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှလည်း သန့်ရှင်းရေးဝန်ထမ်း ၇၀ ကျော်ဖြင့် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်၊ မြို့မဈေးကြီးနှင့် ဈေးများသန့်ရှင်းရေးအတွက် အမှိုက်သိမ်းယာဉ် ၁၅ စီးဖြင့် နေ့စဉ်တစ်နေ့သုံးကြိမ် အမှိုက်များ သိမ်းဆည်းပေးလျက်ရှိသည်။ ထို့အတူ မိတ္ထီလာဒေသရှိ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ NGOs အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများကလည်း အခါအားလျော်စွာ မိတ္ထီလာမြို့နှင့် မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်လျက်ရှိရာ မြို့၏ သာယာလှပမှုမှာလည်း ပိုမိုတိုးတက်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် "သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပဖို့ လူတိုင်းကိုယ်စီတာဝန်ယူကြစို့"ဟု တိုက်တွန်းလျက် မိတ္ထီလာဒေသရှိ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ NGOs များနှင့် ဒေသခံပြည်သူများ၏ မိတ္ထီလာမြို့နှင့် မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်လှုပ်ရှားမှုများကို ခင်းကျင်းဖော်ပြလိုက်ပါသည်။

ချမ်းသာ(မိတ္ထီလာ)





မိတ္ထီလာကန်ပတ်ဝန်းကျင်နှင့် ကန်ပတ်လမ်းရှိ ပြည်သူ့ကွင်းပြင်တွင် မိတ္ထီလာကန်ချစ်သူများအဖွဲ့ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုလတ်ဇော်



ဒေသခံပြည်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ စုပေါင်းဆောင်ရွက်မှုဖြင့် သန့်ရှင်းသာယာလှပနေသော မိတ္ထီလာမြို့နံနက်ခင်းမြင်ကွင်း။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)



မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများကလည်း အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များ ဤသို့သိမ်းဆည်းကြသည်။ ဓာတ်ပုံ-ကိုအောင်ကြိုင်



မိတ္ထီလာကန်ပတ်လမ်းအနီး ပြည်သူ့ကွင်းပြင်တွင် သန့်ရှင်းသာယာရေးအတွက် အမှိုက်ကောက်သိမ်းဆည်းနေသည့် မိတ္ထီလာသားတစ်ဦး။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)



မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ စုပေါင်းအမှိုက်ကောက်မှုမြင်ကွင်း။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

# ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံ မိုင်းယုမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ



ရှမ်းပြည်နယ်ဝန်ကြီးနှင့် မိုင်းယုမြို့နယ် ဒေသခံပြည်သူများ တွေ့ဆုံကြစဉ်။

**မိုင်းယု မေ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့သို့ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံသည် ယမန်နေ့က ဝမ်တာကြန့်ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးလက်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေးဦးစွာပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များနှင့် လတ်တလောဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြကြရန် အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာပြည်သူများ၏ ကိုယ်စား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ကျေးရွာအုပ်စုများအတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးဆိုင်ရာ အခြေအနေများကို ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မိုင်းယောင်း-မိုင်းယု ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်အတွင်း ထရန်စဖော်မာထပ်မံတိုးချဲ့တပ်ဆင်



ချမ်းမြသာစည်မြို့နယ်အတွင်း ထပ်မံတိုးချဲ့တပ်ဆင်ထားသည့် ထရန်စဖော်မာ။

**မန္တလေး မေ ၂၂**

မန္တလေးခရိုင်အတွင်းရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ၏ ကြီးကြပ်မှုဖြင့် မေ ၁၉ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာဦးစီး၍ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၄၉ × အောင်ဇေယျလမ်းထောင့် ရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအား ဝန်အားမျှကူရန် ထွန်တုံးရပ်ကွက် ၄၉ × အောင်ဆန်းလမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတိုးချဲ့တည်ဆောက်ပေးခဲ့သည်။

**အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မည်ဖြစ်**

အဆိုပါ ၄၉ × အောင်ဆန်းလမ်းထောင့်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးခဲ့ခြင်းကြောင့် အောင်ပင်လယ် ရပ်ကွက်နှင့် ထွန်တုံးရပ်ကွက်နေပြည်သူများ ဗို့အားပြည့်ဝစွာရရှိပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# တစ်ရွာလျှင် တစ်ရက်နှုန်းကျင်းပသည့် ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း) ရွာဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူများ စည်ကားများပြား

**မော်လမြိုင် မေ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း)ဒေသရှိ ရွာဘုရားပွဲတော်သို့ ဗိုလ်ချုပ်အောင်ဆန်း (ဘီလူးကျွန်း) တံတား ဆောက်လုပ်ပြီးသည့်နှစ်မှ စတင်ကာ ဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူ ထက်ဝက်ခန့် ပိုမိုများပြားလာကြောင်း ရွာလွတ်ကျေးရွာရှိ ဒေသခံများက ပြောသည်။

ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း မပျက်မကွက် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး ပွဲတော်ကာလမှာ မေ ၁၃ ရက် သင်္ကြန်အကြိုမှ မေ ၂၇ ရက်အထိ တစ်ရက်လျှင် တစ်ရွာနှုန်းဖြင့် အိမ်တိုင်းတွင် ထမင်း၊ ဟင်း၊ အအေး၊ ဒေသထုတ်ခေါက်မုန့်၊ ခြံထွက်အသီးအနှံ၊ ရေနွေးကြမ်းနှင့် မုန့်မျိုးစုံတို့ကို မိမိတတ်နိုင်သော အလှူဒါနဖြင့် လာရောက်လည်ပတ်သော ဧည့်သည်များကို ဧည့်ခံကျွေးမွေးကြကြောင်း၊ ဧည့်သည့်များ တပျော်တပါး လှည့်လည် လည်ပတ်ကြသည့် ပျော်ရွှင်ဖွယ်ပွဲလေ့တစ်ခုဖြစ်ကြောင်း ရွာလွတ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးက ပြောသည်။

"ကျွန်တော်မှတ်မိသလောက်တော့ တစ်နှစ်မှ ပျက်သွားတာမရှိဘူးပေါ့။ တံတား ဖြတ်သန်းသွားလာရသည့် နှစ်ကစပြီး ဧည့်သည်က ခါတိုင်းထက် ထက်ဝက်မက တိုးလာတယ်။ တစ်နေ့လုံးလိုလိုပဲ။ မနက် ၇ နာရီကနေ ညနေ ၆ နာရီအထိကို ကျွေးမွေးဧည့်ခံတာပေါ့" ဟု ၎င်းက ပြောသည်။

မေ ၂၁ ရက်က ရွာလွတ်ကျေးရွာပွဲတော်နေ့ဖြစ်သဖြင့် လာရောက်လည်ပတ်ကြသော ရပ်ဝေးရပ်နီးဧည့်သည်များဖြင့် စည်ကားနေပြီး အလှည့်ကျသည့် ကျေးရွာများတွင် ဘုရားပွဲ၊ ရိုးရာလက်ဝှေ့ပွဲများနှင့် အချို့ကျေးရွာများတွင် နွားအလှပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပလေ့ရှိကြောင်း ၎င်းက ပြောပြသည်။

အဆိုပါပွဲတော်သို့ မွန်ပြည်နယ်ရှိ မြို့နယ်အသီးသီးတို့အပြင် ကရင်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး အစရှိသည့် ဒေသတို့မှ လာရောက်လည်ပတ်ကြသည့်အပြင် ဒေသထွက် ရိုးရာလက်မှုပစ္စည်းများဖြစ်သော ကျောက်သင်ပုန်း၊ တုတ်ကောက်၊ ဆေးတံအစရှိသည့် လက်မှုပစ္စည်းများ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်ကို သင်္ကြန်အကြိုနေ့မှ စတင်ကာ ကျေးရွာများ အလှည့်ကျကျင်းပခဲ့ရာ မေ ၂၁ ရက်တွင် ရွာလွတ်ကျေးရွာ၊ မေ ၂၂ ရက်တွင် ကမာမိုကျေးရွာ၊ မေ ၂၃ ရက်တွင် မုဒ္ဒန်းကျေးရွာ၊ မေ ၂၄ ရက်တွင် ကညော်ရွာ၊ မေ ၂၅ ရက်တွင် တောင်စွန်းကျေးရွာ၊ မေ ၂၆ ရက်တွင် ကလို့ရွာတို့တွင် ဆက်တိုက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း( ပေါင် )**



ပွဲတော်တွင်း ရိုးရာလက်ဝှေ့ပွဲ ထည့်သွင်းကျင်းပရာ ပွဲတော်လာပြည်သူများကို တွေ့ရစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၅-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၁၅/၈၉၀ ကျပ် | ၉၀၅/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၀/၉၆၅ ကျပ် | ၉၈၀/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၅ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၅ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ . ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၉၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ . ၄၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ . ၉၆၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နာဂစ်မုန်တိုင်းဒဏ်သင့်ကျေးရွာ ၁၉ ရွာ အားကိုးရမည့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းကတ္တရာခင်း

**ရန်ကုန် မေ ၂၂**

ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ကြိမ်ချောင်းကိုဖြတ်၍ ကဒုံကနိအထိ ၆၇ ဒသမ ၅၉ ကီလိုမီတာရှိ ဘိုကလေးမြို့နယ်အတွင်းမှ ပင်လယ်ဝကျေးရွာ ၁၉ ရွာတို့၏ အားကိုးရာကျေးရွာချင်းဆက်မြို့တက်သည့် လမ်းဖြစ်ပြီး ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ဘိုကလေးမြို့နယ်၌ ၂၀၀၈ ခုနှစ် မေ ၃ ရက်က နာဂစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဒေသခံပြည်သူများ မုန်တိုင်းဒဏ်၊ ရေကြီးမှုဒဏ်များ ခံခဲ့ရသည်။ နောက်နောင် ဤအဖြစ်အပျက်မျိုး ပေါ်ပေါက်ခဲ့ပါက ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှုလွယ်ပြီး အကူအညီများ မြန်ဆန်စွာပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ ၁၆ အား ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ (၄၁ မိုင် ၂ ဖာလုံ) ကို မြေသားတာပေါင်လမ်းအဖြစ် ဆောင်ရွက်ခြင်း၊ လမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် တောင်ကုန်းများ၊ အမာခံကျောက်လမ်းခင်းခြင်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။



ကျေးရွာချင်းဆက်လမ်းအား ကတ္တရာခင်းခြင်း ဆောင်ရွက်နေသော လမ်းပိုင်းတစ်နေရာ။

သို့ဖြစ်၍ လမ်းလုပ်ငန်းများကို လမ်းစီမံကိန်းအထူးအဖွဲ့ (၁၆)ကတာဝန်ယူဆောင်ရွက်ခဲ့ပြီး လမ်းပေါ်ရှိ တံတား ၃၇ စင်းအနက် မူလရှိပြီး တံတား သုံးစင်း၊ ယခုတည်ဆောက်ပြီးစီးသည့်တံတား ၂၈ စင်း၊ တည်ဆောက်ဆဲ တံတား ခြောက်စင်း စုစုပေါင်း ၃၇ စင်းတို့အား တံတားအထူးအဖွဲ့များက တာဝန်ယူပြုပြင်တည်ဆောက်ခဲ့သည်ဟု သိရသည်။ ယင်းနောက် အဆိုပါ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မူလတာဝန်ယူတည်ဆောက်နေသည့် လမ်းအထူးအဖွဲ့ (၁၆)ထံမှ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)သို့ ၂၀၁၂ ခုနှစ် မေ ၁ ရက်မှ စ၍ လွှဲပြောင်း တာဝန်ပေးအပ်ခဲ့သည်။

ယခုအခါ လမ်းအထူးအဖွဲ့(၁၆)နှင့် လေယာဉ်ကွင်း အထူးအဖွဲ့(၂) အစား လမ်းတည်ဆောက်အထူးအဖွဲ့(၁၄) က ပြောင်းလဲတာဝန်ယူ၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၈-၂၀၁၉ မီနီဘဏ္ဍာရေးနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ပြည်ထောင်စုအစိုးရ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ ပြင်ထိန်းခွင့်ပြုရန်ပုံငွေ ရန်ပုံငွေနှစ်ရပ်စုစုပေါင်း ငွေကျပ် ၁၈၂၅၃ ဒသမ ၂၉၁ သန်းသုံးစွဲ၍ လမ်းနယ်နိမိတ် အကျယ်ပေ ၁၅၀ လမ်းတာပေါင်ထိပ်အကျယ် ၁၀ ဒသမ ၃၆ မီတာ၊ လမ်းတာပေါင်အမြင့် ၁ ဒသမ ၈၃ မီတာ၊ လမ်းပခုံးမြေသားတစ်ဖက်အကျယ် ၀ ဒသမ ၉ မီတာ၊ ၃ ဒသမ ၆၆ မီတာအကျယ်ကတ္တရာလမ်းအရှည် ၁၈ ဒသမ ၄ ကီလိုမီတာ၊ အမာခံလမ်း ၂၈ ဒသမ ၈ ကီလိုမီတာ၊ မြေသားလမ်း ၁၈ ဒသမ ၈ ကီလိုမီတာတို့ကိုဆောင်ရွက်ထားရှိပြီး ရန်ပုံငွေရရှိပါက လမ်းမိုင်အားလုံးကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဟု သိရသည်။ **ခရမ်းစိုးမြင့်**

# အုတ်တွင်းကုန်းကျေးရွာ၌ တိုင်းရင်းဆေးဖြင့်(အခမဲ့)ဆေးဝါးကုသပေး

**အင်္ဂပူ မေ ၂၂**

အင်္ဂပူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်းပြီး ပြည်သူများ အရေးပေါ်အသက်ဘေး ကြုံတွေ့လာပါက ရှေးဦးပြုစုခြင်းဖြင့် ကူညီကယ်ဆယ်နိုင်ရေး အသိပညာပေးခြင်း၊ ပြည်သူများကို တိုင်းရင်းဆေးဖြင့် (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ယမန်နေ့က အင်္ဂပူမြို့နယ် အုတ်တွင်းကုန်းကျေးရွာ အုတ်တွင်းကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ရင်းမှူးဦးစိုးအောင်က ရှေးဦးပြုစုခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များက အရေးပေါ်အသက်ကယ်နည်း၊ သုံးထောင့်ပတ်တီးစည်းနည်းများကို လက်တွေ့သရုပ်ပြသခြင်း၊ မြို့နယ်တိုင်းရင်းဆေးခန်းမှူး နော်သိန်းသိန်းနွဲ့က ဆေးဖက်ဝင်မီးဖိုချောင်သုံးပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူများကို တိုင်းရင်းဆေးဖြင့်(အခမဲ့)ကုသပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။ **မန်းကျော် (ပြန်/ဆက်)**

# ဆေးစိမ်ခြင်ထောင်သုံးစွဲမှု ကျန်းမာရေးအသိပညာပေး

**ငဖဲ မေ ၂၂**

မင်းဘူးခရိုင် ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာနခွဲမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ငှက်ဖျားရောဂါများ ကာကွယ်ရန်အတွက် ခြင်ထောင်သုံးစွဲမှု ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က အလယ်ကျေးရွာဓမ္မာရုံ၊ မကျီးကန်ကျေးရွာဓမ္မာရုံနှင့် ရှောက်တောင်ကျေးရွာဓမ္မာရုံတို့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးဌာနခွဲမှ မြို့နယ်ငှက်ဖျား အင်စပက်တော် ဦးအောင်နိုင်ဦးက တာရှည်ခံဆေးစိမ်ခြင်ထောင်၏အာနိသင်များ၊ ခြင်ထောင်သုံးစွဲခြင်းဖြင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဆင်ခြေထောက်ရောဂါများမှကာကွယ်ခြင်းနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး Global Fund အထောက်အပံ့ဖြင့် ပေးပို့သော ဆေးစိမ်ခြင်ထောင်များကို မြစ်ဖျားကျေးရွာတွင် ၇၄ လုံး၊ အလယ်ကျေးရွာတွင် ၄၅၅ လုံး၊ မကျီးကန်ကျေးရွာတွင် ၁၇၁ လုံးနှင့် ရှောက်တောင်ကျေးရွာတွင် ၃၇၅ လုံး စုစုပေါင်း ၁၀၇၅ လုံးကို ကျေးရွာပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ငဖဲမြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးဌာနခွဲမှ မေ ၂၀ ရက်တွင် တာရှည်ခံဆေးစိမ်ခြင်ထောင်အလုံးရေ ၄၁၉၈ လုံး၊ မေ ၂၂ ရက်တွင် ၁၀၇၅ လုံး စုစုပေါင်း ၅၂၇၃ လုံးကို ကျေးရွာ ခုနစ်ရွာမှ ပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

# ပေါင်ကတောင်ချောင်းကူးယာယီတံတားဖွင့်ပွဲကျင်းပ

**တန့်ဆည် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် တန့်ဆည်-ပုတီး-ညောင်ကိုင်း လမ်းပေါ်ရှိ ပေါင်ကတောင်ချောင်းကူးယာယီတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က တံတားမုခ်ဦး၌ ကျင်းပရာ ဦးစီးနာယကဆရာတော်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ရဲမှူးသန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေါင်ကတောင်ချောင်းကူး ယာယီတံတားကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးအရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ သံဃာတော်များ၊ အလှူရှင်များ၊ ကျေးရွာပြည်သူ လှူဒါန်းငွေတို့ဖြင့် ဇန်နဝါရီ ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ရက်ပေါင်း ၉၀ ကြာ မတ်လနောက်ဆုံးပတ်တွင် ပြီးစီးခဲ့သည်။ “တံတားပြီးသွားလို့ မိုးရာသီသွားလာရေး စိတ်အေးရပြီ။ ယခင်က ချောင်းရေကျလာလျှင် ဆိုင်ကယ် တစ်စီး ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိ ရေအနည်းအများအလိုက် ကူးခပေးရတယ်။ နွားလှည်း၊ ဆိုင်ကယ်နှင့် အသက်ဆုံးရှုံးမှုတွေလည်း ရှိခဲ့တယ်။ ယခုတော့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်တဲ့အတွက် ဆောက်လုပ်ပေးသူများကို ကျေးဇူးတင်ပါတယ်”ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသွားသည်။

ယာယီတံတားသည် ပင်မတံတားအရှည်ပေ ၃၂၀၊ အကျယ် ၁၆ပေရှိပြီး အမျိုးအစားမှာ သစ်သားတိုင် သံရက်မသစ်သားအခင်းဖြစ်ပြီး ချဉ်းကပ်လမ်းအာရ်စီခင်း၍ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၈၀၀ ဖြစ်ကြောင်း တံတားဆောက်လုပ်ရေးကော်မတီထံမှ သိရသည်။ **ငြိမ်းမင်းထွန်း**





ပေါင်ကတောင်ချောင်းကူးယာယီတံတားဖွင့်ပွဲကို မေ ၂၂ ရက်က ကျင်းပနေစဉ်။

# အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ချောက် မေ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် ယမန်နေ့နံနက်ပိုင်းက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်မှုများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်မှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဦးလှိုင်မြင့်ဟန်နှင့် ဝန်ထမ်းများက ချောက်မြို့ပေါ်ရှိ လူစည်ကားရာ မြို့မဈေး၊ ကားဂိတ်တို့တွင် အပူဒဏ်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဧရာဝတီမြစ်ကမ်းနားအနီးရှိရပ်ကွက်တို့တွင် အသံချဲ့စက်ဖြင့် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်ကြေညာခြင်း၊ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ရေမချိုးရ သတိပေးဆိုင်းဘုတ်စိုက်ထူပေးခြင်းတို့ ပြုလုပ်သည်။

ယင်းနောက် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပညာပေးနှိုးဆော်ဆောင်ရွက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**တွံတေး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒေသခံပြည်သူများ အသိပညာပေးကြေညာခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွံတေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အဆောက်အအုံများ၊ ရုံးဌာနများနှင့် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို မီးဘေးအန္တရာယ်ကြောင့် လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးအသိ၊ မီးဘေးသတိရှိကြစေရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေးအတွက် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးစောမောင်သန်းနှင့်တပ်ဖွဲ့ဝင်များက မြို့ပေါ် (၈) ရပ်ကွက်အပြင် ကျေးရွာများတွင် မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့် သိရှိလိုက်နာရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များကို အသိပညာပေးလိုက်လံကြေညာဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်ကြောင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် စောင့်ကြည့်ဖို့လို

**ဝါးခယ်မ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းမှ ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်ကြောင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စောင့်ကြည့်နေရန် လိုအပ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးကန်များကို တွေ့ရစဉ်။

အပူချိန်ပြင်းထန်လွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကာ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများကြောင့်လည်းကောင်း၊ အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်လည်းကောင်း ကန်ရေညစ်ညမ်းပြီး ငါးရောဂါများ ကျရောက်တတ်သဖြင့် ကြိုတင်သတိထား ဆောင်ရွက်သင့်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးစန်းမောင်ဦးက ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသော ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များအတိုင်း အပူချိန်မြင့်မားပြီး ငါးမွေးကန်များရှိ ကန်ရေများ ခန်းလာပါက သန့်ရှင်းသော ရေအသစ်များ ဖြည့်သွင်းခြင်းဖြင့်လည်းကောင်း၊ ရေအသစ်ဖြည့်သွင်းရန် ခက်ခဲပါက မွေးမြူထားသော ငါးအရေအတွက် လျှော့ချခြင်းဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အပူချိန်မြင့်မားသော နေ့လယ်ပိုင်းများတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ် သင့်ကြောင်း၊ အစာကျွေးပြီးပါက အစာကျန်များ ရှိ မရှိ စစ်ဆေးသင့်ကြောင်း၊ ငါးမွေးမြူရေးကန်များ၌ ပုံမှန်မဟုတ်သော အခြေအနေကြုံတွေ့လာပါက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားကာ ပူးပေါင်းဆောင်ရွက် ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောကြားခဲ့သည်။

ဝါးခယ်မမြို့နယ်အတွင်း ဂရမ်းကျေးရွာ၊ မြဂိုးလေးကျေးရွာ၊ မြဂိုးကြီးကျေးရွာ၊ သီလချောင်းကျေးရွာ၊ မြစ်ကလေးကျေးရွာနှင့် ကျွဲတလင်းကျေးရွာတို့၌ အများဆုံး ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# သောက်သုံးရေအခက်ကြုံနေသောကျေးရွာများအား ရေများလှူဒါန်း



သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော ကျေးရွာများသို့ ရေများလှူဒါန်းပေးနေစဉ်။

**ပုဗ္ဗသီရိ ဧပြီ ၂၂**

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေအခက်ကြုံနေသော ကျေးရွာများအား သောက်သုံးရေရရှိစေရန်အတွက် ရေများ သွားရောက်လှူဒါန်းခြင်းကို ယနေ့နံနက်က နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရေအိုးစဉ်ကျေးရွာနှင့် သစ်ယာကုန်းကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဥတ္တရခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဝေဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဌေးတို့က ဦးဆောင်၍ ရေအိုးစဉ်ကျေးရွာသို့ ရေဂါလန် ၂၀၀၀နှင့် သစ်ယာကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အသိနှင့် သတိ

❊ ကြိုတင်မှုနဲ့ အစဉ်ကာကွယ်
မီးဘေးအန္တရာယ်
လူခိုးလျှင်ကွယ် ကျန်ဖွယ်ရှိ
မီးခိုး ပြာအတိ။

❊ သတိရှိမှ တော်မည်မှန်
ကင်းပ ထိုဘေးရန်၊
မီးကြွင်းမီးကျန်မထားအပ်
သေချာစွာငြိမ်းသတ်။

❊ အခါမလပ်အသိယှဉ်
မပေါ့ဆစေချင်၊
လျှပ်စစ်သုံးလျှင် မြဲစစ်ဆေး
'ဝိုင်ယာရှော့' မဖြစ်ရေး။

❊ အလေးပေးလို့ နှိုးဆော်သည်
ကြိုတင်ကာကွယ်မည်၊
လူတိုင်းကိုယ်စီတာဝန်ရှိ
အသိနှင့်သတိ။ ။

အောင်မြင့်စိုး(ရေစကြို)

# မြောင်းမြမြို့၌ ရေကူးသင်တန်း ဖွင့်လှစ်သင်ကြား

**မြောင်းမြ ဧပြီ ၂၂**

မြောင်းမြမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးကြပ်ကာ တတိယအကြိမ် ရေကူးသင်တန်းကို မြကန်သာပန်းခြံရှိ မြရောရေကူးကန်၌ ဖွင့်လှစ်သင်ကြားပေးသည်။

"၂၀၁၉ ခုနှစ်အတွင်း အခုဖွင့်လှစ်မှုက တတိယအကြိမ်ဖြစ်ပါတယ်။ အဓိကလူတိုင်း ရေကူးတတ်စေချင်တဲ့ဆန္ဒနဲ့ သင်တန်းကြေးကို အဓိကမထားဘဲ သင်ကြားပေးနေပါတယ်"ဟု မြရောရေကူးကန် သင်တန်းအုပ်ချုပ်နည်းပြ ကိုကျော်စိုး (မြန်မာ့တပ်မတော်ရေ -အငြိမ်းစား)က ပြောကြားသည်။

ရေကူးသင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၁၉ ရက်အထိ တစ်လသင်တန်းဖြစ်ပြီး တနင်္လာနေ့မှလွဲ၍ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီခွဲတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄နာရီအထိ တစ်ကြိမ် အမျိုးသား အမျိုးသမီးတန်းခွဲများဖြင့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြဆရာ သုံးဦး၊ ဆရာမတစ်ဦးတို့ဖြင့် သင်ကြားပေးနေကြောင်း လက်ရှိသင်တန်းသားသင်တန်းသူ ၃၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့က ရမည်းသင်းမှာ နေပါတယ်။ အမျိုးသားတာဝန်ကျတဲ့ဒေသကို ကျောင်းပိတ်တုန်း လိုက်လာတာ။ ကျွန်မတို့ဆီမှာက မြစ်တွေ၊ ချောင်းတွေမရှိဘူးလေ။ သမီးငယ်ကို ရေကူးတတ်စေချင်လို့ လာသင်နေပါတယ်" ဟု ရေကူးသင်တန်းတက်ရောက်နေသူကလေးငယ်၏မိခင်တစ်ဦးက ပြောသည်။ မြောင်းမြမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ဘောလုံးသင်တန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**အောင်မင်း(မြောင်းမြ)**



ကလေးငယ်များအား ရေကူးနည်းသင်တန်းပေးနေစဉ်။

# သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**လှိုင်သာယာ ဧပြီ ၂၂**

နိုင်ငံတော်မှ အသက် ၈၅နှစ်နှင့်အထက် လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိရာ လှိုင်သာယာမြို့နယ် အမှတ်( ၁ , ၁၁, ၂၀) ရပ်ကွက်များအတွင်းရှိ သက်ကြီးဘိုးဘွားများကို ယမန်နေ့က မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရပ်ကွက်များရှိ ဓမ္မာရုံများတွင် လူမျိုးဘာသာမရွေး သက်ကြီးဘိုးဘွားများကို လူမှုရေးထောက်ပံ့ပင်စင်များအား မြို့နယ်တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျန်းမာရေးမကောင်းသည့် သွားလာရန်ခက်ခဲသော ဘိုးဘွားများကို တာဝန်ရှိသူများက အိမ်အရောက်ကွင်းဆင်းကာ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ နိုင်ငံတော်မှ လူမှုရေးထောက်ပံ့ငွေများကို သုံးလတစ်ကြိမ် စုပေါင်းကာ ဘိုးဘွားများလက်ဝယ်အရောက် ကန်တော့ပေးအပ်ကြခြင်းဖြစ်ကြောင်း လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကွင်းဆင်းထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန် /ဆက် )**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း ဧပြီ ၂၂**

စစ်ကိုင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ယမန်နေ့က လူစည်ကားရာ စစ်ကိုင်းမြို့မဈေးရှေ့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သုခကာရီအဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# အင်္ဂလိပ်ဘာသာစကားပြော အဆင့်မြှင့်သင်တန်း သုံးလသင်တန်း ဖွင့်

**ထားဝယ် ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဝန်ထမ်းများအား အင်္ဂလိပ်ဘာသာစကားပြော အဆင့်မြှင့်သင်တန်းကို ယနေ့နံနက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်ကျော်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခေတ္တခရိုင်ဦးစီးမှူး (နည်းပညာ) ဦးသန်းထွန်းဦးက ဝန်ထမ်းများ တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဝန်ထမ်းများ နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားပြောအား ကျွမ်းကျင်စွာတတ်မြောက်ပြီး ဝန်ထမ်းစွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်တန်းဆရာမ ဒေါ်ရည်မွန်ခိုင်က တိုင်းဒေသကြီး ထားဝယ်ခရိုင် မြို့နယ်များရှိ တာဝန်ထမ်းဆောင်နေသောဝန်ထမ်း ၁၅ ဦးကို ဇူလိုင် ၂၂ ရက်အထိ သုံးလကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သရေခေတ္တရာ အုတ်ခွက်ဘုရားများ

မောင်သာ(ရှေးဟောင်းသုတေသန)

ထေရဝါဒဗုဒ္ဓဘာသာကို ပြည်သူအများစုကိုးကွယ်သည့် မြန်မာနိုင်ငံတွင် သာသနိက အဆောက်အအုံများဖြစ်သည့် စေတီပုထိုးများ၊ သံဃာတော်များ သီတင်းသုံးသည့် ဘုန်းတော်ကြီးကျောင်းများ၊ ယုံကြည်ကိုးကွယ်ကြသည့် ဗုဒ္ဓဆင်းတုတော်များကို နေရာအနှံ့၌ မြင်တွေ့ကြရသည်။

ထေရဝါဒဗုဒ္ဓသာသနာသည် ပုဂံဘုရင် အနော်ရထာမင်းကြီးလက်ထက်တွင် ပုဂံသို့ ရောက်ရှိခဲ့သည်ဟု အစဉ်အဆက် ပြောဆိုခဲ့ကြသော်လည်း ပုဂံထက်များစွာ စောသည့် ပျူခေတ်တွင် ဗုဒ္ဓဘာသာရှိနေခဲ့ကြောင်း အထောက်အထားများကို တွေ့ရှိခဲ့ကြရသည်။ ထို့ကြောင့် ပျူမြို့ဟောင်းသရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သည့် ဗုဒ္ဓ ပိဋကတ်စာပေကောက်နုတ်ချက်များ ရေးထားသည့် ရွှေပေလွှာများနှင့် ပျူခေတ်တွင်တည်ဆောက်ခဲ့သည့် စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။

## မြေမီးဖုတ် အုတ်ခွက်ဘုရား

ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကျောက်၊ သစ်၊ အုတ်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး စသည်ဖြင့် ထုလုပ်၊ သွန်းလုပ်၍ရသည့် ဝတ္ထုပစ္စည်းများဖြင့် ပြုလုပ်ခဲ့ကြရာတွင် မြေမီးဖုတ် အုတ်ခွက်ဘုရားများလည်း ပါဝင်ခဲ့သည်။

အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံမြောက်ပိုင်း၊ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ဆုံ ဒေသမှ မြန်မာနိုင်ငံတောင်ပိုင်းမြိတ်ဒေသနှင့် မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ဒေသအထိ တွေ့ရှိရသည်။ အုတ်ခွက်ဘုရားများကို မည်သူမဆို အလွယ်တကူ ပြုလုပ်နိုင်သောကြောင့် ခေတ်အဆက်ဆက် ပြုလုပ်ခဲ့သည့် အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံ နေရာအနှံ့၌ တွေ့ရှိခဲ့ကြရပေသည်။

အုတ်ခွက်ဘုရားများသည် မြေ သို့မဟုတ် ရွှံ့ကို ပုံစံသွင်း၍ မီးဖုတ်ထားသော ဆင်းတုတော်များဖြစ်ကာ မြေပုံဘုရားဟုလည်း ခေါ်ဆိုကြသည်။ အုတ်ခွက်ဘုရားများကို သုတေသနတူးဖော်မှုများပြုလုပ်စဉ်၊ ဘုရားစေတီဟောင်းများကို ပြုပြင်စဉ်၊ လိုဏ်များတူးဖော်စဉ် တွေ့ရှိရသည်။ တစ်ခါတစ်ရံ၌အုတ်ခွက်ဘုရားများကို တစ်နေရာတည်းမှ အများအပြားရရှိနိုင်ပေရာ တကောင်းမြို့ဟောင်း ရွှေစည်းခုံဘုရားမှ အုတ်ခွက်ဘုရားအဟောင်းနှင့် အကျိုးများကို လှည်းငါးစီးတိုက်ခန့် ရရှိခဲ့သည်။

အုတ်ခွက်ဘုရားများကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း သွားလာကြသူများသည် မိမိတို့ဒေသသို့ ယူဆောင်လာခဲ့ကြပြီး ကိုယ်တိုင်ပြုလုပ်ကြခြင်းဖြင့် တစ်စတစ်စ ပျံ့နှံ့ခဲ့သည်။ စေတီ ပုထိုးများသို့ လှူဒါန်းရန် ကိုယ်တိုင် ပြုလုပ်နိုင်သောကြောင့် အုတ်ခွက်ဘုရားများကို ခေတ်အဆက်ဆက် နေရာအနှံ့၌ တွေ့ရှိရပေသည်။အုတ်ခွက် ဘုရားများတွင် အိန္ဒိယမှ ယူဆောင်လာသည့် ဘုရားများလည်းရှိသည်။

အုတ်ခွက်ဘုရားများကို ပျူခေတ်တွင်အစောဆုံးတွေ့ရှိရကာ ပုဂံခေတ်တွင်လည်း များစွာ ပြုလုပ်ခဲ့ကြသည်။ ပုဂံ အုတ်ခွက်ဘုရားများတွင် အနိရုဒ္ဓဒေဝ (အနော်ရထာမင်းကြီး) ပြုလုပ်ခဲ့ကြောင်း ကမ္ပည်းစာများပါသော အုတ်ခွက်များသည် အထူးထင်ရှားကာ စာပေ၊ယဉ်ကျေးမှုနှင့်ရှေးဟောင်းသုတေသနတန်ဖိုး ကြီးမြင့်သည့် အမွေအနှစ်များဖြစ်လာခဲ့သည်။

## အုတ်ခွက် ပုံစံများ

မြန်မာနိုင်ငံတွင် ငါးရာစုမှ ၁၅ ရာစုအထိ အုတ်ခွက်ဘုရားများကို ပုံစံမျိုးစုံ ပြုလုပ်ခဲ့သည့်အနက် ပျူခေတ်လက်ရာ အုတ်ခွက်ဘုရားအများစုသည် ညောင်ရွက်ပုံနှင့် ခုံးပေါက်ပုံများဖြစ်ကြပြီး ပုဂံခေတ် အုတ်ခွက်ဘုရားများတွင် ပုံစံ ၁၇ မျိုး ရှိခဲ့သည်။ ပုဂံ ကုန်းအမှတ် ၁၅၂၆ မှရရှိခဲ့ပြီး အမြင့် ရှစ်လက်မနှင့် အကျယ် ခြောက်လက်မရှိသည့် အုတ်ခွက်တွင် စေတီပုံ ၁၂၅ ဆူ ထည့်သွင်း ပြုလုပ်ထားပုံကို ထူးခြားစွာ မြင်တွေ့ကြရသည်။ ထို့အတူ အာနန္ဒာဘုရားအနီးအရှေ့ဘက်ကွင်းပြင်မှ ရရှိခဲ့သည့် အုတ်ခွက်သည် ဘာသာရေးနှင့် သက်ဆိုင်မှုမရှိဘဲ အသီးအနှံများ၊ ပန်းများ၊ အပင်များ၏ အမည် ၆၅ ခုကို ရေးသားထားသည်။

အုတ်ခွက်ဘုရားများသည် အများအားဖြင့် ရှေ့မျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်ကို မဏ္ဍိုင်ပြုလျက် အခြံအရံများ ထုလုပ်ကာ ကျောဘက်တွင် အလှူရှင်အမည်နှင့် ဆုတောင်းစာကိုရေးသားထားလေ့ရှိခဲ့သည်။ ယင်းတို့သည် ယေဘုယျအားဖြင့် အလျား ငါး လက်မ၊ အမြင့် ခုနစ် လက်မ၊ ထု နှစ်လက်မရှိကာ ဗုဒ္ဓရုပ်ပွားတော်၏ အောက်ခြေတွင် သက္ကတ၊ ပါဠိဘာသာ စာသားများကို ရှေးဟောင်းပျူ၊ မွန်၊ မြန်မာ အက္ခရာများဖြင့်ရေးသားခဲ့ကြသည်။အုတ်ခွက်ဘုရားများ၏ရှေ့မျက်နှာတွင် နဂရီ အက္ခရာများကို ဖောင်းကြွ ရေးသား၍ အုတ်ခွက်ရှေ့ ဘေးနှစ်ဖက်ဘောင်ပေါ်တွင် ကမ္ပည်းစာများရေးထိုးခဲ့ကြသည်။

အုတ်ခွက်ဘုရားများကို စေတီပုထိုးများတွင် ပူဇော်ထားလေ့ရှိရာတွင် အချို့စေတီများတွင် အုတ်ချပ်များနှင့် အုတ်ခွက် ဘုရားများကို တစ်ခုစီယှဉ်တွဲလျက် အတန်းလိုက် ထားရှိတတ်သကဲ့သို့ အချို့ကိုလည်း လိုဏ်များတွင် ထည့်သွင်းထားခဲ့ကြသည့် အပြင် ဘုရားတွင် ဌာပနာထားသည်ကိုလည်းတွေ့ရှိနိုင်သည်။ တစ်ခါတစ်ရံတွင် ရာသီဥတုဒဏ်မခံရသဖြင့် အကောင်းအတိုင်း ကျန်ရှိနေသည့် မီးဖုတ်ပြီးစ အုတ်ခွက်ဘုရားများကို တွေ့ရှိရသည်။

အနုပညာ လက်ရာများဖြစ်သည့် အုတ်ခွက်ရုပ်ပွားဆင်းတုများအနက် ပုဂံခေတ်အုတ်ခွက်ဘုရားများတွင် ဘုရားရှင်ဖွားတော်မူခန်း၊ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်း၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းတော်မူခန်း၊ ပါလိလေယျကတော၌ သီတင်းသုံးတော်မူခန်း၊ တန်ခိုးပြာဋိဟာပြခန်း၊ နာဠာဂီရိဆင်ကို အောင်တော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း ဟူသည့် ဗုဒ္ဓဝင်ရှစ်ခန်းကို ထုလုပ်လေ့ရှိသည်။ပျူအုတ်ခွက်များတွင် သုဇာတာသတို့သမီး ဃနာနို့ဆွမ်းကပ်သည့်ပုံကိုပါ ထည့်သွင်း၍ ဗုဒ္ဓဝင်ကိုးခန်း ပြုလုပ်သည်။

ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်များ၏ လက်တော်ဟန် (မုဒြာ)နှင့်ခြေတော်ဟန် (အာသန) တို့ကို ပုံစံများစွာ ပြုလုပ်လေ့ရှိသော်လည်း ဘူမိဖဿမုဒြာဟု ခေါ်သည့် လက်ချောင်းမြေထိပုံစံနှင့် ဈာနာသနဟုခေါ်ဟည့် ဈာန်သမာပတ်ဝင်စားနေသည့်ပုံကို အများဆုံး တွေ့ရှိရသည်။ ထို့အတူပင် ပျူနှင့်ပုဂံ အုတ်ခွက်များတွင် ဗုဒ္ဓရုပ်ပွားတော်များကို ဘူမိဖဿမုဒြာ၊ ဈာနာသန ဟန်များဖြင့် ကြာပလ္လင်ခံကာ ပြုလုပ်ကြသည်။ အုတ်ခွက်ဘုရားများတွင် ဘုရားရှင်သို့မဟုတ် ဗောဓိသတ္တဘုရားလောင်းကို သာဝက၊ ကြင်ယာတော်၊ ပရိသတ်များခြံရံ ထုလုပ်လေ့ရှိကြောင်းလည်း တွေ့ရှိနိုင်သည်။ ပုဂံခေတ် အုတ်ခွက်ဘုရားများတွင် သာဝကများ ခြံရံနေပုံနှင့် ဗောဓိသတ္တဘုရားလောင်းခြံရံနေပုံကို အများဆုံး တွေ့ရှိကြရသည်။

အုတ်ခွက်ဘုရားများနှင့်စပ်လျဉ်း၍ ဘိုးတော်ဘုရားက ပထမ မောင်းထောင်ဆရာတော်အား အုတ်ခွက်ဘုရားများအောက်ခြေတွင်ရေးသားထားသော စာများသည် မည်သည့် ဘာသာစကားနှင့် မည်သည့် အဓိပ္ပာယ်ရှိကြောင်းမေးလျှောက်ခဲ့သည်။ ယင်းတို့သည် ယွန်းဘာသာစကားများမဟုတ်ဘဲ သက္ကတနှင့် ပါဠိဘာသာများဖြစ်ပြီး အများအားဖြင့် နဂရီဘာသာဖြင့် ယေဓမ္မာ ဟေတုပ္ပ ဘဝါ ဟုရေးသားလေ့ရှိကြောင်း ဖြေဆိုခဲ့သည်။

အုတ်ခွက်ဘုရားများကို ပျူခေတ်မှသည်ကုန်းဘောင်ခေတ်အထိတွေ့ရှိခဲ့ကြရာ ပျူအုတ်ခွက်များသည် ပုဂံအုတ်ခွက်များထက် လက်ရာပိုမိုသေသပ်ကောင်းမွန်ကြောင်းတွေ့ရှိနိုင်သည်။ ပုဂံခေတ်နှောင်းပိုင်းအုတ်ခွက်များသည် ပုဂံရှေ့ပိုင်းအုတ်ခွက်များထက် ပိုမိုကောင်းမွန်သည့်တိုင် ပျူအုတ်ခွက်များကို မမီချေ။

မည်သို့ပင်ဆိုစေ အုတ်ခွက်ဘုရားများသည် အလှူရှင်များ၏ စိတ်ကူးစိတ်သန်း အပေါ်မူတည်လျက် ဗုဒ္ဓယဉ်ကျေးမှုလက်ရာ ပုံစံများစွာကိုဖော်ညွှန်းနေကြပေသည်။ အုတ်ခွက်ဘုရားအလှူရှင်အမည်များကို အုတ်ခွက်မျက်နှာစာရှိ ရုပ်ပွားတော် ပလ္လင်အောက်ခြေနှင့် အုတ်ခွက်၏ ကျောဘက်တွင်ရေးထိုးခဲ့ကြသည်။ အလှူရှင်များတွင် ဘုရင်၊ မိဖုရား၊ မှူးမတ်နှင့် ရဟန်းသံဃာများအပြင် သာမန်ပြည်သူများကိုလည်း တွေ့ရှိနိုင်သည်။ အုတ်ခွက်ဘုရားအလှူရှင်အမည်များမှ ပုဂံဘုရင်များ၏ ဘွဲ့အမည်များ၊ သားတော် သမီးတော်များ၏ ဘွဲ့များကို သိရှိကြရပေသည်။

တွံတေးမြို့နယ်၊ မောင်းတီးဘုရားမှ တွေ့ရသည့် အနော်ရထာမင်းအုတ်ခွက်များကဲ့သို့ ကြီးမားသော အုတ်ခွက်များကို သီရိပစ္စယာရွာ တောင်ဘက်ရှိ ကျောက်စကားကြီးဘုရား အာရုံခံအတွင်းမှ ၁၉၉၃ ခုနှစ်တွင် တူးဖော်ရရှိခဲ့ရာ အလျား ၁၅ ဒသမ ၇၅ လက်မ၊ အမြင့် ၁၀ ဒသမ ၅ လက်မနှင့် ထု ၃ ဒသမ ၇၅ လက်မရှိသည်။ ၂၀၀၇ ခုနှစ်တွင် ကျောက်စကားကြီးဘုရား အနောက်ဘက်မှ အလျား ၁၆ လက်မ၊ အမြင့် ၂၁ လက်မ၊ ထုလေးလက်မရှိသည့် အုတ်ခွက်ကြီးတစ်ခုကို ထပ်မံ ရရှိခဲ့သည်။ ယင်းအုတ်ခွက်ကြီးနှင့်အတူ စောလူးမင်းဘွဲ့ပါရှိသော အုတ်ခွက်ကြီးများနှင့် နှစ်ကျိပ်ရှစ်ဆူပုံပါရှိသော အုတ်ခွက်အကျိုးများကို တွေ့ရှိခဲ့ရသည်။

ပညာရှင်များက အုတ်ခွက်ဘုရားများတွင် ပါရှိသည့် ဆင်းတုများ၏ လက်ရာကို ကြည့်၍ မည်သည့်ခေတ်တွင် မည်သည့် ဘုရင်က ပြုလုပ်ခဲ့ကြောင်းခွဲခြားနိုင်ကြပေသည်။ အုတ်ခွက်ဘုရားများသည် တစ်ခုနှင့် တစ်ခု မတူညီကြသော်လည်း အားလုံးသည် ဗုဒ္ဓယဉ်ကျေးမှုကို ဖော်ညွှန်းသည့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များသာ ဖြစ်ကြပေသည်။ ထို့အတူ ဗုဒ္ဓဝင်ရှစ်ခန်းကို အသားပေး ထုလုပ်ထားသည့် အန္ဒဂူ ရုပ်ကြွများသည်လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ ဖြစ်ကြပေရာ ယင်းတို့ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ကို ပိုမိုမြှင့်တင်နိုင်ကြမည်ဖြစ်သည်။

## သရေခေတ္တရာ အုတ်ခွက်ဘုရားများ

မြန်မာနိုင်ငံ၏ အစောဆုံး အုတ်ခွက်ဘုရားများကို သရေခေတ္တရာမြို့ဟောင်းမှ အများဆုံးရရှိခဲ့သည်။ သို့သော် အခြား ပျူမြို့ပြများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် မိုင်းမောတို့တွင် အုတ်ခွက်ဘုရားများကို မတွေ့ရှိရချေ။ သရေခေတ္တရာမှ ရရှိခဲ့သည့် အုတ်ခွက်ဘုရားများတွင် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ဗုဒ္ဓဆင်းတု အုတ်ခွက်များအပြင် မဟာယန ကိုးကွယ်မှုဆိုင်ရာ ဗောဓိသတ္တ အုတ်ခွက်များကိုလည်း တွေ့ရှိရသည်။

သရေခေတ္တရာ အုတ်ခွက်များတွင် ဘဲဥပုံ၊ အောက်ခြေ ဘဲဥပုံရှိ၍ အထက်တွင် ချွန်နေပုံ၊ လေးထောင့်ပုံ၊ အဝိုင်းပုံ၊ ထောင့်မှန် စတုဂံပုံ၊ အောက်ခြေထောင့်မှန်စတုဂံရှိ၍ အထက်တွင်ချွန်နေပုံနှင့် အောက်ခြေထောင့်မှန်စတုဂံရှိ၍ အထက်တွင် အဝိုင်းပုံဟူ၍ အဓိက ပုံစံ ခုနစ်မျိုးတွေ့ရှိရသည့်အနက် ဘဲဥပုံ၊ အောက်ခြေဘဲဥပုံနှင့်အထက် အချွန်ပုံ အုတ်ခွက်များကို အများဆုံး တွေ့ရှိရသည်။

ယင်းတို့အနက် အသေးဆုံး အုတ်ခွက်ဘုရားသည် အကျယ် ၁ ဒသမ ၅ လက်မ ရှိကာ အများအားဖြင့် အကျယ် ၂ ဒသမ ၂၅ လက်မမှ ၅ လက်မ၊ အမြင့် ၃ လက်မ မှ ၄ လက်မအထိရှိကြသည်။ သရေခေတ္တရာ အုတ်ခွက်များတွင် အချို့ကို ဘောင်ကွပ်ထား၍ အချို့ကို ဘောင်ကွပ်ထားခြင်းမရှိချေ။ သရေခေတ္တရာမြို့ဟောင်းအတွင်း ရှိ မုထောရွာမှ မြေမီးဖုတ်အုတ်ခွက်ဘုရား အများအပြားကို ၁၉၂၇ ခုနှစ်နှင့် ၁၉၂၈ ခုနှစ်များတွင် ရရှိခဲ့ရာ အမြင့် ၅ လက်မနှင့် အချင်းဝက် ၃ လက်မရှိသည်။

သရေခေတ္တရာ အုတ်ခွက်ဘုရားတစ်ဆူတွင် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်၏ လက်တော်ဟန်(မုဒြာ)သည် ဘူမိဖဿ (လက်ချောင်းများမြေထိပုံစံ) ဖြစ်ကာ ရုပ်ပွားတော် တစ်ဖက်တစ်ချက်တွင် စေတီပုံစံ တစ်ခုစီ ရံထားသည်။ အောက်ခြေ ပလ္လင်ခုံတွင်မူ ပန်းအိုးတစ်လုံးစီ ရံထားသည့် ခြင်္သေ့ဦးခေါင်းပုံကို မြင်တွေ့ကြရသည်။ ပလ္လင်အောက်ခြေတွင် ယေဓမ္မာ အစချီသည့် ဂါထာတော်ကို ရေးထားသည်။ကျောဘက်တွင် ပျူအက္ခရာများဖြင့် ဗွံးစာကေ ဟု ရေးထားသဖြင့် အလှူရှင်၏ အမည်ဟု ယူဆရသည်။ ယင်းအုတ်ခွက်ကို ပညာရှင်များက အေဒီ ၈ ရာစုနှင့် ၉ ရာစုအတွင်း လက်ရာဟု ခန့်မှန်းခဲ့သည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့ရသည့် အောက်ခြေလေးထောင့်နှင့် ထိပ်ချွန်းပုံစံ မြေမီးဖုတ် အုတ်ခွက်များတွင် ဗုဒ္ဓရုပ်ပွားတော်ကို အုတ်ခွက်အလယ်၌ ကြာပလ္လင်ပေါ်တွင်သီတင်းသုံးနေဟန် ထုလုပ်ထားသည်။လက်တော်ဟန်သည် လက်တော်နှစ်ဖက်ကို ရင်ဘတ်ပေါ်သို့ တင်ထားသည့် အဘယမုဒြာဟန်ဖြစ်သည်။ ပလ္လင်အောက်ခြေတွင် မဟာဝဂ္ဂပါဠိတော်၊ ဒီဃနိကာယ၊ သုတ္တန်ပိဋကတ်တော်မှ ကောက်နုတ်ထားသည့်ဘုရားဂုဏ်တော်များကို ရေးသားထားသည်။စာအရေးအသားသည် အေဒီ ငါးရာစုမှ ခုနစ်ရာစုအတွင်းက အိန္ဒိယနိုင်ငံတောင်ပိုင်းတွင်အသုံးပြုခဲ့သည့် တေလဂူ အရေးအသားနှင့် ဆင်တူကြောင်း ရှေးဟောင်းသုတေသနပညာ ပါမောက္ခတစ်ဦးက သုံးသပ်ခဲ့သည်။



သရေခေတ္တရာမှရရှိခဲ့သည့် မဟာယန ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် မြေမီးဖုတ်များတွင်ဗောဓိသတ္တ၊ အဝလောကိတေသရ၊ အဒိဘူတဗုဒ္ဓနှင့်လောကနာထပုံများကို မြင်တွေ့ရသည်။ အဝလောကိတေသရ အချို့တွင် ဦးခေါင်းတော်၌သရဖူ ဆောင်းထား၍ အချို့တွင် သရဖူဆောင်းထားခြင်းမရှိချေ။ မော်ဇာမှ ရရှိခဲ့သည့် ဗောဓိသတ္တ မြေမီးဖုတ်ဘုရားတွင် ခြေတော်ဟန်သည် ကြာပလ္လင်ပေါ်မှ ခြေတွဲလဲချ၍ ထိုင်နေဟန် ဖြစ်သည်။

တောင်လုံးညိုရွာမှ ရရှိခဲ့သည့် ၄ ဒသမ ၅ လက်မမြင့်သော အုတ်ခွက်ဘုရားတွင် ရုပ်ပွားသုံးဆူပါရှိကာ အလယ်ဆင်းတုတော်သည် ကြာပလ္လင်တွင်ထိုင်၍ မကိုဋ်ဆောင်းထားပြီး ဘေးနှစ်ဖက်မှ ရုပ်ပွားများသည် အလယ်ရှိ ရုပ်ပွားဘက်သို့ မျက်နှာမူလျက် ထိုင်နေကြသည်။

သရေခေတ္တရာမှ ရရှိခဲ့သည့် အုတ်ခွက်များကို ထေရဝါဒဆိုင်ရာ အုတ်ခွက်များ၊ မဟာယနဆိုင်ရာ အုတ်ခွက်များ၊ ထေရဝါဒနှင့် မဟာယနကို ရောစပ်ထားသည့် အုတ်ခွက်များဟု ပိုင်းခြားနိုင်သည်။ ဗုဒ္ဓရုပ်ပွားတော် အုတ်ခွက်၊ ဗောဓိသတ္တရုပ်ပွားတော် အုတ်ခွက်တို့အပြင် ဗုဒ္ဓရုပ်ပွားကို မဟာယန နတ်ရုပ်များရံထားသည့် အုတ်ခွက်များကိုလည်းတွေ့ရှိရသဖြင့် သရေခေတ္တရာတွင် ရှိခဲ့သည့် ပျူလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာအပြင် မဟာယနဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ခဲ့ကြကြောင်း ယူဆနိုင်ခဲ့ပေသည်။ ထို့အတူ ဣတိပိသောဘဂဝါ အစရှိသော ဂါထာကို ရေးထိုးထားသည့်အုတ်ခွက်နှင့် ယေဓမ္မာဂါထာကို ရေးထိုးထားသည့် အုတ်ခွက်၊ ယေဓမ္မာဂါထာ ရေးထိုးထားသော ဗောဓိသတ္တ (သို့မဟုတ်) အဝလောကိတေသရ (သို့မဟုတ်) လောကနာထ မြေမီးဖုတ် အုတ်ခွက်ဘုရားဟူ၍ သုံးမျိုး တွေ့ရပါသည်။

ဘီစီ ၂၀၀ ပြည့်ခုနှစ်တွင် ဗုဒ္ဓဝါဒသည် မဟာယာနနှင့် ထေရဝါဒဟု နှစ်ဂိုဏ်းကွဲခဲ့ရာ မဟာယာနဂိုဏ်းသည် သက္ကတ ဘာသာကိုအသုံးပြု၍ ဟိနယာန ဗုဒ္ဓဝါဒ (သို့မဟုတ်) ထေရဝါဒ ဗုဒ္ဓဝါဒသည် ပါဠိဘာသာကိုအသုံးပြုခဲ့သည်ဟု အိန္ဒိယ သုတေသီများက ဆိုခဲ့ကြသည်။ သရေခေတ္တရာတွင်တွေ့ရှိရသော အုတ်ခွက်ဘုရားအချို့တွင် ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ယေဓမ္မာ ဂါထာတော်သည် ထေရဝါဒဗုဒ္ဓဘာသာနှင့် သက်ဆိုင်နေပေသည်။ အေဒီငါးရာစုမှ ခုနစ်ရာစုအတွင်းက ပြုလုပ်ခဲ့သော ဣတိပိသော ဘဂါဝါ ဂါထာပါ အုတ်ခွက်ဘုရားများသည်လည်း ထေရဝါဒ ဗုဒ္ဓဝါဒနှင့် သက်ဆိုင်သောအုတ်ခွက်ဘုရားများဖြစ်ကြသည်။

ဗောဓိသတ္တပုံပါရှိပြီး ယေဓမ္မာဂါထာကို သက္ကတဘာသာဖြင့် ရေးထိုးထားသော အုတ်ခွက်များမှာ အေဒီ ရှစ်ရာစုမှ ကိုးရာစုအတွင်း ပြုလုပ်ခဲ့ကြောင်း ယူဆကြသဖြင့် ထေရဝါဒဗုဒ္ဓဘာသာသည် သရေခေတ္တရာသို့ အေဒီ ခုနစ်ရာစုမတိုင်မီ ရောက်ရှိနေခဲ့ကာ မဟာယာနဗုဒ္ဓဘာသာသည် အေဒီခုနစ်ရာစုနောက်ပိုင်းမှ သရေခေတ္တရာသို့ ရောက်ရှိလာဖွယ်ရှိပေသည်။ ထို့ကြောင့် သရေခေတ္တရာမှ တွေ့ရှိခဲ့သည့် မြေမီးဖုတ် အုတ်ခွက်ဘုရားများသည် သရေခေတ္တရာတွင် နေထိုင်ခဲ့သည့် ပျူလူမျိုးများ၏ ယုံကြည်ကိုးကွယ်မှုများကို ဖော်ညွှန်းနေခဲ့ကြပေသည်။

မြေမီးဖုတ် အုတ်ခွက်ဘုရားများကို သရေခေတ္တရာဝန်းကျင်ရှိ မော်ဇာ၊ မထောရွာ၊ ဧရှင်ကုန်း၊ မြင်ဗာဟုဘုရား၊ ကန်သုံးဆင့်တောင်၊ တာဝတိံသာ ကျဲကြောင်းကုန်းဘုရား၊ ပျို့ခင်းကြီးစသည့် နေရာများမှ ရရှိခဲ့ရာ ယင်းတို့ကို ကျောက်စာဝန်ဦးမြ ပြုစုခဲ့သည့် ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ စာအုပ် ဒုတိယတွဲတွင် လေ့လာနိုင်ကြပေသည်။ ။

**“အုတ်ခွက်ဘုရားများသည် အလှူရှင်များ၏ စိတ်ကူးစိတ်သန်းအပေါ်မူတည်လျက် ဗုဒ္ဓယဉ်ကျေးမှုလက်ရာပုံစံများစွာကို ဖော်ညွှန်းနေကြပေသည်။ အုတ်ခွက်ဘုရားအလှူရှင်အမည်များကို အုတ်ခွက်မျက်နှာစာရှိ ရုပ်ပွားတော် ပလ္လင် အောက်ခြေနှင့် အုတ်ခွက်၏ ကျောဘက်တွင်ရေးထိုးခဲ့ကြသည်။ အလှူရှင်များတွင် ဘုရင်၊ မိဖုရား၊ မှူးမတ်နှင့် ရဟန်းသံဃာများအပြင် သာမန်ပြည်သူများကိုလည်း တွေ့ရှိနိုင်သည်။ အုတ်ခွက်ဘုရားအလှူရှင်အမည်များမှ ပုဂံဘုရင်များ၏ ဘွဲ့အမည်များ၊ သားတော် သမီးတော်များ၏ ဘွဲ့များကို သိရှိကြရပေသည်”**

# ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း



ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနေမှုကို တွေ့ရစဉ်။

**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်ရှိသော (သမိုင်းဝင်) ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ကျပ်သိန်းပေါင်း တစ်သောင်းကျော်ခန့် အကုန်ကျခံပြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ဝင် ဦးတင်အောင်က ပြောသည်။

"ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရာမှာ ဘုရားဝင်းအတွင်းမှာရှိတဲ့ အလှူခံပုံး၊ အလှူခံဌာနနဲ့ ဘုရားအတွက် ရွှေသင်္ကန်းကပ်ဖို့အတွက်ဆိုပြီး စုဆောင်းထားတဲ့ငွေကြေးတွေနဲ့ လုပ်တာပါ။ ရွှေသင်္ကန်းကပ်တဲ့နေရာမှာ အထက်ငှက်ပျောဖူးတော်ကို ရွှေစင်ရွှေသားစစ်စစ်နဲ့ လုပ်ပြီးတော့ ကျန်တာကို မျက်ပါးရွှေတွေနဲ့ ဆက်ကပ်ပူဇော်တာပါ။ စေတီတော်မြတ်ကြီး တစ်ခုလုံးအနေနဲ့ ရွှေသင်္ကန်းကပ်တာ ကျပ်သိန်းပေါင်း ၁၂၀၀၀ ခန့် အကုန်ကျခံပြီး ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့ရာ ရွှေပြားကပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီး လုပ်ငန်းတစ်ခုလုံးအနေဖြင့် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရေစက်သွန်းချ အလှူတော်မင်္ဂလာအခမ်းအနားကို မေလဒုတိယပတ်တွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စေတီတော်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို နိုင်ငံတော်ဩဝါဒါစရိယ(သုမ္မော) နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၅၃ ပေရှိပြီး အထက်ငှက်ပျောဖူးတော်ကို ရွှေစင် ရွှေပြား ၈၇၅ ပြား၊ မျက်ပါးရွှေဆိုင်း ၆၂၀၀ ကျော် ကို အသုံးပြုထားကြောင်း၊ ရွှေမုဋ္ဌောစေတီတော်ကြီး၏ ထူးခြားချက်မှာ အခြားသောစေတီတော်ကြီးများနှင့်မတူဘဲ ထီးတော်ကို ရွှေထီးတော်၊ ငွေထီးတော်၊ ကြေးထီးတော် အဆင့်သုံးဆင့်ဖြင့် ပြုလုပ်ထားရှိကြောင်း ဘုရားဂေါပကများထံမှ သိရသည်။

**မင်းထွန်းဇော်**

## ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ၊ ဈာပနပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**ညောင်တုန်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တက္ကန္ဒဝံသာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၁၀၀) သည် မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

သတ္တမစံကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသာဘိဝံသသည် ရွှေဟင်္သာတောရကျောင်းတိုက်၏ သမိုင်းတစ်လျှောက် သက်တော်အရှည်ဆုံးထူးခြားသော ဆရာတော်တစ်ပါးဖြစ်သည်။ ထူးခြားလှသော သက်တော်ရှည် သတ္တမစံကျောင်း ဆရာတော်ကြီးအား ရွှေဟင်္သာတောရကျောင်းတိုက် နာယကထေရ်ကြီးများ၊ ပြည်တွင်း၊ ပြည်ပရွှေဟင်္သာဝံသ သံဃာတော်များနှင့် သာသနာတော်ကို ကြည်ညိုလေးမြတ်ဆည်းကပ်ကြကုန်သော ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးအား အဘိဓဇ မဟာရဋ္ဌဂုရု ပူဇော်ပွဲနှင့် သက်တော်ရာပြည့်ပူဇော်ပွဲကို ယခုနှစ် ဇန်နဝါရီ ၁၉ ရက်က ညောင်တုန်းမြို့ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ ရာပြည့်မဓ္ဓဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

ယခုအခါ ဘဝနတ်ထံပျံလွန်တော်မူသော သတ္တမစံကျောင်းဆရာတော်ကြီး၏ ဈာပနကို ခုနစ်ရက်ထားရှိပြီး ဈာပနနေ့ကြီးအဖြစ် တန်ခူးလပြည့်ကျော် ၆ ရက်၊ မေ ၂၅ ရက် (ကြာသပတေးနေ့)တွင် ကျင်းပရန်၊ ဈာပနကို ရာပြည့်မဓ္ဓဗိမာန် (ရွှေဟင်္သာတောရတိုက်) အနီးတွင် သဂြိုဟ်ရန်နှင့် ညစဉ် ပဋ္ဌာန်းပွဲများ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈာပနကော်မတီမှ သိရသည်။

**ဝဏ္ဏနိုင် (ညောင်တုန်း)**

## မင်းဘူးမြို့တွင် ဉာဏ်တော်အမြင့် ၂၂ ပေရှိ နှီးဘုရား တည်ထားကိုးကွယ်မည်

**မင်းဘူး မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃)နယ်မြေ ချမ်းမြေ့သာစည်တောရ ကျောင်းတိုက်အတွင်းတွင် ဉာဏ်တော်အမြင့် ၂၂ ပေရှိ နှီးဘုရား တည်ထားကိုးကွယ်မည် ဖြစ်သည်။

"နှီးဘုရားကြီးကို ဒူးတော် အကျယ် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၂၂ ပေ အရွယ်အစားနဲ့ တည်ထားကိုးကွယ်သွားမှာပါ။ အလှူရှင်များကောင်းမှုနဲ့ စတင်တည်ဆောက်နေပါပြီ။ ပလ္လင်စံကျောင်းတော် အပါအဝင် စုစုပေါင်း သိန်း ၅၀၀ ခန့်ကုန်ကျမယ်လို့ ခန့်မှန်းထားတယ်"ဟု ချမ်းမြေ့သာစည်တောရ ကျောင်းတိုက်ဆရာတော် ဦးဉာဏောဘာသက မိန့်ကြားသည်။



မင်းဘူးမြို့တွင် တည်ထားကိုးကွယ်မည့် နှီးဘုရားတည်ထားနေမှုကို တွေ့ရစဉ်။

အဆိုပါ နှီးဘုရားကြီးကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ်မှ နှီးလက်မှုပညာရှင် ဦးစိုင်းကာလိန်ဒအပါအဝင် ပညာရှင် ငါးဦးဖြင့် ၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့မှ စတင်ဆောင်ရွက်နေပြီး ကြာချိန်တစ်လခွဲအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှီးဘုရားအတွက် လိုအပ်သည့် ဝါးများကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပေါက်ရောက်သော ပိုးမထိုးနိုင်သည့် ကြိမ်မျိုးနွယ်ဝင်ဝါးများဖြင့် ရက်လုပ်နေခြင်း ဖြစ်ကြောင်း၊ နှီးဘုရားကြီးအား ဒေသခံများအပါအဝင် စေတနာရှင်များဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး နှီးဘုရား ဘက်စုံတည်ထားကိုးကွယ်ရန်အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

**သတင်း- မျိုးမြတ်(မင်းဘူး)**
**ဓာတ်ပုံ-ကိုဂျေ(မင်းဘူး)**

## တောင်းအင်ကျေးရွာ၌ လက်ကိုင်အိတ်၊ လက်ကိုင်ခြင်း ပြုလုပ်နည်းသင်တန်းပေး

**မော်လိုက် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တောင်းအင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အိမ်တွင်းမှုအတတ်ပညာ လုပ်ငန်းဖြင့် မိသားစုဝင်ငွေရရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ အိမ်တွင်းမှုလုပ်ငန်း လက်ကိုင်အိတ်၊ လက်ကိုင်ခြင်းပြုလုပ်နည်း သင်တန်းကို ယမန်နေ့က တောင်းအင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။



အိမ်တွင်းမှုလုပ်ငန်း လက်ကိုင်အိတ်၊ လက်ကိုင်ခြင်း ပြုလုပ်နည်းသင်တန်းပေးနေစဉ်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီရွှေက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်းအင်ကျေးရွာ၊ သာနန်းတောကျေးရွာနှင့် ခါတွန်ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ တစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## နောင်ချိုမြို့၌ စွယ်တော်ရိပ် အဝေးပြေးယာဉ်ရပ်နား စခန်းသစ်ဖွင့်ပွဲ ကျင်းပ

**နောင်ချို မေ ၂၂**

ကျောက်မဲခရိုင် နောင်ချိုမြို့ စွယ်တော်ရိပ်အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နောင်ချိုမြို့ဈေးရပ်ကွက် မန္တလေး-လားရှိုးကားလမ်းအနီး၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော ယာဉ်ရပ်နားစခန်းသည် မူဆယ်၊ လားရှိုး၊ ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန်မြို့အသီးသီးတို့မှ အဝေးပြေးယာဉ်များ နောင်ချိုမြို့ စွယ်တော်ရိပ်ကားဝင်း၌ ရပ်နားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြင်ဆင်သိမှတ်ပေးပါရန်

၂၀-၄-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ ပါ "**စည်းကမ်းမဲ့ အဖျက်လုပ်ရပ်ကြောင့် အကျည်းတန်ခဲ့ရသည့် ထီးသကြန်**" ဆောင်းပါး၏ စာရေးသူအမည်ကို '**ဒေါက်တာ အောင်သန်းဝင်း**' အစား '**ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)**'ဟု ပြင်ဆင်သိမှတ်ပေးပါရန်နှင့် မှားယွင်းမှုအတွက် အနူးအညွတ် တောင်းပန်အပ်ပါကြောင်း။

**စာတည်းအဖွဲ့**

# နှစ်ပေါင်း ၁၅၀ တိုင်တိုင် မပျက်မကွက်ကျင်းပလာသည့် ပုလောမြို့နယ်မှ ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားပွဲ

ပုလော ဧပြီ ၂၂

**ပါဒစက်တော်ရာ ဘုရားပွဲတော်သည် မဟာသင်္ကြန်ကာလပြီးပြီးချင်း မပျက်မကွက် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ တိုင်လာပြီဖြစ်သော ပွဲတော်တစ်ခုဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားပွဲတော်များအနက် နာမည်ကျော်လူသိများကာ အနီးဝန်းကျင် မြို့ရွာများသာမက မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလှသည့် ဘုရားပွဲတော်တစ်ခုဖြစ်သည်။**



ပါဒစက်တော်ရာဘုရားပွဲတော်လာ ပြည်သူများဖြင့် စည်ကားနေသော ညပိုင်းမြင်ကွင်း။

### ပေ ၄၀၀၀ ကျော်အမြင့်မှာတည်ရှိ

ကမ္ဘာလှတောင် ပါဒစက်တော်ရာသည် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် စက်တော်ရာကျေးရွာ ပြည်ထောင်စုလမ်းမကြီးနံဘေး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၂၈၀ ရှိ အမြင့်ဆုံး ကမ္ဘာလှတောင်ထိပ်ပေါ်တွင် တည်ရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဝဲခြေတော်ရာကို ခေါ်ဆိုကြခြင်းဖြစ်သည်။ ဒေသအခေါ် ပလစက်တော်ရာဟုခေါ်ကြပြီး ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားဟု လူသိများထင်ရှားသည်။

ပါဒစက်တော်ရာဘုရားပွဲကို နှစ်စဉ်နှစ်တိုင်း မဟာသင်္ကြန်ပွဲတော်အပြီး မြန်မာနှစ်ဆန်း ၂ ရက် မှစတင်ကာ ၁၅ ရက်ကြာ ကျင်းပလေ့ရှိသည်။

ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည်ဖွားမြင်တော်မူပြီးနောက် ကပိလဝတ်ပြည်သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင်းမင်းဆရာ ဒေဝီဠရသေ့ကြီး၏ ဦးခေါင်းပေါ်၌ ရပ်တော်မူ၏။ သိဒ္ဓတ္ထမင်းသားသည် ဂေါတမမြတ်စွာဘုရားဖြစ်လိမ့်မည်ဟု သိတော်မူပြီး ဘုရားဖြစ်တော်မူသည့်အခါ မိမိသီတင်းသုံးရာ ဤကမ္ဘာလှတောင်တော်ပေါ်တွင် ပါဒ ခြေတော်ရာတစ်ဆူချထား ပေးသနားတော်မူပါမည့်အကြောင်း သုဒ္ဓေါဒနမင်းကြီးမှတစ်ဆင့် လျှောက်ထားပေးပါရန် ဒေဝီဠ ရသေ့ကြီးက မှာကြားပြီးနောက် ဖြဟ္မာပြည်သို့ ဘဝကူးပြောင်းသွားခဲ့သည်။ သိဒ္ဓတ္ထမင်းသားသည် ဂေါတမဘုရားဖြစ်တော်မူလာသောအခါ တနင်္သာရီရိုးမ ကမ္ဘာလှတောင်နေရာသို့ ဒေသစာရီကြွချီတော်မူလာခဲ့သည့်အချိန် ကမ္ဗလဘီလူးမင်းက ခြေတော်ရာတစ်ဆူချထား ပေးသနားတော်မူပါရန် ထပ်မံတောင်းပန်လျှောက်ထားပြန်သဖြင့် ဂေါတမမြတ်စွာဘုရား၏ အရွယ်အစား အလျားအနံကို တိုင်းတာသည့်အခါ တစ်ကြိမ်နှင့်တစ်ကြိမ်မတူညီသည့် ဝဲဘက်ခြေတော်ရာတစ်ဆူကို ချထားပေးသနားတော်မူခဲ့ကြောင်း။

ပထမဆုံးတွေ့ရှိသူမှာ တပို့ရွာချောင်းဖျားက စံသာရွာသားမုဆိုးကြီး စောဖိုးထူးဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၁၉၀ ပြည့်နှစ်၌ တပို့ရွာဆရာတော်ဦးတေဇာ ခေါ် ဆရာဖြူက စက်တော်ရာခေါ် ဗုဒ္ဓခြေတော်ရာကို ဒုတိယအကြိမ်မြောက်တွေ့ရှိခဲ့ကြောင်း ပါဒစက်တော်ရာ၏ သမိုင်းမော်ကွန်း ကမ္ပည်းကျောက်စာအရ သိရသည်။

မြန်မာသက္ကရာဇ် ၁၃၅၅ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်နေ့တွင် စက်တော်ရာကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာမိကပါဒစက်တော်ရာစေတီတော်ကို ထီးတော်အသစ်တင်လှူခဲ့ကြောင်း ပါဒစက်တော်ရာ သမိုင်းကျောက်စာတွင် ဖော်ပြထားပြီး ရှေးအခါက ကမ္ဘာလှတောင်ကို ရသေ့တောင်ဟု အမည်တွင်ခဲ့ကာ မြတ်ဗုဒ္ဓ၏ ဝဲဘက်ခြေတော်ရာကို စတင်တွေ့ရှိခဲ့သည့်အချိန်တွင် ဒေသခံများကစက်တော်ရာတောင်ဟုလည်းကောင်း၊ ဘုရားတောင်ဟုလည်းကောင်း၊ တောင်ခြေအနီးတွင်နေထိုင်ကြသော ကရင်တိုင်းရင်းသားများက (တောင်နှင့်မြောက်စီးဆင်းနေသည့် ချောင်းအစွဲပြု၍)ကမ္ဗလာတောင်ဟုခေါ်ဆိုခဲ့ရာမှ ယခုအခါ ကမ္ဘာလှတောင်ဟုအမည်တွင်လာခဲ့ကြောင်း ဒေသခံများက ပြောသည်။

### ပွဲကျင်းပမှု နှစ် ၁၅၀ တိုင်လာပြီဖြစ်

နှစ်စဉ်မဟာသင်္ကြန်ကာလအပြီးမြန်မာနှစ်ဆန်း(၂)ရက် ဧပြီ၁၈ ရက်နေ့မှ မေလ ၂ ရက်နေ့အထိ ၁၅ ရက်ကြာ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုအခါ အကြိမ်(၁၅၀)မြောက် ရှိခဲ့ပြီဖြစ်သည်။ မြိတ်-ပုလော ပြည်ထောင်စုလမ်းအတိုင်း ပုလောမြို့မှရောက်မီ စက်တော်ရာ ရွာအထိကို မိုင် ၅၀ ဝန်းကျင်ခန့် ခရီးရှိပြီး မီးလောင်ချောင်းကျေးရွာ မီးလောင်ချောင်းတံတား အလွန်တွင် စက်တော်ရာကျေးရွာသို့ ရောက်လာသည့်အခါ တောင်ခြေရှိ ဘုရားပွဲဈေးတန်းများကို တွေ့ရှိရမည်ဖြစ်သည်။

ဈေးသည်များမှာ ရန်ကုန်၊ ပဲခူးမှသည် တောင်ပိုင်းဒေသ ကော့သောင်းမြို့ရှိ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြပြီး အဝတ်အထည်၊ အိမ်သုံးပစ္စည်း၊ ဖန်စီအလှကုန်အမျိုးမျိုး၊ အစားအသောက်နှင့် ဒေသထွက်ကုန်ပစ္စည်းများ၊ ဒေသထွက်အစားအစာများအပြင် ဒေသထွက်အမှတ်တရ လက်ဆောင်များကို ရောင်းချနေကြသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ယာဉ်အပ်နှံရန် နေရာစီစဉ်ထားရှိကာ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀၊ ကားငယ် တစ်စီးငွေကျပ် ၂၀၀၀ နှင့် ကားကြီးတစ်စီးကိုငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဘုရားရန်ပုံငွေအတွက် ကောက်ခံလျက်ရှိသည်။

တောင်ပေါ်တက်သည့်နေရာတွင် အင်္ဂတေလှေကားထစ်များနှင့်လုပ်ထားသည့် တောင်တက်လမ်းတစ်လျှောက် လျှပ်စစ်မီးများထွန်းထားပြီး တောင်ခြေမှ တောင်ထိပ်အထိ ခြေကျင်လမ်းမှာ တစ်မိုင်လေးဖာလုံရှိသည်။ တောင်တစ်ဖက်ခြမ်းတွင်ဖောက်လုပ်ထားသည့် တောင်တက် ကားလမ်းမှာ နှစ်မိုင်လေးဖာလုံရှိသည်။ တောင်ပေါ်သို့ လမ်းလျှောက်ပြီးမတက်ချင်သည့်သူများ (သက်ကြီးရွယ်အိုများ)အတွက် ဂေါပကအဖွဲ့က ကားကြီး အစီး ၄၀ စီစဉ်ပေးထားပြီး ကားခမှာ လူတစ်ဦးအတက် ငွေကျပ် ၁၅၀၀ နှင့် အဆင်း ငွေကျပ် ၁၅၀၀ သတ်မှတ်ထားသည်။ တောင်ပေါ်သို့ မိသားစုအလိုက် သူ့အုပ်စုနှင့်သူတက်ကြဆင်းကြသူများနှင့် တစ်ညလုံး တောင်ပေါ်လမ်းတစ်လျှောက်တွင် လူရေစီးကြောင်းကြီး စီးမျောနေသည်ဟုထင်မှတ်ရအောင် လူများကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

တောင်ပေါ်ရောက်ခါနီးတွင် တဖြည်းဖြည်းမတ်စောက်လာပြီး တောင်ပေါ်ရောက်သည့်အခါ တသုန်သုန် တဖြူးဖြူးတိုက်ခတ်နေသော သန့်ရှင်းလတ်ဆတ်သည့်လေကိုရှူကာ အလွန်လှပသော ပန်းချီကားတစ်ချပ်ကဲ့သို့ မြင်ကွင်းကို စိတ်ချမ်းသာ ကြည်နူးဖွယ် မြင်တွေ့ရမည်ဖြစ်သည်။ ကျောက္ကာမြစ်ကိုလည်း အဝေးကလှမ်းမြင်နိုင်ပြီး မြစ်ကမ်းနံဘေးတွင် တည်ထားသည့် ရွာများကိုမြင်နိုင်ကြောင်း၊ ဘုရားရင်ပြင်မှာ ကျောက်သားများဖြင့် အများစုဖွဲ့စည်းထားသည့်အတွက် ရေမကျောက်ပြားကြီးများပေါ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များသည် ဘုရားပွဲအတွင်း အသူရာနက်သောချောက်ကြီးနှင့်ကပ်လျက်ရှိသော အဆိုပါကျောက်သားရင်ပြင်ကြီးများတွင်ပါလာသည့် အခင်းလေးများကို ကိုယ်စီခင်းပြီး အိပ်စက်အနားယူနေကြသည်မှာလည်း နေရာလွတ်မရှိလောက်အောင်များပြားလေ့ရှိကြောင်း၊ တောင်ပေါ်တွင် ဘုရားဖူးနားနေဆောင်ငါးဆောင်ရှိသော်လည်း လာရောက်ဘုရားဖူးသူများပြားလွန်းသောကြောင့် နေရာမလောက်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်များက ရှင်းပြသည်။

ခြေတော်ရာကို လာရောက်ဖူးမြော်ရာမှ ခြေတော်ရာအပြင်ထူးခြားသည့် အထင်ကရနေရာများဖြစ်သည့် ဘီလူးမင်း၏ ဒူးတုပ်ရာ၊ ကျောက်ရေတွင်း၊ တရားဒေသနာတော်ဟောကြားရာ ပလ္လင်တော်ပုံ၊ နဂါးမောက်တောင်ပုံ၊ ဘီလူးခြေရာ ကျောက်ဆင်စခန်းစသည့်နေရာများလည်းရှိကြောင်း သိရသည်။ လွန်ခဲ့သော နှစ် ၄၀ ကျော်က နွားလှည်းများဖြင့် ရောက်လေ့ရှိကြပြီး တောင်ပေါ်သို့ ဖယောင်းတိုင်မီးများ၊ ရေနံဆီထည့်ထားသည့် မီးတုတ်များထွန်း၍တက်ခဲ့ကြရာ လာရောက် ဘုရားဖူးသည့် ဧည့်သည်များက တစ်နိုင်တစ်ပိုင် သယ်ဆောင်တင်ပေးထားသည့် အုတ်များဖြင့် ယခုအခါစေတီနှင့်ဘုရားဆောင်များကို တည်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဖွင့်ပွဲ မြန်မာနှစ်ဆန်း ၂ ရက်နေ့မှာ ဆရာတော်ကြီးရဲ့ ဩဝါဒခံယူပြီးစတင်ဖွင့်လှစ်ပါတယ်။ ဘုရားပွဲတော်က ၁၅ ရက်ကျင်းပမှာပါ။ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်လောက်က ဘုရားပွဲတော်ကို တစ်လကြာကျင်းပခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပွဲတော်ရက်ကို ၁၅ ရက် လျှော့ချခဲ့ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြားလပြည့်နေ့နဲ့ ဆုံတော့ ပိုပြီးစည်ကားမှာပါ။ လပြည့်နေ့ဆိုရင်တော့ အစည်ကားဆုံးပါပဲ"ဟု ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

### တိုင်းဒေသကြီးအတွင်း အထင်ရှားဆုံးဘုရားပွဲတော်

နံနက် ၃ နာရီခန့်မှစတင်ကာ တောင်ပေါ်တွင် စတင်စည်ကားလာပြီး ပါဒစက်တော်ရာကအပြန် ပုလောမြို့၏ အနောက်မြောက်ဘက်ခြမ်းတွင်ရှိသည့် ပင်လယ်ကမ်းခြေက ရှေးဟောင်းဘုရားရှိသည့် ဖိုးရှမ်းကမ်းခြေသွားရောက်လေ့ရှိကြသည်။ "ရှေးဟောင်းဖိုးရှမ်းဘုရားက ကမ်းခြေအနီး ကျွန်းကလေး တစ်ကျွန်းပေါ်မှာရှိတဲ့ တောင်ထိပ်မှာတည်ထားတာပါ။ ရေတက်ချိန်များတွင် သွားလာရေး အဆင်ပြေစေဖို့ ဘုရားရှိတဲ့တောင်နဲ့ ကမ်းခြေကိုရှည်လျားတဲ့ ဝါးသစ်သားတံတားလေးတစ်စင်း ဆောက်လုပ်ထားပါတယ်။ ကျွန်းပေါ်က ဘုရားရင်ပြင်ပေါ်ရောက်တဲ့အခါ ပင်လယ်ပြင်ကိုဖြတ်ကျော်တိုက်ခတ်လာတဲ့ သန့်ရှင်းလတ်ဆတ်ပြီး ဆားရနံ့သင်းတဲ့ လေကိုရှူရှိုက်ကာ ကျယ်ပြောလှတဲ့ရေပြာပြာပင်လယ်ကို တစ်ဝကြီးမြင်တွေ့ရမှာဖြစ်သလို ကမ်းခြေကို ဝင်ရောက်လာတဲ့ လှိုင်းလုံးကြီးတွေကြား ရေကူးရေကစားပြီး ပင်လယ်ပြင်ကို နောက်ခံထားကာ အမှတ်တရဓာတ်ပုံရိုက်ရတာလည်း ပျော်စရာကောင်းလှပါတယ်"ဟု ဘုရားဖူးလာပြည်သူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အထင်ရှားဆုံးဘုရားပွဲတော်ကြီးဖြစ်သည့် ပါဒစက်တော်ရာ ဘုရားပွဲတော်ကြီးကို မဟာသင်္ကြန်ကာလပွဲတော်အပြီးတွင် ကျင်းပလေ့ရှိသဖြင့် အေးဆေးစွာ လာရောက်ဖူးမြော် ကြည်ညိုနိုင်မည့်အပြင် တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ နာမည်ကြီးကျွန်းများကိုလည်း ကြည့်ရှုလေ့လာရင်း ခရီးစဉ်အတွေ့အကြုံလေးများ၊ ဒေသခံများလူနေမှုပုံစံများ၊ သာယာဖွယ်ကွဲပြားသည့် စကားပြောသံလေးများ၊ ဒေသထွက်ကုန်များကိုလေ့လာရင်း နှစ်သစ်ကူး မဟာသင်္ကြန်ကာလပြီး ကျင်းပလေ့ရှိသော ပါဒစက်တော်ရာ ဘုရားပွဲတော်ကြီးသို့ လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

မြင့်ဦး (မြိတ်)



မြေဆီလွှာဓာတ်ခွဲခြင်း သရုပ်ပြရှင်းလင်းနေစဉ်။

# ချင်းတွင်းအထက်ပိုင်းဒေသရှိ မြို့နယ်လေးမြို့နယ်သို့ မြေဆီလွှာဓာတ်ခွဲသေတ္တာများ ထောက်ပံ့

**မုံရွာ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မြေဆီလွှာ ဓာတ်ခွဲသေတ္တာ ၁၂လုံးကို ဧပြီလတတိယပတ်အတွင်းက တိုင်းဒေသကြီး အထက်ပိုင်းဒေသမှ မြို့နယ်လေးခုသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဦး၏ ပြောကြားချက်အရ သိရသည်။

"မြေတစ်ခုမှာ ဘာမှမသိဘဲ စိုက်တာထက်စာရင် မြေထဲမှာရှိတဲ့ ရေအဆင့်ဘယ်လောက်ရှိသလဲ၊ မြေကြီးထဲမှာ ဘာဓာတ်တွေရှိသလဲဆိုတဲ့ ဓာတ်သဘောတွေကိုသိရင် ဘာသီးနှံစိုက်ရင် ပိုကောင်းမယ်။ စက်နဲ့တိုင်းတာသိရှိမှုအရ မြေကြီးထဲမှာလိုအပ်တဲ့ ဓာတ်မြေသြဇာပဲကျွေးမယ်၊ မလိုအပ်တဲ့ ဓာတ်တွေကိုတော့လျှော့ချမယ်။ မြေရဲ့အခြေအနေပေါ်မူတည်ပြီး ဘာသီးနှံစိုက်လို့ကောင်းမယ်ဆိုတာကို အနီးစပ်ဆုံး စဉ်းစားနိုင်မယ်။ အရင်ကတော့ဘာမှမသိဘဲ မြေကြီးပေါ်မှာစိုက်လိုက်တာနဲ့စာရင် မြေကြီးထဲမှာ ဘာဓာတ်တွေရှိတယ်။ ရေအဆင့်ဘယ်လောက်ရှိတယ်ဆိုတာကိုသိပြီး စိုက်ရတာက ပိုပြီးကောင်းတယ်ဆိုတဲ့အချက်ကြောင့် ဒီသေတ္တာတွေကို ဖြန့်ပေးတာဖြစ်တယ်"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လဟယ်မြို့နယ်သို့ ခြောက်လုံး၊ ခန္တီးမြို့နယ်သို့ နှစ်လုံး၊ ဟုမ္မလင်းမြို့နယ်အတွင်းသို့ သုံးလုံး၊ ဖောင်းပြင်မြို့နယ်အတွင်းသို့တစ်လုံး စုစုပေါင်း ၁၂ လုံးကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဧပြီလတတိယပတ်အတွင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

# သတိပြုဖွယ် ခွေးရူးရောဂါအန္တရာယ်

မေယု-မျိုးအောင်(MANA)

ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ဝန်းကျင်ကတည်းက သိရှိခဲ့ကြသည်။ ခွေးရူးရောဂါအကြောင်းရေးသားခဲ့သည့် ပထမဆုံးမှတ်တမ်းမှာ ဘီစီ ၁၉၃၀ က မီဆိုပိုတေးမီးယား Codex of Eshnunna အည္တန်းစာအုပ်ထဲတွင် ဖော်ပြပါရှိသည့် မှတ်တမ်းထဲ၌ ခွေးရူးရောဂါ လက္ခဏာများပြနေသည့် ခွေး၏ ပိုင်ရှင်သည် အကိုက်မခံရအောင် အကာအကွယ်အတားအဆီးလုပ်ထားသင့်သည်ဟု ပါရှိသည်။ မိမိမွေးမြူထားသောခွေးက ခွေးရူးရောဂါဖြစ်ပွားပြီး အခြားလူတစ်ဦးတစ်ယောက်ကို ကိုက်မိသောကြောင့် ထိုလူသေဆုံးလျှင် ခွေးပိုင်ရှင်အား ကြီးလေးသောဒဏ်ငွေပေးဆောင်စေသည်ဟု မှတ်တမ်းတင်ခဲ့သည်။

### ရှေးရိုးစွဲ အယူအဆမှားများ

ရှေးခေတ်က ခွေးရူးရောဂါအကြောင်း ကောင်းစွာမသိခဲ့ကြသဖြင့် ရိုးရာဆေးဝါးများဖြင့်သာ ကုသခဲ့ကြသည်။ ရိုးရာဆေးဝါးများထဲ၌ ဟိုင်းအီးနားခေါ် တောရိုင်းတိရစ္ဆာန်၏ အရေပြားကို ပိတ်စနှင့်အုပ်၍ အနာပေါ်အုံပေးခြင်း၊ လူ၏ဦးခေါင်းရိုးပါဝင်သောဆေးဖော်ပြီး အနာကိုလိမ်းပေးခြင်းတို့ ပါဝင်သည်ဟု သိရသည်။

၁၇၆၈ ခုနှစ်က ဘော်စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး ပြင်သစ်နှင့် မြောက်အမေရိကတိုက်အထိ ကူးစက်သွားခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ဘေးဆိုးကပ်ဆိုးတစ်ခုဟုပင် ယူဆခဲ့ကြသည်။ ထိုခေတ်တွင် ပြင်သစ်နှင့် ဘယ်လ်ဂျီယံပြည်တို့၌ သူတော်စင် Saint Hubert ကို ရိုသေကိုင်းရှိုင်းကြသောကြောင့် စိန့်ဟူးဘတ်၏ သော့(St Hubert's Key) ကို မီးပြင်းပြင်းနှင့်ဖုတ်ပြီး ခွေးကိုက်ခံရသောအနာကို ထိုသော့တံနှင့်ကပ်ကာ ကုသခဲ့ကြသည်။ ပဋ္ဌလက်ဆန်သောအတွေးအခေါ်ကို အသုံးပြုပြီး ခွေးရူးရောဂါ ကာကွယ်တားဆီးနိုင်အောင် ခွေးများအား သော့တံဆိပ် သံပူကပ်ပေးခြင်းကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

ခွေးရူးဟုသံသယဖြစ်သောခွေးက ကိုက်လိုက်လျှင် ထိုလူသည် သူ့ကိုယ်သူ သတ်၍သေခြင်း သို့မဟုတ် အခြားသူများက ဝိုင်း၍သတ်ဖြတ်ခြင်းဖြင့် ကိစ္စတုံးအောင် စီရင်ကြသည်လည်း ရှိခဲ့သည်။ လူဝီပါစတာ(Louis Pasteur)ခေါ် သိပ္ပံပညာရှင်ကြီးအဖို့ စမ်းသပ်မှုများလုပ်ရန် အခွင့်အရေးများရရှိခဲ့သောကြောင့် ၁၈၈၅ ခုနှစ်တွင် 'ခွေးကိုက်ခံရပြီးနောက်ထိုးရသော ကာကွယ်ဆေး'ကုထုံးကို တီထွင်နိုင်ခဲ့သည်။ ရှေးခေတ်က ခွေးရူးရောဂါသည် လျှာမှစတင်ဖြစ်ပွားသည်ဟု ယူဆပြီး ခွေးရူး ပြန်နေသော လူ၊ တိရစ္ဆာန်တို့၏လျှာကို အရင်းမှ ဖြတ်တောက်ဖယ်ရှားသည့် နည်းလမ်းကိုလည်း အသုံးပြုခဲ့ကြသည်။

### ကြောက်မက်ဖွယ်ရောဂါဆိုးကြီး

ခွေးကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေးအစီအစဉ်များနှင့် Immunoglobulin (ခွေးရူးရောဂါခုခံနိုင်သော စွမ်းအားအသင့်ပါဝင်ပြီး)ဆေးဝါးများ ပေါ်ထွန်းလာသော်လည်း ခွေးရူးရောဂါအပေါ် လူတို့၏ ကြောက်ရွံ့ထိတ်လန့်မှုမှာ လျော့ကျသွားခြင်း မရှိကြကြောင်း သိရသည်။ အကြောင်းမှာ ခွေးရူးရောဂါသည် တစ်ကမ္ဘာလုံးရှိ လူထုကျန်းမာရေးစနစ်များကို ခြောက်လှန့်နိုင်သည့် ကြောက်မက်ဖွယ်ရောဂါဆိုးကြီးတစ်ခု ဖြစ်နေသောကြောင့် ဖြစ်သည်။ ခွေးရူးရောဂါဖြစ်ပွားပြီဆိုလျှင် ကုရာနတ္ထိဆေးမရှိဘဲ အသက်သေဆုံးကြရသည်။

တစ်ကမ္ဘာလုံးကို ခြုံ၍ကြည့်လျှင် နှစ်စဉ်နှစ်တိုင်း အကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးရသောလူဦးရေသည် ၁၀ သန်းခန့်ရှိပြီး ခွေးရူးပြန်ရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ၅၅၀၀၀ ခန့်ရှိနေကြသည်။ ထိုသို့ သေဆုံးသူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ထိုအထဲမှ အများစုသည် အာရှတိုက်နှင့် အာဖရိကတိုက်များမှ ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ပထဝီအနေအထားအရ ကျွန်းစုနိုင်ငံဖြစ်နေသဖြင့် ခွေးရူးရောဂါကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းခဲ့ပြီးနောက်တွင် ခွေးရူးရောဂါပိုးပါရှိသောတိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် တင်းကျပ်စွာ ကာကွယ်တားဆီးထားခြင်းကြောင့် ခွေးရူးရောဂါကင်းစင်သောနိုင်ငံအဖြစ် ဘေးအန္တရာယ် ကင်းစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ဥရောပနိုင်ငံအများစုတို့သည်လည်း ခွေးရူးရောဂါကင်းစင်သောနိုင်ငံများဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

### ခွေးရူးရောဂါအန္တရာယ်အများဆုံး နိုင်ငံများ


ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကာ ထိုင်းနိုင်ငံက တတိယအများဆုံးနိုင်ငံဖြစ်နေသည်။ မြန်မာနိုင်ငံသည်လည်း ခွေးရူးရောဂါ အန္တရာယ်အများဆုံး နိုင်ငံများထဲတွင် ပါဝင်နေကြောင်း သိရသည်။

ခွေးရူးရောဂါသည် Rhabdo ဟုခေါ်သော ကျည်ဆန်ပုံဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသော ရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့အစည်းကို အဓိက တိုက်ခိုက်သည်။ ထိုဗိုင်းရပ်စ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့အား ရောဂါ ကျရောက်စေနိုင်သည်။ အာရှနှင့် အာဖရိကနိုင်ငံများတွင် ခွေးများနှင့် ကြောင်များသည် ခွေးရူးရောဂါကို ကူးစက်ပျံ့နှံ့စေသော အဓိကဗာဟကောင်များဖြစ်ကြသည်။ တောင်အမေရိကနိုင်ငံများတွင်မူ သွေးစုပ်လင်းနို့များမှတစ်ဆင့်လည်း ကူးစက်ပျံ့နှံ့စေကြောင်း သိရှိရသည်။

### ခွေးရူးရောဂါ ကူးစက်ပုံ

တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားလျှင် တံတွေးထဲ၌ ခွေးရူးရောဂါပိုင်းရပ်စ်များစွာ ပါနေမည်ဖြစ်ပြီး အခြားတိရစ္ဆာန်ကို ကိုက်လိုက်သော အနာထဲသို့ တံတွေးထဲမှ ခွေးရူးရောဂါပိုင်းရပ်စ်များ ဝင်သွားကာ ရောဂါကူးစက်စေသည်။ ခွေးရူးရောဂါဖြစ်ပွားနေသော တိရစ္ဆာန်သည် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါလက္ခဏာများနှင့်အတူ အစာမစားနိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ အနီးအနားရှိ လူ၊ တိရစ္ဆာန်တို့ကို တိုက်ခိုက်ခြင်း၊ ရန်လိုခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်လာတတ်သည်။ ရောဂါလက္ခဏာပြပြီး ရက်များမကြာမီ တိရစ္ဆာန်များ သေဆုံးတတ်သည်။

အာရှနှင့် အာဖရိကတွင် ခွေးရူးရောဂါပျံ့နှံ့စေသော အဓိကတိရစ္ဆာန်မှာ ခွေးလေခွေးလွင့်များဖြစ်ကြသဖြင့် အိန္ဒိယနိုင်ငံသည် ခွေးလေခွေးလွင့်များကို နှိမ်နင်းပြီး လူတို့၏ကျန်းမာရေးအတွက်ဆောင်ရွက်ခဲ့ရာ ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေကို များစွာလျှော့ချနိုင်ခဲ့သည်။ နောက်ပိုင်းတွင် အိမ်မွေးတိရစ္ဆာန်ချစ်တတ်သူများက ခွေးလေခွေးလွင့်များ ရှင်းလင်းခြင်းကို ကန့်ကွက်လာကြသဖြင့် ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ကောင်ရေ မတိုးပွားအောင် သားဆက်ခြားပေးခြင်း သို့မဟုတ် သားကြောဖြတ်ခြင်း စသော နည်းလမ်းများကို အစားထိုးလာခဲ့သည်။



ခွေးရူးရောဂါအပါအဝင် ခွေးနှင့် ကြောင်တို့မှ ကူးစက်နိုင်သော ရောဂါများကို ကာကွယ်ရန်အတွက် သာမန်လူများထက်ပို၍ သတိပြုသင့်သူများမှာ (၁) တိရစ္ဆာန်များကို ကိုင်တွယ်၊ ထိန်းကျောင်း၊ ကုသပေးရသူများ၊ (၂) မွေးကင်းစကလေးငယ်များနှင့် နုနယ်ငယ်ရွယ်သော ကလေးများ၊ (၃) အိုမင်းမစွမ်းဖြစ်နေသော၊ နာမကျန်းဖြစ်နေသောသူများ၊ (၄) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ လုပ်သားများ၊ (၅)အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများမှ အလုပ်သမားများ၊ (၆)ခုခံအားနည်းသော ဝေဒနာရှင်များ၊ (၇) ကိုယ်တွင်းအင်္ဂါ အစားထိုးလဲလှယ်ထားရသူများနှင့် (၈)ကိုယ်ဝန်ဆောင် မိခင်များ ဖြစ်ကြသည်။

### Dog-Bite Care Centre များ

ခွေးကိုက်ခံရသည့် လူနာများ ဆေးကုသမှုခံယူနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီးနှင့် သဃ်န်းကျွန်းဆေးရုံကြီးတို့တွင် Dog- Bite Care Centre များ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံး၌ ခွေးကိုက်ခံရမှုဖြစ်စဉ်များ များပြားလာပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ခွေးကိုက်ခံရသူဦးရေမှာ ၁ ဒသမ ၉ သိန်းခန့်ရှိခဲ့ရာ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးထောက်ပံ့ထားသော ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ပြတ်လပ်မှုပင် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

### ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ

၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါမဖြစ်ပွားစေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရန် အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးခဲ့ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့် ဆေးရုံများအထိ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသူ လူနာများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါ မဖြစ်ပွားစေရေးအတွက် ထိုးနှံပေးသော Immunoglobulin များကိုလည်း အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး လက်ရှိဈေးကွက်တွင် သုံးစွဲနေသည့်ဆေးများမှာ Human diploid cell vaccine (HDCV), purified vero cell rabies vaccine(PVRV), purified chick embr yo cell vaccine (PCECV) and purified duck embryo vaccine (PDEV)တို့ ဖြစ်ကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နိုင်ငံအသီးသီးတွင် ငွေကြေးကုန်ကျမှုသက်သာစေသည့် အရေပြားအတွင်း ဆေးထိုးစနစ်အစီအစဉ် Intradermal (ID) rabies vaccination schedule ကို တိုက်တွန်းအားပေးလျက်ရှိပြီး ၎င်းဆေးထိုးနည်းသည် စိတ်ချရပြီး ထိရောက်မှုရှိသည့်အပြင် ခေတ်မီ ကာကွယ်ဆေးများကို လက်လှမ်းမီပြီး ဈေးသက်သက်သာသာဖြင့် သုံးစွဲနိုင်ကြောင်း သိရသည်။

### ကာကွယ်ဆေးအတုများ

ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းက ဖိလစ်ပိုင်နိုင်ငံတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေးအတုများ တွေ့ရှိခဲ့ခြင်းကြောင့် သတိပြုနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဆေးဝါးအတုများမှာ VER-OR-AB, Power and Solvent for Suspension for Injection တို့ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာအဆင့်သတိပေးချက်(International alert) အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး အတုများကို ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ရှိမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ တွေ့ရှိခဲ့သည့် ဆေးဝါးအတုနှစ်မျိုး၏ Batch No. များမှာ Batch No.35 နှင့် H1833 တို့ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အဆိုပါသတိပေးချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူ့ကျန်းမာရေးအတွက် ဆောင်ရွက်ပေးနေသည့် ဆေးရုံ၊ ဆေးခန်းများ၊ ဆေးဝါးဖြန့်ဖြူးရောင်းချသည့် ဆိုင်များနှင့် ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်းများအား အထူးအလေးထားကြရန် အသိပေးကြေညာထားသလို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဆေးရုံကြီးများအသင်းတို့ထံလည်း အသိပေးထားကြောင်း သိရသည်။

### စီမံချက်ဖြင့်ဆောင်ရွက်ရန်

၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်က နေပြည်တော်၌ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် အစည်းအဝေးတွင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်ခဲ့ကာ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က ခွေးမွေးသူတိုင်းသည် မိမိတို့ခွေးများကို တစ်နှစ်တစ်ခါ ကာကွယ်ဆေးထိုးရန်လိုအပ်သည်ကို အသိပညာပေးရန် ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခွေးများတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရန်အတွက် အမျိုးသားစီမံကိန်း (၂၀၁၈-၂၀၃၀)ကို ရေးဆွဲထားကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ သုံးမြို့နယ်၌ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကိုယ်စားလှယ်များပါ ပူးပေါင်းပါဝင်၍ တတ်နိုင်သမျှပူးပေါင်းရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးသည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်ကလည်း အဆိုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရဝန်ကြီးဌာနသာမက ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့ကြီးများ၌ ခွေးနှင့်ကြောင်များကို မွေးမြူရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စနစ်တကျ မွေးမြူရန်၊ ခွေးလေခွေးလွင့်များကို စနစ်တကျ စီမံခန့်ခွဲရန်၊ ခွေးနှင့်ကြောင်များကို ကာကွယ်ဆေးမှန်မှန်ထိုးပေးရန်နှင့် ခွေးရူးရောဂါ ကူးစက်ခံရနိုင်သူများကိုလည်း ကာကွယ်ဆေးထိုးပေးရန်အရေးကြီးသည်ကို တင်ပြလိုကြောင်း၊ ယခုအချိန်သည် ခွေးရူးရောဂါဖြစ်ပွားမှုများပြားပြီး ခွေးရူးရောဂါ ကာကွယ်ဆေးပြတ်လပ်နေသည်ကိုကြားသိရသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ခွေးရူးရောဂါကာကွယ်ဆေး အမြန်ဆုံးရရှိအောင်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၊ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းနှင့် မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်တို့ကလည်း အဆိုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

### ကာကွယ်ရေးနှင့် ကုသရေး ဆောင်ရွက်မှုများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများနှင့် ၂၀၁၄ ခုနှစ်မှစ၍ ခွေးရူးပြန်ကာကွယ်သည့် ပဋိဇီဝပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ်ဝယ်ယူဖြည့်တင်းမှုနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများ၊ ဗဟိုအဆင့်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၌ ခွေးကိုက်ခံရသည့်လူနာများအား အခမဲ့ ထိုးနှံပေးလျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဌာနအနေဖြင့်လည်း ၂၀၁၃ ခုနှစ်မှစ၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ခွေးရူးရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ခွေးရူးပြန်ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုအဆင့် ဆေးရုံများသို့ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသည့်လူနာများအား အခမဲ့ထိုးနှံပေးလျက်ရှိသည့်အတွက် ၂၀၁၁ ခုနှစ်ပိုင်းက ခွေးရူးပြန်ရောဂါကြောင့်သေဆုံးသူ ၂၄၅ ဦးခန့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၇၈ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၇၀ အထိ လျော့ကျလာကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်၏ စာရင်းများအရ သိရသည်။

### အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော ၂၀၃၀ ပြည့်နှစ်တွင်ခွေးရူးပြန်ရောဂါပပျောက်ရေးစီမံကိန်းအရ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့တွင် ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို One Health Strategy အနေဖြင့် ဆောင်ရွက်နေပြီဖြစ်သလို ပါဝင်လုပ်ဆောင်ကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများကိုလည်း လိုအပ်သော ကြိုတင်ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတိပြုရန်**

**(၁) ခွေး၊ ကြောင်တို့၏ ကိုက်ခြင်းခံရလျှင်**

**(၂) ရေ၊ ဆပ်ပြာ၊ ပိုးသန့်စင်ဆေးရည်တို့နှင့် ဒဏ်ရာကို သေချာစွာ ဆေးကြောပါ။**

**(၃) ဆရာဝန်ထံ ချက်ချင်းပြသပြီး ကုသမှုခံယူပါ။**

**(၄) ဆရာဝန်က ကာကွယ်ဆေးထိုးသင့်သည်ဟု ဆုံးဖြတ်လျှင် အမြန်ဆုံးထိုးပါ။**

**(၅) အိမ်မွေး တိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် မိမိ၏ ခွေး၊ ကြောင်များကို ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးကြပါ။**

**(၆) သက်ဆိုင်ရာ ကျန်းမာရေးဌာနများ၏ ကြေညာချက်များကို လိုက်နာဆောင်ရွက်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။**

# ရေတာရှည်၌ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဖွင့်


အရေးပေါ်အသက်ကယ်နည်းပညာများ လက်တွေ့သင်ကြားပို့ချနေစဉ်။

**ရေတာရှည် မေ ၂၂**
မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရလျက်ရှိသော သဘာဝဘေးအန္တရာယ်များနှင့် ယာဉ်မတော်တဆမှုများတွင် ထိခိုက်ဒဏ်ရာရသူများအား အချိန်တိုအတွင်း ထိထိရောက်ရောက် အရေးပေါ်ကူညီအသက်ကယ်နိုင်ရေးအတွက် လူမှုကယ်ဆယ်ရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အရေးပါလာလျက်ရှိရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျနှင့် ထိရောက်မှုပိုမိုရရှိစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့က နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ် သင်တန်း အမှတ်စဉ် (၃/၂၀၁၉) ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့၌ မေ ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆွာမြို့ စက်ရုံပရိယတ္တိစာသင်တိုက်ဆုတောင်းပြည့် ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် စက်ရုံကျောင်းတိုက် ဦးစီးပဓာနဆရာတော်ကြီးနှင့်မြန်မာနိုင်ငံလူမှုရေးအဖွဲ့ချုပ်(ဗဟို)မှ နာယက ဆရာတော်တို့က ဩဝါဒချီးမြှင့်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွင်ရွှေက သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုများလာသည်နှင့် အမျှ လူအများထိခိုက်ဒဏ်ရာရမှုများတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စသည့် တာဝန်ရှိသူများအပြင် ယခုကဲ့သို့ လူမှုကယ်ဆယ်ရေးအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများသည်လည်း များစွာ အရေးပါလျက်ရှိပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှထွန်းက သင်တန်း ဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်ခန်းစာများ ဆက်လက်ပို့ချခဲ့သည်။ သင်တန်းသို့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ သင်တန်းသား သင်တန်းသူ ၁၂၀ ကျော် တက်ရောက်ခဲ့ပြီး သင်တန်းကာလ ကိုးရက်အတွင်း ရေပြင်၊ မြေပြင် အရေးပေါ်အသက်ကယ်ခြင်းနှင့် တောင်တက်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**




## ရွှေဘိုမြို့တွင် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဧကအပေါ် ထောက်ပံ့ကြေးငွေ ပေးအပ်

**ရွှေဘို မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် ၂၀၁၈ - ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဧက ၁၉၃၅ ဧကအပေါ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မေ ၂၂ ရက်က ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးက အမှာစကား ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ခံရသော ကျေးရွာ ၂၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးခဲ့သော ကျေးရွာ၂၀ မှ တောင်သူ ၇၂၀ တို့၏ ပျက်စီးဧက ၁၉၃၅ ဧကရှိရာ နွေစပါးတစ်ဧကကို ကျပ်နှစ်သိန်းငါးသောင်းနှုန်း၊ နွေနှမ်းတစ်ဧကကို ကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ကြေး ငွေကျပ် ကိုးရာငါးဆယ့်နှစ်သိန်းခြောက်သောင်းအား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**


ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေ(၂)ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်ဗိမာန်တော် ဆုတောင်းခန်းမ၌ မေ ၂၁ ရက်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြောပွဲပြုလုပ်ရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၃) မိုးညှင်းမှ ဒုရဲအုပ်ဌေးဝင်းက ဟောပြောစဉ်။ ဝ၇၈

## မအူပင်မြို့နယ်၌ လူထုဟောပြောနည်းနှင့် မြန်မာ့ဂီတရသ အခြေခံသင်တန်းဖွင့်

**မအူပင် မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက် လူထုဟောပြောနည်းနှင့် မြန်မာ့ဂီတရသ အခြေခံသင်တန်းကို မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၂၂ ရက်က စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မျိုးဆက်သစ်လူငယ်များ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ပတ်ဝန်းကျင်တွင် ပြောဆိုဆက်ဆံတတ်စေရန်နှင့် လူ့စွမ်းအား အရင်းအမြစ်များ ရှင်သန်ထက်မြက်စေရန် လူထုပြောဆိုဆက်ဆံနည်းများကို မအူပင်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးစောမောင်(စောမောင်ယော)က သုတရသ စုံလင်စွာဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ မအူပင်မြို့နယ် ဂီတအစည်း အရုံးဥက္ကဋ္ဌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနာယက ဦးပိုက်(တယောကိုပိုက်)ကလည်း မြန်မာ့ဂီတရသ အခြေခံနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ် သည့် ယဉ်ကျေးမှုအနုပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းတွင် သင်တန်းသားများ၏ လေ့လာသင်ယူမှုများကို အဖွဲ့လိုက် လက်တွေ့ပြန်လည်


လူထုဟောပြောနည်းနှင့် ဂီတရသ သင်တန်းဖွင့်လှစ်ပို့ချနေစဉ်။

ဆောင်ရွက်ကာ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**




## ကင်းတပ်ကျေးရွာသို့ မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

**မော်လိုက် မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးလောင်မှုများဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ မီးငြိမ်းသတ်နိုင်ရေးတို့အတွက် မီးသတ်ဦးစီးဌာနမှ ကင်းတပ်ကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၁ ရက်က ကင်းတပ်ကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်းက အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ရခြင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မော်လိုက်ခရိုင်မီးသတ်ဦးစီးမှူး ဦးနိုင်ဇော်က ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ် ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ခဲ့ရာ ကင်းတပ်ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

**မော်လိုက်သားလေး**

## ရွာခြောက်ရွာမှ ရေရရှိရေးလုပ်ငန်းများ ရာခိုင်နှုန်း ၉၀ အထိ ပြီးစီးနေ

**မကွေး မေ ၂၂**
မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် နွေရာသီကာလ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါရာခိုင်နှုန်း ၉၀ အထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ရေရရှိရေးဆောင်ရွက်နေသော ရွာခြောက်ရွာမှာ ပုထိုး၊ သမန်းတော(မ)၊ ကုန်းကြီး၊ မြောက်ကုန်း (တဲတိုက်)၊ အုတ်ပုံကုန်း/ကိုင်းတောကုန်း(တဲတိုက်)နှင့် ကြိုးကြာကန်ရွာများဖြစ်ပြီး စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း လေးခု၊ အမြင့် ပေ ၂၀ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်း နှစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှစ်ခု၊ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်း လေးခု၊ အင်ဂျင်၊ ဒိုင်နမိုလဲလှယ်တပ်ဆင်ခြင်းနှင့် တွင်းဆေးလေမှုတ်ခြင်းလုပ်ငန်းတစ်ခု၊ အိမ်တိုင်ရာရောက် ရေရှိရေးလုပ်ငန်းနှစ်ခုတို့ဖြစ်သည်။ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၆ သန်းကျော်ဖြင့် ဇန်နဝါရီလအတွင်းမှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်မှုများကိုမကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးခင်မောင်ကျော်နှင့် ဝန်ထမ်းများက မေ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံး ပြီးစီးသွားပါက ကျေးရွာခြောက်ရွာရှိ အိမ်ခြေ ၁၄၃၂ အိမ်မှ လူဦးရေ ၇၀၀၀ ကျော်မှာ သောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဟု သိရသည်။

**ငြိမ်းသူ(စလင်း)**


ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြည့်ရှုစစ်ဆေးစဉ်။

## ပွင့်ဖြူမြို့နယ်၌ ကုန်ပစ္စည်းအညွှန်းအမှတ်အသားများ နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ မေ ၂၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ပြည်သူများ အစားအသောက်နှင့် ပတ်သက်၍ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးအောင်ဖြိုးဝေ ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် မေ ၂၂ ရက်က ရှောက်တောကျေးရွာသို့သွားရောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် ပါရှိရမည့် ကုန်ပစ္စည်း အညွှန်းအမှတ်အသားများနှင့် စပ်လျဉ်း၍ လိုက်နာရန်စည်းကမ်းချက်များကို အသိပညာပေး ဆွေးနွေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူများ အစားအစာ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် ပါရှိရမည့် ကုန်ပစ္စည်းအညွှန်းအမှတ်အသားများနှင့်စပ်လျဉ်း၍ ကွင်းဆင်း အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်နှင့် ရာအိမ်မှူးများနှင့်အတူ ရှောက်တောကျေးရွာရှိ စားသောက်ကုန်မုန့်မျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သောက်ရေသန့်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံ သွားရောက်ပြီး စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် ပါရှိရမည့် ကုန်ပစ္စည်း အညွှန်းအမှတ်အသားများနှင့် စပ်လျဉ်းသည့် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များကို ပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာနိုင်ရေးအတွက် စားသောက်ကုန်ပစ္စည်း အညွှန်းအမှတ်အသားများနှင့် ပတ်သက်သည့် ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဝေငှဖြန့်ဝေပေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မယ်စဲ့မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေး

**မယ်စဲ့ မေ ၂၂**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၀ ရက်က နမ့်မန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က လွှတ်တော်အတွေ့အကြုံများကိုလည်းကောင်း၊ လွှတ်တော်တွင် ပြင်ဆင်သည့်ဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်မှုများနှင့် ယခင် ကွင်းဆင်းစဉ်က ပြည်သူများ၏တင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်သလို လိုအပ်ချက်များရှိပါက ပြည်သူများကလည်း ကြီးကြပ်ပေးစေလိုကြောင်း၊ မယ်စဲ့မြို့နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်များဖြစ်သော လမ်း၊ တံတား၊ အဆောက်အအုံများ ဆောင်ရွက်ရန်လိုအပ်နေသေးကြောင်း၊ ထိုင်း-မြန်မာနယ်စပ် ဘီပီ(၁၃)ဂိတ်ကို တရားဝင် နယ်စပ်ဖြတ်ကျော်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုအဆင့်သို့ တင်ပြထားပြီးဖြစ်ရာ တရားဝင်နယ်စပ်ဂိတ်ဖြစ်လာပါက ခရီးသွားလုပ်ငန်းများအတွက် ဟိုတယ်လုပ်ငန်းနှင့် အမြန်ယာဉ်လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဝမ်ကန်ကျေးရွာခန်းမဆောင် ခြံစည်းရိုးနှင့် အိမ်သာဆောက်လုပ်နေမှု၊ ဂါလန် ၃၀၀၀ ဆံ့ရေလှောင်ကန် တည်ဆောက်နေမှု၊ မူကြိုကျောင်းနှင့်အိမ်သာ ဆောက်လုပ်နေမှု၊ နမ့်မန်းကျေးရွာတောင်ပေါ်ဘုရား တောင်တက်လမ်းတွင် ကွန်ကရစ်လှေကား တည်ဆောက်နေမှုနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဘုန်းပြည့်မင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် နမ့်မန်းကျေးရွာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်နေမှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နေခြင်းရှိမရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**မြင်းခြံ မေ ၂၂**
ပူးပြင်းခြောက်သွေ့သော ဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ကျေးရွာအချို့၌ နွေရာသီကာလ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နေရပြီး ပရဟိတအဖွဲ့များက ရေများဖြန့်ဝေပေးလျက်ရှိရာ မြင်းခြံမြို့မှ စေတနာရှင် အဖွဲ့တစ်ခုဖြစ်သော အမှတ်(၆) လူငယ်လူမှုကူညီရေးအဖွဲ့က မေ ၂၀ ရက်တွင် ဆည်ကုန်းကျေးရွာသို့ သွားရောက်၍ ရေများလှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာသည် တောင်သာတောင်ကျောပေါ်၌ တည်ရှိပြီး လတ်တလောတွင် ရေအခက်အခဲဖြစ်ပေါ်လျက်ရှိကာ ကျေးရွာနေပြည်သူများအတွက် ရေအလှူရှင်များလိုအပ်နေကြောင်း အကြောင်းကြားချက်အရ မြင်းခြံမြို့ အမှတ် (၆) လူငယ်လူမှုကူညီရေးအဖွဲ့မှ ဦးကျော်နိုင် ဦးဆောင်သည့် အဖွဲ့ဝင်များက စေတနာရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် ရေများကို ဆည်ကုန်းကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အမှတ် (၆) လူငယ်လူမှုကူညီရေးအဖွဲ့အနေဖြင့် သောက်သုံးရေအတွက် အခက်အခဲဖြစ်ပေါ်သော အခြားကျေးရွာများသို့လည်း ယခုလို သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## စစ်ကိုင်းမြို့နယ် ရွာသာယာရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**စစ်ကိုင်း မေ ၂၂**
စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာ၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ သောက်သုံးရေများကို မေ ၂၀ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) နှင့် မြတ်နိုးသူကုမ္ပဏီတို့ပူးပေါင်း၍ ရေများ သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းက "ရေပြတ်လပ်တာတော့ မဟုတ်ပါဘူး၊ ရေပြတ်လပ်မှု မရှိစေရေးအတွက် ရေမပြတ်ခင်မှာ လာပြီး ဖြည့်ဆည်းပေးတဲ့သဘောပါ"ဟု ပြောသည်။



ရွာသာယာရွာမှ ပြည်သူများထံသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။

စစ်ကိုင်း မင်းဝံတောင်ရိုးအနောက်ဘက် စစ်ကိုင်း-ရွှေဘို ခရိုင်ချင်းဆက်လမ်းမဘေးရှိ ကျေးရွာများသည် နှစ်စဉ်နွေရာသီရောက်တိုင်း ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လေ့ရှိသလို အဝီစိတွင်းတူးဖော်သော်လည်း ရေချိုထွက်ရှိမှုနည်းပါးခြင်းကြောင့် သောက်သုံးရေအခက်အခဲ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။

ရွာသာယာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်စိုးက "ကျွန်တော်တို့ရွာက နွေရာသီမှာ သောက်သုံးရေ အင်မတန် အခက်အခဲဖြစ်ပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က ရေအတွက် စစ်ကိုင်းမြို့နယ်က လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာဌာနတွေကို တင်ပြပြီး အကူအညီပေးဖို့ တောင်းဆိုရတာပါ၊ ဒီနေ့ ရေလာလှူတဲ့ စစ်ကိုင်းတိုင်းဒေသကြီး စီမံဘဏ္ဍာဝန်ကြီးကိုလည်း အဝီစိစက်ရေတွင်းတူးဖော်ပေးဖို့ ကျွန်တော်တောင်းဆိုတော့ တူးဖော်ပေးမယ်လို့ ပြောသွားပါတယ်" ဟု ပြောကြားသည်။

လက်ရှိ သောက်သုံးရေအခက်အခဲများ စတင်ဖြစ်ပေါ်နေသည့် စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာတွင် အိမ်ခြေ ၁၀၃ အိမ်၊ လူဦးရေ ၃၄၃ ဦးရှိပြီး ကျေးရွာနေပြည်သူများသည် ပုံမှန်အားဖြင့် အဝီစိတွင်းမှ ရေကိုသာ အားထားအသုံးပြုရကာ လက်ရှိအချိန်တွင် အဆိုပါ အဝီစိတွင်းများ ရေခန်းခြောက်လာသဖြင့် ရေအခက်အခဲများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

## ဂျပန်နိုင်ငံ ပညာသင်ဆုအစီအစဉ်ဖြင့် အရန်သားဖွားဆရာမသင်တန်း ကျောင်းကုန်းမြို့၌ဖွင့်လှစ်

**ကျောင်းကုန်း မေ ၂၂**
ဂျပန်နိုင်ငံမှပေးသော ပညာသင်ဆုအစီအစဉ်တစ်ခုဖြစ်သည့် အကနိ(Akane)ပညာသင်ဆု စီမံချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ပဉ္စမအကြိမ်မြောက် အရန်သားဖွားဆရာမသင်တန်းကို မြို့နယ်ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ မေ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်တို့က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ




ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် အရန်သားဖွားသင်တန်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

ဒေါက်တာသန်းစိန်က သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြန်မာ-ဂျပန် ဆေးပညာဆိုင်ရာ လူသားအရင်းအမြစ်တိုးတက်မြင့်မားရေး ပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်း (MJCP)ဥက္ကဋ္ဌ ပါမောက္ခ Shigeru Okada က ပညာသင်ဆုစီမံချက်အကြောင်းနှင့် ယခုအသုတ်သည် နောက်ဆုံးအသုတ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ပရိုဂျက်တာနှင့်ပြသ၍ အသေးစိတ် ရှင်းလင်းပြောကြားကာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသူများအတွက် ဗလာစာအုပ် ၁၀ ဒါဇင်နှင့် အချိုရည် ၄၈ ဘူးကို ပေးအပ်လှူဒါန်းခဲ့သည်။

ဂျပန်နိုင်ငံ အကနိ(Akane)ပညာသင်ဆု စီမံချက်အရ အရန်သားဖွားဆရာမသင်တန်းများကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ဖွင့်လှစ်ခဲ့ကာ ၂၀၁၅ တွင် သင်တန်းသူ ၃၅ ဦးအား သင်ကြားပို့ချခဲ့ပြီး ၂၀၁၆ မှ ယခု ၂၀၁၉ ပဉ္စမအကြိမ်မြောက်အထိ သင်တန်းလေးကြိမ်တွင် သင်တန်းသူ ၂၀ စီကို သင်ကြားပို့ချခဲ့ကာ သင်တန်းကာလမှာ စာတွေ့နှင့် လက်တွေ့ နှစ်မျိုးပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

## နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း ပညာပေးဟောပြောပွဲ မန္တလေးဆရာဝန်အသင်း၌ ကျင်းပ

**မန္တလေး မေ ၂၂**
မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကုဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးမြို့)တို့ ပူးပေါင်း၍ လူထုအခြေပြု နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဖွယ်ရာ ပညာပေးဟောပြောပွဲကို မေ ၂၀ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဆရာဝန်အသင်း ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အငြိမ်းစားပါမောက္ခ ဒေါက်တာ ဦးထွန်းရွှေက အမှာစကားပြောကြားပြီး နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဖွယ်ရာများကို နှလုံးအထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းကြိုင်က ဟောပြောပို့ချကာ ပညာပေးဗီဒီယိုများ ပြသ၍ ဟောပြောပွဲတက်ရောက်သူများ၏ မေးခွန်းများကိုလည်း ဖြေကြားခဲ့ကာ နှလုံးသွေးကြောကျဉ်းရောဂါဆိုင်ရာ ဗဟုသုတမေးခွန်းများ မေးမြန်းရာတွင် အဖြေမှန်သူများကိုလည်း ဆုလက်ဆောင်များ ပေးအပ်ခဲ့သည်။



နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း အသိပညာပေးဟောပြောစဉ်။

ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့်ပတ်သက်၍ အထိမ်းအမှတ်နေ့များ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း မြို့ပေါင်း ၂၀ ၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်ဟု သိရသည်။ ထို့အပြင် မေလတစ်လလုံးတွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့်ပတ်သက်သည့် အသိပညာပေး လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိကာ ယခုနှစ်အတွက် နှလုံးသွေးကြောကျဉ်းရောဂါဆိုင်ရာ ပညာပေးဆောင်ပုဒ်မှာ "သင့်နှလုံးသားကျန်းမာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ထားဝယ်မြို့အတွင်း လှည့်လည်အပူဇော်ခံ

**ထားဝယ် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစဉ်ထာဝရ ငြိမ်းချမ်းသာယာဖွံ့ဖြိုး တိုးတက်စေရန် ရည်သန်လျက် ရွှေပါရမီ တောရ ဆရာတော်အရှင်ဆန္ဒာဓိက ဦးဆောင်၍ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ နိုင်ငံသားများ စုပေါင်းအင်အား ဖြင့် တည်ထားကိုးကွယ်လျက်ရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်း နီးရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ရင်ငွေ့တော်လှုံ အပူဇော်ခံထားရှိသည့် လောကမာရဇိန် ဘုရားကြီး ဓမ္မာရုံတော်၌ ယနေ့နံနက်က သံဃာတော် အရှင်သူမြတ်များသည် ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော် သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က သံဃာတော်အရှင်သူမြတ် များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းပြီး တာဝန်ရှိသူများက အရက် ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေး စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ် နားတော်နှင့် ရတနာစိန်ဖူးတော်များအား ဘုရားကြီးဝင်းအတွင်းမှ ရွှေတောင်စား လမ်းအတိုင်း ကရပ်ပြင်လမ်းဆုံမီးပွိုင့် အထိ၊ အာဇာနည်လမ်းအတိုင်း အစိုးရ အဖွဲ့ရုံးရှေ့ မီးပွိုင့်အထိ ထိုမှတစ်ဆင့် အလယ်လမ်း၊ နိဗ္ဗာန်လမ်း၊ ရေးလမ်း အတိုင်း ဒေသစာရီလှည့်လည်ကြွချီ အပူဇော်ခံသည်။



ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည်ညိုစဉ်။

ထိုသို့အပူဇော်ခံရာ လမ်းတစ် လျှောက်တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့များ က လိုက်ပါကြည်ညိုကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူနှင့် ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီး တော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန် ဖူးတော်များသည် ထားဝယ်မြို့မှ ကရင် ပြည်နယ် ဘားအံမြို့သို့ ဆက်လက်ကြွ ချီအပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်ပုံစံငယ်ကို တွေ့ရစဉ်။

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ပြည်သူများကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

**ကန်ကြီးထောင့် မေ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်လျက် ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ် နားတော်၊ ရွှေထီးတော်နှင့် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူတို့ ဒေသစာရီကြွချီမည့် လမ်းတစ်လျှောက်တွင် ပြည်သူများ ဖူးမြော်ကြည်ညိုကာသဒ္ဓါ တရားတတ်အားသရွေ့ ကုသိုလ်တော်ယူပါဝင်လှူဒါန်းနိုင်ရန်အတွက် ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကာ မေ ၁၉ ရက်မှစတင်၍ မြို့အဝင်၌ အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရှိကာ အလှူခံလျက် ရှိကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်(ရန်ကုန်-ပုသိမ်)ကားလမ်းအတိုင်း မေ ၂၆ ရက်တွင် ဟင်္သာတမြို့သို့ ဒေသစာရီကြွချီလာမည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့်အတူ စေတနာရှင်ပြည်သူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ကိန်းဝပ် စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူတို့ကို ဖူးမြော်ကြည်ညိုကာ စုပေါင်း လှူဒါန်းသော အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပူဇော်သွားမည်ဖြစ် ကြောင်း သိရသည်။

**နန်းထိုက် (KGD)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ အင်ဂျန်းယန်မြို့နယ်အတွင်း ဒေသခံများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကချင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် မြစ်ကြီး နားမြို့သို့ ရောက်ရှိနေသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်တို့သည် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၀ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။

အင်ဂျန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် က ယခုတွေ့ဆုံပွဲသည် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်တွေကို နားထောင် ရန်နှင့် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရေး လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း လိုအပ်ချက်များကို တင်ပြပေးကြရန် လိုအပ်ကြောင်း၊ အင်ဂျန်းယန်ဒေသ သည် နယ်မြေအေးချမ်း တည်ငြိမ်မှုမရှိသော်လည်း မိမိ တို့ အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင် စုဘဏ္ဍာရန်ပုံငွေများတွင် ဦးစားပေးစနစ်ဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးရရှိမှ သာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ သို့သော်လည်း ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုး ရေးသည် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဖြေရှင်း နိုင်မှသာ အောင်မြင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အင်ဂျန်းယန်နယ်မြေဒေသ အခြေအနေနှင့် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို တင်ပြပြီး တက် ရောက်လာကြသော ဒေသခံများက ဒေသအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာန ဆိုင်ရာများက ရှင်းလင်းဖြေကြားပေးခဲ့သည်။ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်း ပြီး မြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးဝါး ကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့ ကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် အမှတ်(၄) ရပ်ကွက်ရှိ ကချင်ရိုးရာမနောတိုင်၊ မနောအိမ်တော်၊ မနောကွင်းတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆရာ ဆရာမများ အိမ်ရာတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး ကက်သလစ်အသင်းတော်ဘုရားကျောင်း နှင့် နှစ်ခြင်းအသင်းတော်ဘုရားကျောင်းများ၌ ဘုန်းတော်ကြီး၊ ဓမ္မဆရာများနှင့်တွေ့ဆုံကာ ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ငွေကျပ် နှစ်သိန်းစီကို ဆက်ကပ်လှူဒါန်းပေးခဲ့ကြ သည်။

**ပြည်နယ် (ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်တို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဘိုးဘွားများအား ဂါရဝပြုတွေ့ဆုံစဉ်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် “ဆည်းဆာရိပ်” ဂိလာန ဘိုးဘွားများအား သွားရောက်၍ဂါရဝပြု အားပေးစကားပြော

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင် စိုးတို့သည် ယမန်နေ့က ရန်ကုန်မြို့အရှေ့ဒဂုံမြို့နယ် အမှတ်(၁၂) ရပ်ကွက် ဗိုလ်မင်းခေါင် လမ်းရှိ “ဆည်းဆာရိပ်” ဂိလာနဘိုးဘွားများရိပ်သာသို့ သွားရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့အား ဆည်းဆာရိပ်ဂိလာန ဘိုးဘွားများ ရိပ်သာမှ ဆရာမကြီးဒေါ်သန်းမြင့်အောင်က ဘိုးဘွားများအား ပြုစုစောင့် ရှောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဘိုးဘွားများ ထားရှိသည့် အဆောင်များကို လိုက်လံကြည့်ရှု၍ ဘိုးဘွားများအား ဂါရဝပြုအားပေး စကားများ ပြောကြားခဲ့ကြသည်။

ဆည်းဆာရိပ်ဂိလာနဘိုးဘွားများရိပ်သာကို ဆရာမကြီးဒေါ်သန်းမြင့်အောင်က ဦးဆောင်ကာဆောင်ရွက်နေခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့နေကြ သော ဂိလာနဘိုးဘွားများအား ကြင်နာစွာဖြင့် ၎င်းတို့အသက်ရှင်နေသမျှ ကာလအပိုင်း အခြားအထိ ၎င်းတို့အပေါ်တွင် နားလည်စာနာစိတ် သည်းခံစိတ်ဖြင့် ပြုစုယုယပေးမည့် နွေးထွေးသော မေတ္တာများဖြင့် ဖေးမကူညီနိုင်ကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အတွက် စေတနာရှင်များ၏ အကူအညီများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

“ဆည်းဆာရိပ်” ဂိလာနဘိုးဘွားရိပ်သာတွင် ဘိုးဘွား ၁၅၀ နေထိုင်လျက်ရှိပြီး ဘိုးဘွားများ၏ နေထိုင်စားသောက်ရေးနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးအခြေအနေ များကို ဆည်းဆာရိပ်မှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်၊ ဆရာမများ က နေ့/ ည တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# စစ်ကိုင်းမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းကျိုးကျ၍ ကလေးငယ်နှစ်ဦး ပြင်းထန်ဒဏ်ရာရရှိ



လေပြင်းတိုက်ခတ်၍ သစ်ကိုင်းကျိုးကျမှုကြောင့် ပျက်စီးသွားသည့် နေအိမ်တစ်လုံး။

**စစ်ကိုင်း မေ ၂၂**

စစ်ကိုင်းမြို့နယ် သမိုင်းဝင် မင်းကွန်းဒေသအနီး ကင်းကျေးရွာအုပ်စုတွင် မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးပေါ်သို့ သစ်ကိုင်းကျိုးကျခဲ့သည့်အတွက် ကလေးငယ်နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ကင်းကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ကင်းကျေးရွာအုပ်စုရှိ ဦးကျော်ဦး၏ နေအိမ်အတွင်းရှိ သရက်ပင်မှ သစ်ကိုင်းသည် ၎င်းတို့ နေအိမ်ပေါ်သို့ ကျိုးကျသဖြင့် နေအိမ်ပျက်စီးပြီး နေအိမ်အတွင်းရှိ မိသားစုဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးငါးဦးရှိသည့် အနက် မအေးချမ်း (၁၃ နှစ်)မှာ ဒဏ်ရာပြင်းထန်ကြောင်းနှင့် ၎င်းတို့ နေအိမ်သို့ အလည်ရောက်ရှိနေသော ကင်းကျေးရွာနေ ဦးစန်းမြင့်၊ ဒေါ်ဖြူသင်းတို့၏ သားဖြစ်သူ မောင်ဆန်းထွန်း (၉ နှစ်) မှာလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ကင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

"ခြံဝင်းတစ်ဝင်းထဲမှာ အိမ်ခြေက ငါးအိမ်၊ ခြောက်အိမ်လောက်သူ့အိမ်၊ ကိုယ့်အိမ်လေးတွေနဲ့ နေကြတာ၊ ညက လေတိုက်တော့ အဲဒီအိမ်တွေထဲကမှ ဦးကျော်ဦး အိမ်ပေါ်ကို သရက်ပင်က သစ်ကိုင်းကျိုးကျလို့ ကလေးငယ်နှစ်ဦး ဒဏ်ရာပြင်းထန်ရရှိခဲ့ပါတယ်။ အိမ်ကတော့ နှစ်ခန်းအိမ်လေး ပျက်စီးသွားတယ်" ဟု ၎င်းက ပြောသည်။

လေပြင်းတိုက်ခတ်၍ သစ်ကိုင်းကျိုးကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မအေးချမ်း (၁၃ နှစ်) နှင့် မောင်ဆန်းထွန်း (၉ နှစ်) တို့ကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ပျက်စီးသွားသည့် နေအိမ်မှ အိမ်ထောင်စုများအတွက် စစ်ကိုင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့က သွားရောက်ကာ လူအသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

# သုဝဏ္ဏဝတီမြို့အနီး လမ်းဘေးဇရပ်ပေါ်၌ လူသေအလောင်းတစ်လောင်း တွေ့ရှိ

**သုဝဏ္ဏဝတီ မေ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ယနေ့နံနက် ၈ နာရီခွဲခန့်က ကျိုက္ကော်ရပ်ကွက်မှ ကတိုက်ကြီးကျေးရွာသို့ သွားရာလမ်းဘေးရှိ ဇရပ်ပေါ်တွင် လူသေအလောင်း တစ်လောင်း တွေ့ရှိကြောင်း သိရသည် ။

အဆိုပါ လူသေအလောင်းအား သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းသူအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ညောင်လေးပင်ဇရပ်ပေါ်၌ လူတစ်ဦးကို သေဆုံးလျက်တွေ့ရှိရသည်။ ဇရပ်ဘေးတွင် စက်ဘီးတစ်စီးကိုလည်း တွေ့ရှိရပြီး အလောင်းမှာ ပါးစပ်တွင် အမြှုပ်များထွက်၍ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရေး သိမ်ဆိပ်နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဇနဖြူမြို့နယ်တွင် ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား ဝင်ရောက်တိုက်မိ၍ တစ်ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဇနဖြူမြို့နယ် ဝါးရုံချောင်းကျေးရွာအနီး ရန်ကုန်-ဇနဖြူ ကားလမ်းမိုင်တိုင် (၈/၆-၇) ကြားတွင် မေ ၂၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ယာဉ်မတော်တဆမှုဖြစ်ပွား၍ တစ်ဦးသေဆုံးကာ ၁၃ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ဇနဖြူဘက်သို့ လမန်းကျေးရွာနေ အောင်ဇော်ထွန်း(ခ)နီတွတ် (၃၅ နှစ်) မောင်းနှင်ပြီး ဘုရားဖူးခရီးသည် ၁၇ ဦးလိုက်ပါလာသော 8K/----- လိုက်ထရပ်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ သစ်ပင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ခနောင်ရိုက်ကျေးရွာနေ ဦးစိန်ဝင်း (၈၆) နှစ်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

ထို့ပြင် တစ်ရွာတည်းနေ ဒေါ်ကျင်မွှေး (၄၉ နှစ်)ပါ ၁၃ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်း အောင်ဇော်ထွန်း (ခ) နီတွတ်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သစ်ပင်အားဝင်ရောက်တိုက်မိကာ ပျက်စီးသွားသည့်ယာဉ်။

# ဂွမြို့နယ်တွင် တောဆင်ရိုင်းတစ်ကောင်မှ မျိုးစပါးအိတ်များအား ဝင်ရောက်စားသောက်

**ဂွ မေ ၂၂**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဖိုးလှောင်ကွင်းကျေးရွာ အရှေ့မြောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ဦးမောင်ဖြူအေး (၅၀ နှစ်) ၏ လယ်တဲတွင် မေ ၂၁ ရက်က တောဆင်ရိုင်းဆင်ထီးတစ်ကောင်မှ ဝင်ရောက်စားသောက်ခဲ့သဖြင့် မျိုးစပါးလေးအိတ်ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

အဆိုပါဆင်မှာ လယ်တဲ၏အရှေ့မြောက်ဘက် တောင်ကြောသို့ အခြားဆင်မကြီးတစ်ကောင်၊ ဆင်ငယ်တစ်ကောင်တို့နှင့်အတူ ထွက်ခွာသွားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာယာဝတီ၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး

**သာယာဝတီ မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရန်ကုန်-ပြည်ကားလမ်းကားဂိတ်အနီး ယမန်နေ့ နံနက် ၇နာရီခန့်က ယာဉ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်ဘက်မှ ပြည်ဘက်သို့ မြောက်ဒဂုံမြို့နယ်နေသူ ဦးမြင့်အောင်(၅၆နှစ်) မောင်းနှင်လာသော 6E/----ပရိုဘောက်ယာဉ်သည် အရှိန်လွန်ကာ သာယာဝတီမြို့နယ်နေသူများဖြစ်ကြ သည့် ဦးလှဝေ (၈၆ နှစ်) နှင့် မရွှေရည်(၂၃ နှစ်) တို့နှစ်ဦးအား တိုက်မိပြီးနောက် ဆိုင်ကယ်နှစ်စီးကိုပါ ဆက်လက်တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဦးလှဝေနှင့်မရွှေရည်တို့နှစ်ဦးတွင် ဒဏ်ရာများ ရရှိသဖြင့် သာယာဝတီခရိုင် ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဦးလှဝေမှာသေဆုံးသွားသဖြင့် ယာဉ်မောင်း ဦးမြင့်အောင်အား သာယာဝတီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# မြစ်ကြီးနား၌ ငါးမန်းဂိမ်းလောင်းကစားရုံမန်နေဂျာနှင့် လောင်းကစားသူများကို ဖမ်းဆီးအရေးယူ

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သီတာရပ်ကွက်တွင် မေ ၂၀ ရက်က ငါးမန်းဂိမ်းလောင်းကစားရုံ မန်နေဂျာအပါအဝင် အလုပ်သမားများနှင့် လောင်းကစားသူများကို ဖမ်းဆီးအရေးယူထားကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက် နယ်မြေ(၄)တွင် မြစ်ကြီးနားမြို့မရဲစခန်းမှ ဒုတိယရဲအုပ် သက်မြအောင်နှင့် တပ်ဖွဲ့ဝင်များက ငါးမန်းဂိမ်းလောင်းကစားဒိုင် ဖွင့်လှစ်ထားသည့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဂိမ်းရုံမန်နေဂျာ မကြည်ပြာ(၂၈ နှစ်)နှင့် ဂိမ်းရုံလုပ်သားငါးဦး၊ ငါးမန်းဂိမ်း လာရောက်လောင်းကစားသူ ၁၅ဦး၊ စုစုပေါင်း ၂၁ ဦးအား ငါးမန်းဂိမ်းစက်ကြီးလေးလုံး၊ ငါးမန်းဂိမ်းစက်အသေးလေးလုံး၊ စက်အားလုံးကို ထိန်းချုပ်သည့် စက်ကြီးတစ်လုံး၊ ဆိုင်ကယ်ကိုးစီးနှင့် လောင်းကစားငွေကျပ် ၃၅၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ငါးမန်းဂိမ်းလောင်းကစားရုံမန်နေဂျာ မကြည်ပြာ အပါအဝင် ၂၁ ဦးအား မြစ်ကြီးနားမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တိုင်းဒေသကြီးသုံးခု နှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ရှာဖွေဖမ်းဆီးလျက်ရှိရာ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် မှ ၂၁ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှမ်းကိုင်း ညောင်ခါးရှည်ကျေးရွာလမ်းထိပ်မှ ဖော့လန်းခြောက်ဘီး အဖြူရောင်ယာဉ်ပေါ်မှ တောင်သရက်ခွဲသား ၁ ဒသမ ၃၆၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း နန်းတောင်ချောင်းဖျားခနိတောစပ်နေရာမှ ကတွတ်ခွဲသား ၆ ဒသမ ၉၃၅၆ တန် နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လယ်မချောင်းလက်တက်နေရာမှ ကျွန်း၊ ပျဉ်းကတိုး၊ သစ်လုံး/ခွဲသား/ဓားရွေ/တိုင် ၁၀ ဒသမ ၂၂၈၆ တန်တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် နောင်ချို-ကံကြီး-ရပ်စောက်ကားလမ်း၊ မကျီးရေးကျေးရွာ တောင်ဘက်တောစပ်နေရာမှ ကျွန်းသစ်လုံး ၉၀ ခန့်နှင့် ၂၂ ဘီးယာဉ်၏ နောက်တွဲနှစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ရာ ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# အလုံမြို့နယ်၌ ဈေးကပြန်လာသည့် အမျိုးသမီးတစ်ဦး ဆွဲကြိုးဖြတ်လုခံရ

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်ရပ်ကွက် အမှတ်(၇၈) လေးလွှာ (A) ငုဝါလမ်းနေသူ ဒေါ်ခင်သန်းသည် ယနေ့နံနက် ၇ နာရီခန့်က ဈေးကပြန်လာစဉ်တိုက်၏ ပထမထပ် လှေကားပေါ်အရောက် အသက် ၄၀ ခန့်ရှိ လူတစ်ဦးက ဓားဖြင့်လည်ပင်းကို ထောက်ကာ အလေးချိန်နှစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးကို ဖြတ်လုသွားကြောင်း သိရသည်။

၎င်း၏ခင်ပွန်းဖြစ်သူ ဦးတင်ဝင်းက နေအိမ်အောက်ထပ်မှ အော်သံကြားသဖြင့် သွားရောက်ကြည့်ရှုစဉ် ဇနီးဖြစ်သူ ဒေါ်ခင်သန်း၏ လည်ပင်းတွင် ပြတ်ရှဒဏ်ရာများ ရရှိနေသည်ကိုတွေ့ရသဖြင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းခံပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသခဲ့ရကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အရေးယူပေးရန် ဦးတင်ဝင်းကတိုင်တန်းသဖြင့် အလုံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# လူငယ်ချင်းစကားများရာမှ သံတုတ်ဖြင့် ရိုက်မှုကြောင့် တစ်ဦးသေဆုံး

**မိုးနဲ မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံကျေးရွာ ကြူတောဆည်တွင် လူငယ်အချင်းချင်းစကားများရန်ဖြစ်ရာမှ သံတုတ်ဖြင့် ရိုက်သဖြင့် အရိုက်ခံရသူမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က နားခံ ကျေးရွာနေ စိုင်းလင်း(ခ) စိုင်းသန်းဆုတို့သူငယ်ချင်တစ်စုနှင့် မိုးနဲမြို့လွိုင်မြေရပ်ကွက်နေ မျိုးသန့်နှင့် သူငယ်ချင်းတစ်စုတို့ ကြူတောဆည်ရှေ့ လမ်းဘေးတွင် အချင်းချင်းစကားများရန်ဖြစ်ရာမှ မျိုးသန့်မှာ အသင့်ပါလာသော အရှည်နှစ်ပေတစ်လက်မခန့်ရှိ သုံးဆစ်သံတုတ်ဖြင့် စိုင်းလင်း (ခ) စိုင်းသန်းဆု၏ ဦးခေါင်းအားရိုက်ရာ ဒဏ်ရာရရှိသဖြင့် လွိုင်လင်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးသွားသောကြောင့် တုတ်ဖြင့်ရိုက်သူ မျိုးသန့် အုပ်စု (၁) လွိုင်မြေရပ်ကွက်နေသူအား မိုးနဲမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်သာအောင်

(သံတွဲ)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီ၊ မြစပယ်ရိပ်သာလမ်း၊ အမှတ် ၁၄-(အေ)နေ (ဦးကြီးအောင်-ဒေါ်ငွေစိန်)တို့၏သား၊ ဒေါ်စောမြင့်၏ခင်ပွန်း၊ (ဒေါ်သန်းဆွေ)၊ ဒေါ်အုန်းမေ၊ ဦးလှကျော်အောင်-ဒေါ်အေးကြွယ်၊ ဦးလှဖော်အောင်-ဒေါ်ခင်စောတင့်၊ ဦးရဲထွန်း-ဒေါ်ခင်ခင်ဝင်းတို့၏အစ်ကို၊ ဒေါ်လဲ့လဲ့နှင်း၊ ဒေါက်တာခင်ခင်နှင်း၊ ဦးတင်ထွဋ်အောင်တို့၏ဖခင်သည် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ထွန်း

**အသက်(၈၆)နှစ်**

ဒေါက်တာခင်ဆွေဝင်း (ပါမောက္ခ၊ ဌာနမှူး၊သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၏ဖခင်သည် ၂၀-၄-၂၀၁၉ရက်(စနေနေ့) ည၁၁း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု**
**ပဲခူးတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ညွန့် BE(Mech:)(1969 Batch)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**
**ဉက္ကဋ္ဌ၊ ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

**အသက်(၇၄)နှစ်**

ဦးကျော်ညွန့် ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၀-၄-၂၀၁၉ရက်(စနေနေ့)ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လ/ထညွှန်ကြားရေးမှူး(စက်မှု)နှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၃)၊**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့**

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်းမိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြင့် သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိရေတွင် နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

---

## ဒေါ်ကြင်ဥ

(ဟိုပင်)

**အသက်(၈၁)နှစ်**

ကချင်ပြည်နယ်၊ ဟိုပင်မြို့နေ (ဦးဘလယ်-ဒေါ်အီ)တို့၏သမီး၊ (ဦးဘိုးထွန်း-ဒေါ်ဖွားဆိုင်) တို့၏သမီးချွေးမ၊ ဦးသန်းထွန်း၏ဇနီး၊ ဦးအောင်ကျော်ထွန်း-ဒေါ်ထုလွမ်၊ ဒေါ်သင်းသင်းထွန်း၊ ဒေါ်အေးအေးထွန်း၊ (ဦးနိုင်အောင်ထွန်း)-ဒေါ်သက်မာချော၊ ဦးခိုင်အောင်ထွန်း-ဒေါ်ခင်မာဝေ၊ ဒေါက်တာလှိုင်အောင်ထွန်း-ဒေါက်တာမူမူမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ၁မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးကျင်စန်း(ခ)ဦးအင်တိတ်

(ကော့သောင်း)

**အသက်(၆၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ (၃)မိုင်၊ ဗန္ဓုလလမ်း၊ အမှတ်၁၃၆နေ (ဦးငင်-ဒေါ်ငေါ်)တို့၏သား၊ ဒေါ်ယု၏ခင်ပွန်း၊ ဒေါ်ကတ်ပွာ၊ (ဒေါ်အော့ကြူ)၊ ဦးကျင်းဖိန်-ဒေါ်ရင်ကြူတို့၏မောင်၊ ဒေါ်ကျင်လွမ်၏အစ်ကို၊ ဦးအကျူ-ဒေါ်နန်းစိန်ဦး၊ ဦးမောင်မောင်၊ ဦးအောင်အောင်တို့၏ဖခင်သည် ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်စိုးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်ရီ (သံတွဲ)

**ဆ.သ.ရ(ငြိမ်း)**

**အသက်(၇၄)နှစ်**

ဦးဖိုးတုတ်-ဒေါ်စီစီတို့၏သမီး၊ ဦးညွန့်ဝေ(ဆ.သ.ရ)(ငြိမ်း)၏ဇနီး၊ မအေးအေးသီ၊ မောင်ပြည့်ဦးဝေ-မခင်မိုးအေး၊ မောင်ဝင်းထွဋ်ဝေတို့၏မိခင်၊မြေး နှစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၉ရက် ည ၇း၄၅ နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် ၃၃၇ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဦးမောင်လုံး (ပုဏ္ဏားကျွန်းမြို့နယ်)

**အသက်(၈၃)နှစ်**

ဦးမောင်လုံး(ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ ညောင်နှစ်ပင်အမျိုးသားညီလာခံကိုယ်စားလှယ်)သည် ၂၀-၄-၂၀၁၉ရက် (စနေနေ့)တွင် ၎င်းနေထိုင်သော ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြတ်လဲကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါမြတ်လဲကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးစောထွန်းဦးနှင့်ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်ဇော်

**အသက်(၈၃)နှစ်**

သူငယ်ချင်း ကိုမောင်မောင်သင်-မစန္ဒာဇော်တို့၏ဖခင် ဦးခင်ဇော်သည် ၂၁-၄-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1994 Batch (ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန)မှ**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်

**အသက်(၈၂)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် နံနက် ၁၀း၁၅နာရီတွင် ရမည်းသင်းမြို့၊ ကောင်းမြတ်သုခဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်

**အသက်(၈၂)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် နံနက် ၁၀း၁၅နာရီတွင် ရမည်းသင်းမြို့၊ ကောင်းမြတ်သုခဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်

**အသက်(၈၂)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် နံနက် ၁၀း၁၅နာရီတွင် ရမည်းသင်းမြို့၊ ကောင်းမြတ်သုခဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## ဒေါ်လှမြိုင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျဖလမ်း(ယာ)၊ အမှတ် ၂၇နေ (ဦးမြမောင်-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်ငွေစိန်)တို့၏သမီးချွေးမ၊ (ဒေါ်သန်းရီ)၏ညီမ၊ ဒေါ်ယဉ်ထွေး၏အစ်မ၊ (ဦးညွန့်ရွှေ) ၏ဇနီး၊ ဒေါ်တင်တင်ဆွေ၊ ဦးနန်းဆွေ-ဒေါ်နုနုလွင်၊ ဦးဝင်းလွင်-(ဒေါ်သင်း သင်းခိုင်)၊ (ဦးလွမ်းထွေး)၊ ဦးမောင်မောင်သက်-ဒေါ်မွန်မွန်အောင်၊ ဦးအောင်မျိုးသက်-ဒေါ်နှင်းနှင်းဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၃း၃၇ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်လွင်

**(BE.Mechanical ,72-73 Batch)**

**အသက်(၇၁)နှစ်**

မော်လမြိုင်မြို့၊ မော်တင်လိန်းဂျဒ်ဆင်(အထက-၆)ကျောင်းသားဟောင်း ဦးခင်မောင်လွင်သည် ၂၂-၄-၂၀၁၉ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မော်တင်လိန်းဂျဒ်ဆင်ကျောင်းသား/ကျောင်းသူဟောင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်းနေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ ဦးထွန်းလှသည် ၂၀-၄-၂၀၁၉ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မနူဟာဘုရားကြီးဂေါပကအဖွဲ့**
**မြင်းကပါရွာ၊ ပုဂံညောင်ဦးမြို့နယ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာတော်ဦးဇဝန(ခ) ဦးစိန်အောင်

**သက်တော်(၈၁)နှစ် သိက္ခာတော်(၁၉)ဝါ**

ဦးအောင်ကျော် (1994 Sr Agri)၏ဖခင် ဆရာတော် ဦးဇဝန(ခ)ဦးစိန်အောင်သည် ၁၄-၄-၂၀၁၉ရက်တွင် ပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1994 Sr စိုက်ပျိုးရေးတက္ကသိုလ်**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်တီ(ခ)အန်ကင်တီ (ခြသေ့်မင်းဆီစက်)

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၂နေ (ဦးပေါက် စီ)၏ဇနီး၊ ဒေါက်တာဦးလှမွန်(ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါက်တာတင်တင်မြင့်၊ ဦးစိုးသက်(အင်/ရာမှူးကြီး-ငြိမ်း)၊(ပဆင) ဒေါက်တာဒေါ်လှလှမြင့်၊ ဦးဇော်အောင်-ဒေါ်သန်းသန်းအေး၊ ဦးခင်အောင်(ဘူမိ ၇၄-D.A.G )-ဒေါက်တာတင်တင်ရီ(O.G/T.W)၊(ဦးမြင့်အောင်)-ဒေါ်အေးအေးမူ(အထက-၂၊လသာ)၊ ဦးမျိုးအောင်၊ ဦးနိုင်အောင်-ဒေါ်နီနီဝင်းတို့၏မိခင်၊ ဒေါက်တာစိမ့်ဝင့်ရည်(USA)၊ ဒေါက်တာကျော်စိုးမွန်(USA)၊ ဒေါက်တာအေမီမွန်(USA)၊ စိုးလဲ့ရည်(USA)၊ ကေသီစိုး(USA)၊ ကျော်ထွန်းအောင်၊ သန်းထွန်းအောင်၊ ဒေါက်တာ-Richard Huang (USA), Huang Hao Ting ၊ အေးနန္ဒာအောင်၊ နှင်းအိမ်ဝန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြမြ (သန်လျင်/ခရမ်း)

**ကျန်းမာရေးဆရာမ(ငြိမ်း)**

**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏သမီး၊ (ဦးစိုးမြင့်-ဒေါ်အုန်းတင်)၊ (ဦးချစ်လှိုင်-ဒေါ်ခင်စု)၊ (ဦးချစ်လှိုင်)-ဒေါ်သိန်းသိန်းတို့၏ညီမ၊ (ဦးတင်မြင့်-ဒေါ်ယဉ်နု)တို့၏အစ်မ၊ (ဦးမြင့်စိုး)ကျန်းမာရေးဝန်ကြီးဌာန၏ဇနီး၊ (ဦးကျော်ဇော်ဦး)၊ ဦးသိန်းလွင်-ဒေါ်ခင်မြင့်ဦး၊ ဗိုလ်မှူးကျော်မြင့်ဦး(ငြိမ်း)-ဒေါ်နန်းခင်သီတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လွင် (B.E Mechanical 72-73 Batch)

**မော်လမြိုင်မြို့၊ မော်တင်လိန်းဂျဒ်ဆင်ကျောင်းသားဟောင်း**
**စက်ရုံမှူး(ငြိမ်း)၊ ရေနံဓာတုဓာတ်ငွေ့ရည်စက်ရုံ၊ မင်းဘူးမြို့**
**ဒု-ညွှန်မှူး၊ ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၇၁)နှစ်**

(ဦးလှဖေ-ဒေါ်ငြိမ်းလှိုင်)တို့၏သား၊ ဒေါ်မြမြစန်း(လေ့ကျင့်ရေးကျောင်း၊ ဆရာ အတတ်သင်သိပ္ပံ)၏ခင်ပွန်း၊ ဗိုလ်မှူးကျော်လင်း-ဒေါ်မိုးသန္တာဦး၊ ဦးမြတ်ကျော် (NTR Myanmar Co.,Ltd)-ဒေါ်ခင်သီတာထိုက်(AJU Myanmar Co.,Ltd.)၊ဦးနေမျိုး လင်း (Pungkook Myanmar Co.,Ltd)တို့၏ဖခင်သည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၀၀း၄၀နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ယုဇနဉယျာဉ်မြို့တော်၊ တိုက် ၆၊ အခန်း ၄၀၂၊ ၇လမ်း၊ (A)ဘလောက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ချယ်ရတီဖိုးလှု(ခ)ဒေါ်မြစိန် အသက်(၇၇)နှစ်

**စိန့်မေရီဒိုင်အိုစီဇင်ကျောင်းဆရာမဟောင်း**
**စိန့်ဂျွန်းကွန်ဗင့်ကျောင်းဆရာမဟောင်း**
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC)**
**အထက်တန်းပြဆရာမ(ငြိမ်း)**

(ဘုန်းတော်ကြီးဦးဖိုးလှု-ရေချယ်ဒေါ်ပု)တို့၏သမီး၊ ဦးပီတာထွေးလှိုင်၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူရလှိုင်-ဒေါ်နော်ဥမ္မာကျော်၊ (ကျော်နန္ဒလှိုင်)၊ ဦးကျော်သီဟလှိုင်-ဒေါ်စောသန္တာအေးတို့၏ချစ်လှစွာသောမိခင်၊ နော်ဖူးယမုံလှိုင်၊ သမုံလှိုင်၊ Olivia စံရတီလှိုင်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၇း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိက္ခလဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Caroline(ခ) ဒေါ်ခင်မေလွင်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၅၆)၊ အခန်း(၆/ခ)နေ (ဦးငွေတင် Wilson Pastina-ဒေါ်တီ Dora Pastina)တို့၏သမီး၊ (ဦးပွ-ဒေါ်မြမြ)တို့၏သမီးချွေးမ၊ (ဦးချစ်ကိုကို)(လေကြောင်းဦးစီး) ၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်ကြည်)၊ (ဦးဘာနတ်-ဒေါ်ကြည်ကြည်)၊ (ဦးတင်ဝင်း-ဒေါ်ရီရီ)၊ (ဦးစိုးလွင်-ဒေါ်စိန်စိန်)၊ ဒေါ်လှတို့၏ညီမ၊ Ann Rose သဇင်အောင်(KHIRI Travel), Sr.Theresa Kay Thi Aung Aung(FMM)၊ မောင်ထူးထူးအောင်(B.Sc,Physics)တို့ ၏မိခင်သည် ၂၁-၄-၂၀၁၉ရက် ညနေ ၅း၃၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် St.Francis of Assisi ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆုတောင်းခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အိုင်ဗရီကိုစ့်နိုင်ငံတွင် မြန်မာ့ဆန်များ ဖျက်ဆီးခြင်းခံရသည့်ကိစ္စနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ ရှင်းလင်း၊ မြန်မာ့ဆန်အရည်အသွေးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ပြောကြား

**ရန်ကုန် မေ ၂၂**

အိုင်ဗရီကိုစ့်နိုင်ငံတွင် စားသုံးရန်မသင့်ဟုဆိုကာ မြန်မာ့ဆန်များ ဖျက်ဆီးခြင်းခံရသည့်ကိစ္စရပ်သည် မြန်မာ့ဆန်အရည်အသွေးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ယနေ့ မွန်းလွဲ ၃ နာရီက ပြုလုပ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ၊ ဖြစ်စဉ်အကြောင်းတရားများအပေါ် သတင်းမီဒီယာတွေ့ဆုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ဆန်အရည်အသွေးနဲ့ အခုဖြစ်တဲ့ကိစ္စနဲ့က ဘာမှမသက်ဆိုင်ပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ကုန်သည်တွေ၊ ဆန်ပြည်ပတင်ပို့တဲ့သူတွေအားလုံးဟာ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းကို တတ်နိုင်သမျှလိုက်လျောညီထွေရှိအောင်၊ ကိုက်ညီအောင် ကြိုးစားပြီးတော့ တင်ပို့နေပါတယ်။ ပြည်တွင်းစားသုံးတဲ့ဆန်တွေဟာ စားသုံးသူတွေအနေနဲ့ စိုးရိမ်စရာမရှိပါဘူး။ မြန်မာနိုင်ငံရဲ့ ဆန်တွေဟာ ဥရောပနိုင်ငံတင်ပို့တယ်၊ ဂျပန်နိုင်ငံတင်ပို့တယ်၊ အခြားနိုင်ငံတွေကိုလည်း တင်ပို့တယ်။ ဒီလိုတင်ပို့တဲ့ဆန်တွေဟာ တန်းမြင့်ဆန်ဖြစ်ပါတယ်။ ပြည်တွင်းမှာစားသုံးနေတဲ့ ပေါ်ဆန်းတို့၊ ရွှေဘိုပေါ်ဆန်းတို့ ဆန်တွေဟာလည်း အရည်အသွေးမြင့်တဲ့ဆန်တွေဖြစ်ပါတယ်"ဟု ဦးရဲမင်းအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ စုံစမ်းစစ်ဆေးလျက်ရှိပြီး Ocean Princess သင်္ဘောသည် စက်တင်ဘာ ၁၅ ရက်ကစ၍ မြန်မာနိုင်ငံမှ ထွက်ခွာပြီး အာဖရိကနိုင်ငံများတွင် ဆန်များရောင်းချလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် ၁၀ လခန့် ကြာမြင့်နေပြီး *စာမျက်နှာ ၁၀ ကော်လံ ၁* ✻



အိုင်ဗရီကိုစ့်နိုင်ငံတွင် စားသုံးရန်မသင့်ဟုဆိုကာ မြန်မာဆန်များ ဖျက်ဆီးခြင်းခံရသည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စိစစ်လေ့လာတွေ့ရှိချက်များ၊ ဖြစ်စဉ်အကြောင်းတရားများအပေါ် သတင်းမီဒီယာတွေ့ဆုံရှင်းလင်းပွဲ ပြုလုပ်စဉ်။ ဓာတ်ပုံ-ထိန်လင်း




ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဖိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အသင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-MFF

## ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဖိုလ်စွဲ

**ဟောင်ကောင် မေ ၂၂**

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စု နောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းက ဟောင်ကောင်၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ချန်ပီယံဆုရရှိခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် မြန်မာအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အိမ်ရှင်ဟောင်ကောင်နှင့် ဗီယက်နမ်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သောကြောင့် မြန်မာအသင်းက ခုနစ်မှတ်ဖြင့် ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်း သရေကျခဲ့သောကြောင့် စင်ကာပူအသင်းကို အနိုင်ရခဲ့သည့် မြန်မာအသင်းသည် *စာမျက်နှာ ၁၂ ကော်လံ ၅* ❍

ယနေ့ မာတိကာ

မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသည့် လူနာ ကုသရေးဌာနများ ဖွင့်လှစ်တော့မည် စာမျက်နှာ » ၉

နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် AA အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ် စာမျက်နှာ » ၁၃

အလုံမြို့နယ်၌ ဈေးကပြန်လာသည့် အမျိုးသမီးတစ်ဦး ဆွဲကြိုးဖြတ်လုခံရ စာမျက်နှာ » ၂၇

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

MYANMAR EDUCATION CENTRE

မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

မေလ ၃ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၅၀၀၀ |
| ပထမတန်း | ၄၅၀၀၀ |
| ဒုတိယတန်း | ၄၅၀၀၀ |
| တတိယတန်း | ၄၅၀၀၀ |
| စတုတ္ထတန်း | ၅၀၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၅၀၀၀၀ |
| ဆဋ္ဌမတန်း | ၅၀၀၀၀ |
| သတ္တမတန်း | ၅၀၀၀၀ |
| အဋ္ဌမတန်း | ၅၅၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၆၀၀၀၀ |
| ဒသမတန်း | ၇၀၀၀၀ |

*လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။*

- နိုင်ငံတော်မှချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအပြင် ထပ်ဆောင်း၍ အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း ပညာရပ်များကိုထည့်သွင်းသင်ကြားပေးနေပါသည်။
- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန်နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက် Study Guide အချိန်များ ရှိပါသည်။ (Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၅ ၅၀၅၅၂၀၃၊ ၀၉ ၅၁၀ ၂၃၃၃၊ ၀၉ ၉၅ ၅၁၀ ၂၃၃၃

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမြှုပ်နှံထားသော ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၂၃၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပိုပြီးအာရုံစိုက်နိုင်အောင်နဲ့ စူးစမ်းလေ့လာနိုင်အောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသစ် ဖွဲ့စည်းခဲ့တာဖြစ်

တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ ဓာတ်ပုံ - ထိန်နန်နော်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

“ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာတွေ လိုအပ်ပါတယ်။ စီးပွားရေး တိုးတက်မှုရဖို့၊ ဘဏ္ဍာရေးအခြေအနေကောင်းမွန်ဖို့ ရင်းနှီးမြှုပ်နှံမှုရရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ကုလသမဂ္ဂနဲ့၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆန္ဒရှိပေမယ့် နည်းပညာနဲ့ အတတ်ပညာတွေ လိုအပ်တဲ့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာ၊ ငွေကြေးအကူအညီတွေ ရရှိအောင်၊ ODA Loan တွေ ရရှိအောင် ဆောင်ရွက်နေပါတယ် ”

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ရည်ရွယ်ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ ရည်ရွယ်ကြိုးပမ်းလျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာ ကာလအတွင်း ဖွဲ့စည်းခဲ့သည်။

အချပ်ပို(ခ)သို့




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း **Invest Myanmar Summit 2019** ဒုတိယနေ့အခမ်းအနားတွင် ပါဝင်ဆွေးနွေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပသည့် (၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံ တက်ရောက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နီပေါနိုင်ငံသမ္မတ **H.E. Mrs. Bidya Devi Bhandari** အား နီပေါသမ္မတ အိမ်တော်၌ သွားရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**အချပ်ပို(က)မှ**

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် ၈၇/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် လေးလတာကာလကို ဖြတ်သန်းခဲ့ပြီးဖြစ်ရာ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဆိုပါဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည် -

**မေး။ ။နိုင်ငံတော်အစိုးရရဲ့တတိယ (၁)နှစ်တာကာလအတွင်း အသစ်ဖွဲ့စည်းလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်နေတဲ့ အခြေအနေကို သိရှိပါရစေ။**

ဖြေ။ ။ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီလိုဖွဲ့စည်းခဲ့ရာမှာလည်း ဝန်ထမ်းအသစ်တွေနဲ့ ဖွဲ့စည်းတာမျိုး မဟုတ်ပါဘူး။ အရင်ရှိပြီးသားဖြစ်တဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစီးဌာန နှစ်ခုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနဲ့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီလို အတွေ့အကြုံရှိပြီးသား ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် လုပ်ငန်းတွေကို အောင်အောင်မြင်မြင်နဲ့ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။

အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ရှိဖို့လိုလာပါတယ်။ ကျွန်တော်တို့ နိုင်ငံက ပထဝီအနေအထားအရ ဆိုရင် နေရာကောင်းရထားတဲ့ နိုင်ငံတစ် နိုင်ငံဖြစ်ပါတယ်။ လူဦးရေအားဖြင့် သင့်မြတ်တဲ့ လူဦးရေ ရှိပါတယ်။ လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းပကားတွေလည်း ရှိကြပါတယ်။

အဲဒီလိုအခြေအနေမှာ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ အာဆီယံ နိုင်ငံတွေက ဝန်းရံထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုရမယ်ဆိုရင် ရည်မှန်းထားတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့၊ သာယာဝပြောတဲ့ နိုင်ငံတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပိုပြီး အာရုံစိုက်နိုင်အောင်နဲ့ စူးစမ်းလေ့လာနိုင်အောင် ဝန်ကြီးဌာနအသစ် ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

**အချပ်ပို(ဂ)သို့**




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ သီလဝါအထူးစီးပွားရေးဇုန်ရှိ **One Stop Service Center** တွင် လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



အချပ်ပို(ခ)မှ

စတင်ဖွဲ့စည်းလိုက်တဲ့ အခုနှစ်အတွင်းမှာ ရလဒ်ကောင်းတွေ ရရှိနေပြီ ဖြစ်ပါတယ်။

**မေး။ ။ဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းတဲ့အချိန်က အခြေအနေကို သိပါရစေ။**

ဖြေ။ ။ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အဆောက်အဦ ရုံးအမှတ်(၁)ကို နေရာယူပြီး လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားက စောစောက ပြောခဲ့သလို ဦးစီးဌာနနှစ်ခုမှာရှိတဲ့ ရှိပြီးသား ဝန်ထမ်းတွေနဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး။ ။ဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းတဲ့အချိန်ကနေ ဖြတ်သန်းခဲ့တဲ့ ကာလအတွင်း ရရှိလာတဲ့ တိုးတက်မှုအခြေအနေကို သိပါရစေရှင့်။**

ဖြေ။ ။ဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်း တာဝန်ယူချိန်ကစပြီး သွက်သွက်လက်လက်နဲ့ ပြည်တွင်းပြည်ပမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လွယ်ကူစေအောင် ပတ်ဝန်းကျင်သစ်တစ်ခုကို ဖန်တီးပေးနေတာ ဖြစ်ပါတယ်။

အထူးသဖြင့် မီးမောင်းထိုးတင်ပြချင်တာက One Stop Shop ကို စတင်တည်ထောင် ခဲ့ပါတယ်။ One Stop Shop ဆိုတဲ့နေရာမှာ တစ်နေရာတည်းနဲ့ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမယ့် ပုဂ္ဂိုလ်တွေအတွက် သူတို့လိုအပ်တဲ့ ခွင့်ပြုချက်ကအစ၊ လုပ်ငန်းလိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိအောင် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းလုပ်ဖို့ လွယ်ကူချောမွေ့မှာ ဖြစ်တဲ့အတွက် ဒါကိုဦးစားပေး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခုက မြန်မာနိုင်ငံက လုပ်ငန်းတွေကို စိတ်ဝင်စားအောင် ဆောင်ရွက်နေတာ ရှိပါတယ်။ လုပ်ငန်းတွေကို စိတ်ဝင်စားအောင် ရင်းနှီးမြှုပ်နှံမှု ပြပွဲတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ လုပ်ခဲ့ပြီးပါပြီ။ ရခိုင်ပြည်နယ်မှာလည်း လုပ်ခဲ့ပြီးပါပြီ။ ချင်းပြည်နယ်အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ ဒေသထွက်ကုန်ပြပွဲကို ရန်ကုန်တိုင်းဒေသကြီးမှာ အများသိအောင် ဆောင်ရွက်ခဲ့တာရှိပါတယ်။ နေပြည်တော်မှာ ယခုနှစ်ဆန်း ပိုင်းက Invest Myanmar Summit ဆိုပြီး ပြည်တွင်း သာမက ပြည်ပက လုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေ လာရောက်လေ့လာနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ဦးစီးဌာနတွေရဲ့ တာဝန်ယူဆောင်ရွက်နေတဲ့ အပိုင်းကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ဝန်ကြီးဌာနရဲ့ ဦးစီးဌာန နှစ်ခုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန တို့ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ရင် ဒီဦးစီးဌာနမှာ အဆိုပြုချက်တွေ တင်သွင်းရပါတယ်။

ဒီအဆိုပြုချက်တွေကို စိစစ်ပြီး နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးထားတဲ့ Myanmar Investment Commission(MIC)ကို အဆိုပြုချက်တွေ ထပ်တင်ပေးရပါတယ်။ အဲဒီ ကော်မရှင်မှာ စိစစ်ပြီး ခွင့်ပြုပေးတာ ဖြစ်ပါတယ်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနကို FERD ဆိုပြီး အများကသိကြပါတယ်။ ဌာနအနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အစည်းအဝေးတွေ၊ အာဆီယံ၊ ဂျီအမ်အက်စ် စီးပွားရေးနဲ့ ပတ်သက်တာတွေအတွက် နိုင်ငံတကာမှာ မြန်မာနိုင်ငံအနေနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်အောင် ချိတ်ဆက်ပေးတဲ့ ဌာနဖြစ်ပါတယ်။

အချပ်ပို(ဃ)သို့



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 ၌ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ပြခန်းကို ကြည့်ရှုစဉ်။




ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမတို့ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း စီမံချက်အတွက် ဂျပန်ယန်း ၄၄၄ သန်းနှင့် လေယာဉ်စောင့်ကြပ်ကြည့်ရှုစနစ်မြှင့်တင်ခြင်း စီမံချက်အတွက် ဂျပန်ယန်း ၂၈၂၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးစဉ်။




အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးအတွက် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန်ရှိ Myanmar Pou Chen စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

အချပ်ပို(ဂ)မှ

**မေး။ ။နိုင်ငံတကာအပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်ကို ပါဝင်ဆောင်ရွက်နေတဲ့ အခြေအနေကို ပြောပြပေးပါဦး။**

**ဖြေ။** ။အာဆီယံစီးပွားရေးမဏ္ဍိုင်မှာ ဝန်ကြီးဌာနက အေအီးစီ နိုင်ငံကိုယ်စားပြု ဆောင်ရွက်နေတာ၊ ဆွေးနွေးနေတာ ရှိပါတယ်။ ဒါကလည်း နိုင်ငံတကာနဲ့တန်းတူ ရင်ပေါင်တန်းနိုင်အောင် ပါဝင်ဆွေးနွေး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး။ ။အာဆီယံဒေသတွင်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိပါရစေ။**

**ဖြေ။** ။လောလောဆယ်မှာ အာဆီယံ အပေါင်းခြောက်နိုင်ငံ ဆောင်ရွက်နေတဲ့ RCEP လို့ခေါ်တဲ့ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ အဲဒီမှာ ဒေသတစ်ခုလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင်၊ စီးပွားရေးအနေနဲ့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ဆွေးနွေးနေပါတယ်။

RCEP မှာ တရုတ်၊ ဂျပန်၊ သြစတြေးလျ၊ ကိုရီးယား၊ နယူးဇီလန်နဲ့ အိန္ဒိယတို့ ပါဝင်ပါတယ်။ စီးပွားရေးမှုတွေ လွယ်ကူအောင်၊ ကုန်သွယ်မှုတွေ လွယ်ကူအောင် ညှိနှိုင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

**မေး။ ။နိုင်ငံတကာနဲ့ မြန်မာနိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှုတွေကို သိပါရစေ။**

**ဖြေ။** ။နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာတွေ လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်မှုရဖို့၊ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်ဖို့ ရင်းနှီးမြှုပ်နှံမှုရရှိဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ကုလသမဂ္ဂနဲ့၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆန္ဒရှိပေမယ့် နည်းပညာနဲ့ အတတ်ပညာတွေ လိုအပ်တဲ့အတွက် နိုင်ငံတကာနဲ့ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာ၊ ငွေကြေးအကူအညီတွေ ရရှိအောင်၊ ODA Loan တွေရရှိအောင် ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့နိုင်ငံက အာဆီယံဒေသတွင်းနဲ့ နိုင်ငံတကာမှာ တက်တက်ကြွကြွ ဆောင်ရွက်တဲ့အခါ အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင် ဆိုတဲ့အတိုင်း ဆောင်ရွက်နေပါတယ်။ စီးပွားရေးအပိုင်းမှာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေအနေနဲ့ တိုးတက်မှုရဲ့ ခံစားခွင့်တွေရရှိအောင်၊ လူနေမှုအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။မြန်မာနိုင်ငံက ပါဝင်ညှိနှိုင်းဆွေးနွေးပြီး အောင်မြင်စွာနဲ့ လက်မှတ်ရေးထိုးနိုင်တဲ့ သဘောတူစာချုပ်တွေကို သိပါရစေရှင့်။**

**ဖြေ။** ။မြန်မာနိုင်ငံအနေနဲ့ အာဆီယံ - ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နဲ့ အာဆီယံ - ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကိုပြင်ဆင်တဲ့ ပထမအခြေပြစာချုပ်၊ အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ရဲ့ ဒသမအသုတ် ကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြစာချုပ်၊ အာဆီယံ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်နဲ့ အာဆီယံ - ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကိုပြင်ဆင်တဲ့ ပထမအခြေပြစာချုပ်တို့ ဖြစ်ပါတယ်။

**မေး။ ။နိုင်ငံတော်အစိုးရအနေနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းတွေအကြားမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းရပ်တွေနဲ့ မူဝါဒချမှတ်ပြီး ဆောင်ရွက်နေတာတွေကို သိရှိလိုပါတယ်။**

**ဖြေ။** ။ရင်းနှီးမြှုပ်နှံမှုသဘာဝနဲ့ ပတ်သက်ပြီး ဥပမာအနေနဲ့ နှိုင်းယှဉ်ပြောရရင် ဗျိုင်းအုပ်ကြီးတွေက ရေပြင်သာယာတဲ့နေရာမှာ ဆင်းသက်နေထိုင်ကြတာရှိသလို၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုမ္ပဏီတွေက သူတို့အတွက် ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံကြတာ ဖြစ်ပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ လုပ်ဆောင်ရတာတွေ အဆင်ပြေချောမွေ့မယ်ဆိုရင် သူတို့ လာရောက်ရင်းနှီးမြှုပ်နှံကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပတ်ဝန်းကျင်ကို ဖန်တီးဆွဲဆောင်နေတာမျိုး ရှိပါတယ်။ Ease of Doing Business အတွက် လွယ်ကူအောင် ဆောင်ရွက်ပေးနေပါတယ်။

ကုမ္ပဏီတစ်ခု ထူထောင်မယ်ဆိုရင် လွယ်လွယ်ကူကူ မှတ်ပုံတင်ဆောင်ရွက်နိုင်အောင် အွန်လိုင်းစနစ် MyCo ကို ဆောင်ရွက်ထားပါတယ်။ အွန်လိုင်းပလက်ဖောင်းကနေ စာရင်းပေးပြီး နာရီပိုင်းအတွင်းမှာ မှတ်ပုံတင်နိုင်အောင် ဆောင်ရွက်ပေးနေပါပြီ။ အလားတူ အပြောင်းအလဲတွေရရှိအောင် ဆောင်ရွက်နေပါပြီ။ ပြီးတော့ ဥပဒေပိုင်းအရ ပြောင်းလဲမှုတွေနဲ့ အုပ်ချုပ်ရေးအရ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေပါတယ်။

**မေး။ ။နိုင်ငံတကာကနေ ရင်းနှီးမြှုပ်နှံမှုရရှိအောင် ဆောင်ရွက်နေတဲ့ အခြေအနေကို သိပါရစေရှင့်။**

**ဖြေ။** ။နိုင်ငံတကာနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းသတင်းတွေနဲ့ အခြေအနေအမှန်တွေသိအောင် ပြည်ပကို ကိုယ်စားလှယ်အဖွဲ့တွေစေလွှတ်ပြီး ဆောင်ရွက်နေတာ ရှိပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ မကာအို၊ ကိုရီးယားနဲ့ ဂျပန် စတဲ့နိုင်ငံတွေမှာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအမှန်တွေကို သိရှိအောင် သွားရောက်ဆွေးနွေးနေတာ ရှိပါတယ်။ ဒီလိုဆွေးနွေးမှုတွေကနေ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာရှိပါတယ်။

ဥပမာအနေနဲ့ တရုတ်နိုင်ငံ ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းတွေ လာပြီး လုပ်ကိုင်ကြသကဲ့သို့ ထိုင်း၊ စင်ကာပူနဲ့ တခြားနိုင်ငံတွေက လာရောက်လုပ်ကိုင်တာ ရှိပါတယ်။ မြန်မာနိုင်ငံကို အရင်ကထက်စာရင် စိတ်ဝင်စားလာကြပြီး ပိုပြီး လာရောက်လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။

**မေး။ ။ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်သူတွေသိရှိအောင် ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါဦး။**

**ဖြေ။** ။အဓိကပြောချင်တာက ကျွန်တော်တို့နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့စာရင် ပထဝီအနေအထားအရ၊ ပြည်သူလူထုရဲ့ အနေအထားအရ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးရရှိနိုင်မယ့် အခွင့်အလမ်းတွေ ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒါကြောင့် အရင်ထက်စာရင် မကြာခင်ကာလမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

**ယခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**



ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ သံတွဲမြို့နယ် ငပလီကမ်းခြေရှိ တံငါရွာ ငါးဖမ်းလုပ်ငန်းကို လေ့လာကြစဉ်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း - ကေကေ၊ ဓာတ်ပုံစုစည်း - အေးသန်း

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တတိယ(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများအပါအဝင် လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-**

**မေး။ ။တတိယ (၁) နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဘယ်လိုလုပ်ငန်းတာဝန်တွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာနိုင်ငံတော်ဥပဒေအသစ်အရ ၂၀၁၃ ခုနှစ်ကစပြီး သီးခြားရပ်တည်လာတဲ့ အဖွဲ့အစည်းဖြစ်လာခဲ့ပါတယ်။ ငွေကြေးတည်ငြိမ်ရေး (Monetary Stability)၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး (Financial System Stability)၊ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေး(Payment and Settlement System Development) တို့ကို အဓိကရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ရည်ညွှန်းငွေလဲလှယ်နှုန်းနဲ့ ပတ်သက်ပြီး ဈေးကွက်ကို ထင်ဟပ်စေတဲ့ ငွေလဲလှယ်နှုန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကစပြီး သတ်မှတ်ခဲ့ပါတယ်။ နိုင်ငံတော်ဘဏ် သုံးခု၊ ပုဂ္ဂလိကဘဏ် ၁၉ ခု၊ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခုတို့ကို နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်ပြုတဲ့ လိုင်စင်ကို ထုတ်ပေးထားပါတယ်။

ဒီဘဏ်တွေအနေနဲ့ နိုင်ငံခြားဘဏ်တွေမှာ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူ ဒေါ်လာတွေနဲ့ စာရင်းဖွင့်ခွင့်အပြင် Letter of Credit ဖွင့်ခြင်းကို ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါ့အပြင် Letter of Credit ဖွင့်ခြင်းကို ဂျပန်ယန်းငွေနဲ့ တရုတ်ယွမ်ငွေတို့ ဖွင့်ခွင့်ပေးထားပါတယ်။ Money Exchange Counter တွေမှာ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာအပြင် ထိုင်းဘတ်နဲ့ မလေးရှားရင်းဂစ်တွေနဲ့ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါတယ်။

**မေး။ ။ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာကျပ်ငွေနဲ့သာ အသုံးပြုဖို့ ညွှန်ကြားချက်ထုတ်ခဲ့တာကိုလည်း သိပါရစေ။**

ဖြေ။ ။မြန်မာနိုင်ငံမှာ နိုင်ငံရဲ့တရားဝင်ငွေကြေး မြန်မာကျပ်ငွေကိုသာ အသုံးပြုစေချင်တဲ့အတွက် မြန်မာကျပ်ငွေနဲ့ပေးချေဖို့၊ မြန်မာကျပ်ငွေနဲ့သာ ဈေးနှုန်းသတ်မှတ်ဖို့အတွက် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်အသိပေးခဲ့ပြီး ၂၀၁၈ခုနှစ်မှာ ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ထပ်မံအကြောင်းကြား အသိပေးခဲ့ပါတယ်။ ဗဟိုဘဏ်လက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း ညွှန်ကြားပေးဖို့ အကြောင်းကြားခဲ့ပါတယ်။

**အချပ်ပို(စ)သို့**


၄-၂-၂၀၁၉ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် **Mr. Yasuhisa Ojima**၊ အကြံပေးများဖြစ်ကြသော **Mr. Giorgi Barbakadz**၊ **Mr. Inwon Song** တို့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ဒါ့အပြင် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကာလတို နိုင်ငံခြားငွေလိုအပ်ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကြေးဖလှယ်မှုအစီအစဉ် (Currency Swap) ကို စီစဉ်ပေးထားပြီး နိုင်ငံတော်ရဲ့ ငွေကြေးစနစ်အပေါ် ပြည်သူတွေ အယုံအကြည်ပျက်ပြားစေတဲ့၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို မတည်မငြိမ်ဖြစ်အောင် ဈေးကစားခြင်းကို ဘယ်လိုနည်းလမ်းနဲ့မဆို ဆောင်ရွက်ခြင်း မပြုလုပ်ဖို့ ညွှန်ကြားချက်ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ထား**


နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။



မေ ၃ ရက်မှ ၅ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် တက်ရောက်စဉ်။

**အချပ်ပို(င)မှ**

ဒ့ါအပြင် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကာလတို နိုင်ငံခြားငွေလိုအပ်ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကြေးဖလှယ်မှုအစီအစဉ် (Currency Swap) ကို စီစဉ်ပေးထားပြီး နိုင်ငံတော်ရဲ့ ငွေကြေးစနစ်အပေါ် ပြည်သူတွေ အယုံအကြည် ပျက်ပြားစေတဲ့၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို မတည်မငြိမ်ဖြစ်အောင် စျေးကစားခြင်းကို ဘယ်လိုနည်းလမ်းနဲ့မဆို ဆောင်ရွက်ခြင်း မပြုလုပ်ဖို့ ညွှန်ကြားချက်ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ထားပါတယ်။

**မေး။ ။ ဒါနဲ့ဆက်စပ်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးကို အထောက်အကူပြုဖို့အတွက် ဥပဒေပြင်ဆင်နေတဲ့အပိုင်းကို သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးကို ပိုပြီးအထောက်အကူပြုဖို့အတွက် ၂၀၁၂ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်ဖို့စီစဉ်နေပါတယ်။ Monetary Gold နဲ့ Local Gold တွေကို သေချာစွာနဲ့ အဓိပ္ပာယ်ဖွင့်ဆိုစေချင်ပါတယ်။ မြန်မာနိုင်ငံနဲ့ အသင့်လျော်ဆုံးဖြစ်မယ့် ဥပဒေ၊ နည်းဥပဒေတွေ ထွက်လာဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် နိုင်ငံခြားကို မြန်မာနိုင်ငံက ပို့ကုန်တင်ပို့ခြင်းကနေရရှိတဲ့ငွေ (Export Proceed)အားလုံးကို မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဘဏ်နဲ့ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေနဲ့ သီးခြားရပ်တည် တည်ရှိလာတဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလေးပေးပြီးဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နဲ့ ဘဏ်ခွဲ ၁၈၀၀ ကျော်၊ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခု၊ ကိုယ်စားလှယ်ရုံး ၄၄ ခုရှိပါတယ်။ ဒီနှစ်အတွင်းမှာ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲနဲ့ လက်အောက်ခံဘဏ် (Subsidiaries)တွေ ခွင့်ပြုပေးဖို့ စီစဉ်နေပါတယ်။

ငွေရေးကြေးရေးဆိုင်ရာနည်းပညာ (Financial Technology)တွေ တိုးတက်လာတာနဲ့ အမျှ Internet Banking, Mobile Banking နဲ့ Mobile Financial Services ဝန်ဆောင်မှုတွေလည်း တိုးတက်လျက်ရှိပါတယ်။ ဒီလိုဘဏ်လုပ်ငန်း ဝန်ဆောင်မှုတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဘဏ်တွေအားလုံးအနေနဲ့ Core Banking System ရှိဖို့ လိုအပ်ပါတယ်။ တချို့ဘဏ်လုပ်ငန်းနဲ့ လက်လှမ်းမမီတဲ့ နေရာတွေမှာ ပြည်သူတွေအတွက် ဘဏ်တွေနဲ့ Financial Technical Services Providers တွေ ပူးပေါင်းပြီး မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှု(Mobile Banking Services) တွေ ပိုမိုပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း (NBFIs) တွေ၊ ငွေလဲကောင်တာ (Money Changers) တွေ၊ Mobile Network Operators - MNO တွေအနေနဲ့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျလိုက်နာပြီး ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေရဲ့ စာရင်းဇယားတွေကို ဗဟိုဘဏ်ကို မပျက်မကွက်ပေးပို့ဖို့ လိုအပ်ပါတယ်။

**အချပ်ပို(ဆ)သို့**

**ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်တွေဟာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီဖြစ်ဖို့ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ဖွင့်လှစ်လျက်ရှိတဲ့ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခုဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိကျစွာလိုက်နာလျက်ရှိ**



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ရန်ကုန်ဘဏ်ခွဲရှိ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာနမှ ငွေစက္ကူရေတွက်စစ်ဆေးမှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။


အချပ်ပို (စ) မှ

**မေး ။ ။ ဘဏ်လုပ်ငန်း အားကောင်းခိုင်မာဖို့ ဆောင်ရွက်နေတာတွေကို ပြောပြပေးဦးရှင့်။**

ဖြေ ။ ။ ၂၀၁၃ ခုနှစ်ကစပြီး ညွှန်ကြားချက် ၈၀ ကျော် ၉၀ နီးပါး ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်တွေဟာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီ ဖြစ်ဖို့ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ဖွင့်လှစ်လျက်ရှိတဲ့ နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ ၁၃ ခုဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိကျစွာ လိုက်နာလျက်ရှိပါတယ်။

မတည်ငွေရင်းလုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့်အမျိုးအစား သတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ခြင်းဆိုင်ရာ စည်းမျဉ်းတွေကို ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းစေဖို့ ချမှတ်ခဲ့ပါတယ်။ ဘဏ်တွေအနေနဲ့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာဆောင်ရွက်ပေးဖို့ လိုပါတယ်။

ပြီးတော့ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုပြီး နိုင်ငံတကာ အဆင့်အတန်းမီ ဖြစ်ဖို့အတွက် သင့်လျော်တဲ့ မှန်ကန်မှုရှိခြင်းဆိုင်ရာ ညွှန်ကြားချက် (Directive on Fit and Proper Criteria)၊ ဘဏ်ရဲ့ ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်(Directive on Directors of Bank)၊ ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက်(Directive on External Auditors of Banks)၊ ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက်(Relative Parties Directive)၊ အဓိကကျတဲ့ အကျိုးစီးပွားရယူခြင်းဆိုင်ရာ ညွှန်ကြားချက်(Directive on Acquisition of Substantial Interest) စတဲ့ ညွှန်ကြားချက် ၅ ခုကို ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်က ထုတ်ပြန်ခဲ့ပါတယ်။



၂-၁၀-၂၀၁၈ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် United States Department of the Treasury မှ Mr.Geoffrey Okamoto ၊ Acting Assistant Secretary ၊ International Finance and Development အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ဘဏ်တွေကို ကြီးကြပ်စစ်ဆေးရာမှာ ဘဏ်တွေကို သွားရောက်စစ်ဆေးခြင်း(On-Site Examination)နဲ့ ဘဏ်တွေက အစီရင်ခံစာတွေကို စစ်ဆေးခြင်း(Off-Site Examination) တွေကို ဆောင်ရွက်တဲ့အခါ ဆုံးရှုံးနိုင်ခြေကို အခြေခံပြီး စစ်ဆေးခြင်း (Risk-based Supervision) ကို နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စံသတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်တွေ ထုတ်ပြန်မှုကို သိပါရစေရှင့်။**

ဖြေ ။ ။ National Payment and Settlement Governing Committee ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃ ရက်မှာဖွဲ့စည်းပြီး နိုင်ငံတော်ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ Central Bank of Myanmar Financial Network System (CBM - Net) ကို JICA အကူအညီနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ CBM - Net နဲ့ ပမာဏကြီးမားတဲ့ ငွေပေးချေမှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခုအခါ Credit Card, Debit Card နဲ့ Prepaid Card တွေကို တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ပါတယ်။ Quick Reference - QR Code ကို Standardized ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ WeChat အသုံးပြုမှုကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သုံးလတာ စမ်းသပ်လျက်ရှိပါတယ်။

ဗဟိုဘဏ်က နှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်လျက်ရှိပြီး သုံးလတစ်ကြိမ် ငွေရေးကြေးရေး စာရင်းအင်းအစီရင်ခံစာ(Quarterly Financial Statistics Bulletin)ကို ထုတ်ပြန်လျက်ရှိပါတယ်။ ငွေကြေးမူဝါဒ အစီရင်ခံစာ (Monetary Policy Report)ကို ထုတ်ပြန်ပါတယ်။ ဒီအစီရင်ခံစာတွေကို ဗဟိုဘဏ်ရဲ့ Website မှာ တင်ထားပေးတယ်ဆိုတဲ့အကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

**မေး ။ ။ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်း လုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ နည်းပညာအကူအညီ ပံ့ပိုးမှုတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ဗဟိုဘဏ်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာနိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ IMF, ADB နဲ့ World Bank တို့နဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (SEACEN Centre)နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ဆီကနေ ကျွန်တော်တို့သိရှိလိုတဲ့ လုပ်ငန်းပိုင်းဆိုင်ရာနဲ့ နည်းပညာဆိုင်ရာတွေကို အမြဲတမ်း ဆွေးနွေးတိုင်ပင်လျက်ရှိပါတယ်။

အချပ်ပို (ဇ) သို့



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။

**❍ ဗဟိုဘဏ်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ IMF, ADB နဲ့ World Bank တို့နဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (SEACEN Centre)နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ဆီကနေ ကျွန်တော်တို့ သိရှိလိုတဲ့ လုပ်ငန်းပိုင်းဆိုင်ရာနဲ့ နည်းပညာဆိုင်ရာတွေကို အမြဲတမ်း ဆွေးနွေးတိုင်ပင်လျက်ရှိပါတယ်။**

**ဗဟိုဘဏ်မှ ထုတ်ဝေရောင်းချခဲ့သည့် စံချိန်မီ တစ်ကျပ်သား ရွှေဒင်္ဂါး ပုံစံသစ်**








မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ဝေရောင်းချခဲ့သည့် စံချိန်မီ တစ်ကျပ်သား ရွှေဒင်္ဂါးပုံ




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးစဉ်။

**အချပ်ပို(ဆ)မှ**

မြန်မာနိုင်ငံမှာရှိတဲ့ IMF ဌာနေကိုယ်စားလှယ်၊ ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာန (Bank Supervision)၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit)နဲ့ ငွေကြေးမူဝါဒဌာနတွေမှာ လုပ်ငန်းတွေဆောင်ရွက်လျက်ရှိတဲ့ IMF Long Term Advisors တွေဆီကနေ အကြံဉာဏ်တွေ ရယူခြင်း၊ သူတို့နဲ့ လုပ်ငန်းဆိုင်ရာတွေ ဆွေးနွေးခြင်းနဲ့ အတွေ့အကြုံတွေ ဖလှယ်ခြင်းတို့ကို ပြုလုပ်ကြပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတွေက ဗဟိုဘဏ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေ ဖလှယ်ခြင်း၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်ခြင်းမျိုးတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက ကျွမ်းကျင်သူတွေနဲ့ ဆက်သွယ်ပြီး ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ ငွေကြေးမူဝါဒ အကောင်အထည်ဖော်မှုကို ရှင်းပြပေးပါဦးရှင်။**


ဖြေ ။ ။ ငွေကြေးမူဝါဒကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံရဲ့ စီးပွားရေးအခြေအနေနဲ့ လိုက်လျောညီထွေရှိတဲ့ သီးသန့်ငွေကြေးပမာဏ (Reserve Money)ကို ရည်မှန်းသတ်မှတ်ပြီး ရည်မှန်းပမာဏရရှိအောင် ထိန်းကျောင်းတဲ့ ငွေကြေးမူဝါဒ မူဘောင် (Reserve Money Targeting Monetary Policy Framework)ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

ရည်မှန်းသတ်မှတ်ထားတဲ့ သီးသန့်ငွေကြေးပမာဏ(Targeted Reserve Money) ကို ရရှိအောင် ထိန်းသိမ်းရာမှာ အသုံးပြုတဲ့ ငွေကြေးမူဝါဒ နည်းလမ်းတွေ(Monetary Policy Instruments)က အတိုးနှုန်း(Interest Rate) မူဝါဒ၊ ဘဏ်တွေရဲ့ ဗဟိုဘဏ်မှာ ထားရှိရမယ့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) သတ်မှတ်ခြင်းနဲ့ ငွေရေးကြေးရေးဈေးကွက်မှာ အရောင်းအဝယ်ပြုလုပ်ခြင်း (Open Market Operation)တို့ ဖြစ်ပါတယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ငွေကြေးမူဝါဒနည်းလမ်း အသစ်တွေကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)နဲ့ ညှိနှိုင်းပြီး အမြဲတမ်းသုံးသပ်လျက်ရှိပါတယ်။


အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

**"မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတွေက ဗဟိုဘဏ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံတွေ ဖလှယ်ခြင်း၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်"**



၁၃-၃-၂၀၁၉ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဆွစ်ဇာလန်နိုင်ငံ **Bank for International Settlements (BIS)** မှ **Head of Back Office Controls** ၊ **Mr. Laurent Niaufre** နှင့်အဖွဲ့အား တွေ့ဆုံစဉ်။







မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များကို တွေ့ရစဉ်။